# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
## (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမစတင်မီမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း ထပ်မံပြင်ဆင်ချက်ဇယား ဖြန့်ဝေထားချက်မှာ ပြင်ဆင်ချက်လေးတစ်ခုတင်ပြရန် ရှိပါတယ်ခင်ဗျား။ ထပ်မံဖြန့်ဝေထားတဲ့မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း ထပ်မံပြင်ဆင်ချက်ဇယား စာမျက်နှာ ၁၈၊ အပိုဒ်(ဂ) မှာပါရှိတဲ့ စာကြောင်းရေ ၅ “ နှင့်လုပ်ငန်းရှင်ငယ်များ’’ ဆိုတဲ့စကားရပ်ကို ပယ်ဖျက်ဖို့ဖြစ်ပါတယ်ခင်ဗျား။ အပိုဒ်ခွဲ(ဂ) စာကြောင်းရေ ၅ “နှင့်လုပ်ငန်းရှင်ငယ်များ’’ဆိုသောစကားရပ်ကို ပယ်ဖျက်ပေးရန် ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အသိပေးတင်ပြရန်တစ်ခုရှိပါတယ်ခင်ဗျား။ အဲဒါကတော့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများ၏ နှစ်ပတ်လည်နေ့ဖြစ်သည့် ၂၀၁၂ ခုနှစ် ၊ ဇန်နဝါရီလ ၃၁ ရက် (အင်္ဂါနေ့) နေ့လယ် ၁၂း၀၀ နာရီတွင် Banquet Hall ၌ နေ့လယ်စာစားပွဲအခမ်းအနားကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ နေ့လယ်စာကို ကြက်သားဒံပေါက်၊ အချိုရည်တို့ဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးများ တက်ရောက်နိုင်ပါရန် အသိပေးဖိတ်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၄.၉၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်းဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်

တတိယပုံမှန်အစည်းအဝေး တတိယနေ့ ၃၀-၁-၂၀၁၂ ရက်နေ့တွင် အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဦးအေးမြင့်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၁ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) တန့်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်သည် ကိုယ်ရေးကိုယ်တာကိစ္စရှိပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၂) ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦးသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့မှ ၃-၂-၂၀၁၂ ရက်နေ့အထိ ခွင့် ငါးရက်အဖြစ်လည်းကောင်း၊

(၃) ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်သည် နေမကောင်းပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးသည် နေမကောင်းပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၆) မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်သည် အိန္ဒိယနိုင်ငံသို့သွားရောက်နေပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့မှ ၃-၂-၂၀၁၂ ရက်နေ့အထိခွင့် ငါးရက်အဖြစ်လည်းကောင်း၊

(၇) လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်နေပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့မှ ၃-၂-၂၀၁၂ ရက်နေ့အထိခွင့် ငါးရက်အဖြစ်လည်းကောင်း၊

(၈) စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသခံယူနေပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၉) ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းသည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့မှ ၃-၂-၂၀၁၂ ရက်နေ့အထိ ခွင့်ငါးရက်အဖြစ် လည်းကောင်း၊

(၁၀) ခင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေသည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ် လည်းကောင်း၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်တေဇာလွင်သည် နေမကောင်းပါသဖြင့် ၃၀-၁-၂၀၁၂ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ်လည်းကောင်း ခွင့်အဖြစ်ပေးပါရန် တင်ပြ လာပါသည်။

အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့်သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ လွှတ်တော်မှာ ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်း၊ ဖြေကြားရန်ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းအားလုံး မေးမြန်း၊ ဖြေကြားနိုင်ရန် မေးမြန်းမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖြေကြားမည့် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက လိုရင်းအချက်များကိုသာ တိုတိုရှင်းရှင်း မေးမြန်း၊ ဖြေကြားကြဖို့ ကြိုတင်ပြောကြားလိုပါတယ်။

**ဒီဇယ်သုံးမြစ်ရေတင်စီမံကိန်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်အား မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

**သူရဦးအေးမြင့်(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအေးမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ တပ်ရွာကျေးရွာမှာ တည်ဆောက်ထားတဲ့ ဒီဇယ်သုံး မြစ်ရေတင်စီမံကိန်းအား လျှပ်စစ်ဓာတ်အားသုံး မြစ်ရေတင်အဖြစ် ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝက်လက်မြို့နယ်၊ တပ်ရွာကျေးရွာမှာ နိုင်ငံတော်က ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှစတင်ပြီး ဧရာဝတီမြစ်မှ ဒီဇယ်သုံးမြစ်ရေတင် စီမံကိန်းအဖြစ် ရေပေါ်တင်စက်ရုံ ၂ ရုံမှ ၁၅ ကျူးဆက်ပန့် ၈ လုံးနဲ့ မောင်းနှင်ပြီး ဝက်လက်မြို့နယ်နဲ့ စစ်ကိုင်းမြို့နယ်အတွင်းမှာရှိတဲ့ လယ်မြေများကို ရေပေးဝေရေး စီမံဆောင်ရွက်ခဲ့ပါတယ်။ မူလ အကျိုးပြုဧကအဖြစ် စစ်ကိုင်းမြို့နယ်အတွင်း ၁၁၃၃၀ ဧက၊ ဝ က်လက်မြို့နယ်အတွင်း ၅၂၁၈ ဧက၊ စုစုပေါင်း ၁၆၅၄၈ ဧကကို ရေပေးဝေနိုင်ရန် စီမံခဲ့သော်လည်း စက်တစ်လုံးလျှင် တစ်နာရီဒီဇယ်ဆီ ၈ ဂါလန်မှ ၁၀ ဂါလန်အထိ သုံးစွဲကုန်ကျတဲ့အတွက် ဒီဇယ်ဆီလုံလောက်စွာ အသုံးမပြုနိုင်လို့ တစ်နှစ်မှာ ဧက ၅၀၀ ခန့်ကိုသာ ရေတင်ပေးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ယခုအခါ ၂၅ မိုင်ခန့်ဝေးတဲ့ အုန်းတောပင်မဓာတ်အားခွဲရုံနဲ့ ၁၇ မိုင်ခန့်ဝေးတဲ့ ဝက်လက်ဓာတ်အားခွဲရုံတို့အတွက် ဓာတ်အား လိုင်းများ သွယ်တန်းပြီးစီးနေပြီဖြစ်သဖြင့် အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်းမှ တပ်ရွာမြစ်ရေတင်

စီမံကိန်းလုပ်ငန်းသို့ ဆက်လက်သွယ်တန်းပြီး လျှပ်စစ်မြစ်ရေတင်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်မည်ဆိုပါက စီမံကိန်းလျာထားချက်အတိုင်း လယ်မြေဧကများစွာပိုမိုရေပေးဝေနိုင်မည်ဖြစ်တဲ့အတွက် ဌာနနှင့်ဒေသခံတောင်သူလယ်သမားများအတွက် ယခုထက်ပိုပြီး ရေရှည်အကျိုးရှိနိုင်မယ်လို့ ယုံကြည်မိပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါတပ်ရွာဒီဇယ်သုံးမြစ်ရေတင်စီမံကိန်းအား လျှပ်စစ်မြစ်ရေတင်စီမံကိန်းအဖြစ် ပြောင်းလဲပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ ရှိပါကမည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်။ မရှိပါက မည်သို့အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မည်တို့ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ တပ်ရွာကျေးရွာတွင် တည်ဆောက်ထားသော ဒီဇယ်သုံးမြစ်ရေတင်စီမံကိန်းအား လျှပ်စစ်ဓာတ်အားသုံးမြစ်ရေတင်အဖြစ် ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းထားခြင်းနှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ တပ်ရွာ ဒီဇယ်သုံးမြစ်ရေတင်စီမံကိန်းအား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၄-၉-၁၉၉၅ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများအား ၃၀-၁၁-၁၉၉၈ ရက်နေ့တွင် ပြီးစီးခဲ့ပါတယ်။ အကျိုးပြုဧကစပါး ၂၉၆၂ ဧက၊ အခြားသီးနှံ ၁၃၅၈၆ ဧက၊ စုစုပေါင်း ၁၆၅၄၈ ဧက ရေပေးဝေရန် ဖြစ်ပါတယ်။ အဆိုပါမြစ်ရေတင် လုပ်ငန်းသည် မြင်းကောင်ရေ ၄၂၀ အင်ဂျင်နှင့် ၁၅ ကျူးဆက်ပန့် ၈ စုံ တပ်ဆင်၍ ဧရာဝတီမြစ်မှ ရေတင်စိုက်ပျိုးရေပေးနေသော လုပ်ငန်းဖြစ်ပါတယ်။ တပ်ရွာဒီဇယ်သုံး မြစ်ရေတင်စီမံကိန်းအား လျှပ်စစ်မြစ်ရေတင်အဖြစ် ပြောင်းလဲနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ ၁၅ အမ်ဗွီအေ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကို စစ်ကိုင်းမြို့၊ ကံတလူကျေးရွာအနီး၊ အုန်းတောဓာတ်အားခွဲရုံနေရာမှာ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ ကေဗွီအေ ဓာတ်ခွဲရုံတစ်ရုံ တည်ဆောက်ပြီး

တပ်ရွာစီမံကိန်းအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အရာတော် ၂၊ အရာတော် ၃၊ ဆင်တပ် နှင့် ပျော့ရွာစီမံကိန်းများသို့ ဓာတ်အားရယူသုံးစွဲရန် ဆောင်ရွက်ဆဲဖြစ်ပါတယ်။

အုန်းတောပင်မခွဲရုံ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ကေဗွီအေခွဲရုံအား ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ရန်ပုံငွေ US$ ၅.၁ သန်းလျာထား တင်ပြခဲ့သော်လည်း နိုင်ငံတော်အနေဖြင့် အခြားဦးစားပေးလုပ်ငန်းများရှိနေသည့်အတွက်ကြောင့် US$ ၂.၁၃ သန်းသာ ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ သို့ဖြစ်၍ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ထပ်မံလိုအပ်တဲ့ ရန်ပုံငွေ US$ ၂.၉၇ သန်းနှင့် တည်ဆောက်တပ်ဆင်စရိတ် ကျပ်သန်း ၄၀၀ ကို ဦးစားပေးရရှိရေး တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်မှ လိုအပ်ရန်ပုံငွေ ခွင့်ပြုပေးမှုရှိခဲ့ပါက ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက တပ်ရွာမြစ်ရေတင် စီမံကိန်းကို ၆၆ ကေဗွီအေ လျှပ်စစ်ဓာတ်အားလိုင်း ၂၅ မိုင် တည်ဆောက်ခြင်း လုပ်ငန်းအပါအဝင် ဆောင်ရွက်ရန်လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကျစရိတ် ခွင့်ပြုချက်ရရှိရေး နိုင်ငံတော်သို့တင်ပြတောင်းခံပြီး နိုင်ငံတော်၏ဘဏ္ဍာငွေ ဦးစားပေးခွင့်ပြုပေးနိုင်မည့် အခြေအနေပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**မဲဇာတာတမံနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်မှ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒေသတွင်းရှိ တောင်သူလယ်သမားများရဲ့အကျိုးငှာ မဲဇာတာတမံပြုပြင်ရေးကိစ္စအား တင်ပြသွားမှာ ဖြစ်ပါတယ်။ မဲဇာတာတမံကို ၁၉၈၂ ခုနှစ်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ တည်ဆောက်ပေးခဲ့သော တာတမံအလျားဟာ ၄၂၅၀၀ ပေ၊ တာထိပ်ဝအကျယ် ၈ ပေ၊ အမြင့် ၆ ပေဖြစ်ပါတယ်။ ၎င်းကဲ့သို့ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ကျေးရွာအုပ်စု ၇ အုပ်စုရှိ မိုးစပါးသီးနှံနဲ့ အခြားသီးနှံစိုက်ဧက ၂၈၀၀၀ ဧကခန့်အတွက် မဲဇာရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေကို တင်ပြရမယ်ဆိုရင် မဲဇာတာတမံရဲ့သက်တမ်းဟာ

နှစ် ၃၀ ခန့်ရှိခဲ့ပါပြီ။ ပြုပြင်ထိန်းသိမ်းမှုမရှိတဲ့အတွက် အချို့နေရာများမှာ ပျက်စီးမှုရှိလာခြင်းကြောင့် မဲဇာရေကြီးမြင့်မှုကို မကာကွယ်နိုင်တော့ဘဲ မိုးစပါးသီးနှံနဲ့ အခြားသီးနှံစိုက်ဧကများဟာ နှစ်စဉ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်တာကို တွေ့ရှိရပါတယ်။ ဒေသခံမိဘပြည်သူ တောင်သူလယ်သမားများ အနေနဲ့တာတမံကြီးကို ပြုပြင်ပေးနိုင်ရေး တင်ပြကြတဲ့အတွက် သက်ဆိုင်ရာပညာရှင်များနဲ့ ကွင်းဆင်း တိုင်းတာခဲ့ကြရာလုပ်ငန်းတစ်ခုလုံးရဲ့ ကုန်ကျစရိတ်ဟာ ကျပ် ၆၈၇၅၀၀၀၀ ခန့် ကုန်ကျမှာဖြစ်ကြောင်း သိရပါတယ်။ သို့အတွက် ၎င်းတာတမံပြုပြင်ရေးကိစ္စရပ်ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ဆက်လက်တင်ပြခဲ့ရာ ကုန်ကျစရိတ်များပြားခြင်းကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ ဆက်လက် တင်ပြရေးလမ်းညွှန်ခဲ့ပါတယ်။ ဒါကြောင့် ထီးချိုင့်မြို့နယ် မဲဇာတာတမံအား သက်ဆိုင်ရာဝန်ကြီးဌာနမှ အမြန်ဆုံးပြုပြင်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိလိုတဲ့အတွက် ဒေသခံ တောင်သူလယ်သမားများရဲ့ကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၏ မဲဇာတာတမံအားပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဟူသော မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ပြည်သူလူထု၏ အကျိုးအတွက်မေးမြန်းပေးခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးအား ယခုကဲ့သို့ ဖြေကြားခွင့်ရရှိခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် မဲဇာတာတမံမှာ ဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော ကျေးလက်တာတမံဖြစ်ပြီး ၁၉၇၈ ခုနှစ်တွင် စတင်တည်ဆောက်၍ ၁၉၈၂ ခုနှစ် တွင် ပြီးစီးခဲ့ပါတယ်။ တာတမံသည် အလျား ၄၂၅၀၀ ပေ၊ ထိပ်ဝအကျယ် ၈ ပေ နှင့် အမြင့် ၆ ပေ၊ အောက်ခြေအကျယ် ၃၀ ပေခန့်ရှိသော မြေသားတာပေါင်အမျိုးအစား ဖြစ်ပါတယ်။ မဲဇာတာတမံ

သည် ထီးချိုင့်မြို့နယ်အတွင်းရှိ လေသာအုပ်စု၊ ဇီးသောင်အုပ်စု၊ ဆင်ဖြူဆိပ်အုပ်စု၊ ကံပေါက်အုပ်စု၊ ကြက်သွန်ခင်းအုပ်စု၊ ကွင်းကြီးအုပ်စု၊ တည်တောအုပ်စုရှိ စိုက်ပျိုးမြေဧက ၂၈၀၀၀ ခန့်ကို မဲဇာမြစ်ရေ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါတာတမံသည် ဆည်မြောင်းဦးစီးဌာန၏ နည်းပညာနှင့်ကျေးရွာလူထု လုပ်အားတို့ဖြင့် ပူးပေါင်းတည်ဆောက်ထားပြီး ကျေးရွာအစီအစဉ်ဖြင့် ထိန်းသိမ်းထားသော တာတမံဖြစ်ပါတယ်။ နှစ်စဉ် မိုးရာသီမဲဇာချောင်းရေကြီးချိန်မှာ မဲဇာချောင်းမှ ရေများတာအတွင်းပိုင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း မိုးနှောင်းကာလ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် တာတမံအတွင်း ပိတ်မိနေသော ရေများကို ထုတ်နုတ်လျှော့ချရန်အတွက် တာတမံအစိတ်အပိုင်းအချို့ကို ချိုးဖောက်သောအလေ့အထ ရှိခဲ့ကြပါတယ်။ ထိုသို့ဆောင်ရွက်မှု ကြောင့် မိုးရာသီမြစ်ရေကြီးချိန်မှာ ရေဝင်ရောက်၍ လယ်မြေများ ရေနစ်မြုပ်ခဲ့ရခြင်း ဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ မဲဇာတာကျိုးပေါက်မှု အလျား ၇၀၀ ပေခန့်ကို တောင်သူများ အင်အားဖြင့် ဆောင်ရွက်ခြင်းမပြုနိုင်သဖြင့် ဆည်မြောင်းဦးစီးဌာနမှ ပြုပြင်ဆောင်ရွက်ပေးခဲ့ရပါတယ်။ သာမန် အချိန်တွင် မဲဇာတာတမံအား ပြင်ဆင်ထိန်းသိမ်းမှုကို ကျေးရွာအစီအစဉ်ဖြင့်သာ ဆောင်ရွက်ခဲ့ပြီး ဆည်မြောင်းဦးစီးဌာနသို့ တင်ပြခဲ့ခြင်းမရှိသဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းမရှိခဲ့ပါ။ ယခုနှစ်မှသာ ကျိုးပေါက်ပျက်စီးမှုများပြား၍ ကျေးရွာအစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်ရန် အခက်အခဲရှိပါသဖြင့် ဌာနသို့တင်ပြခြင်း ဖြစ်ပါတယ်။

ကွင်းဆင်းလေ့လာ တိုင်းတာချက်များအရ တာတမံကျိုးပေါက်မှု ၁၅ နေရာရှိခဲ့ပါတယ်။ ယခင်မူလက မဲဇာတာတည်ဆောက်ခဲ့ရာမှ ရေဘေးကာကွယ်ရေးအတွက်သာ ရည်ရွယ်တည်ဆောက် ခဲ့သဖြင့် ရေတံခါးများ တပ်ဆင်ခဲ့ခြင်းမရှိခဲ့ပါ။ မိုးတွင်းကာလ မဲဇာမြစ်ရေကြီးချိန်မှာ ရေများတာ အတွင်းသို့ မဝင်ရောက်စေရန်ကာကွယ်ပြီး မိုးနှောင်းကာလ ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ တာတမံ အတွင်း ပိတ်မိနေသောရေများကို လိုအပ်သလို ထိန်းညှိထုတ်နုတ်ပေးနိုင်ဖို့အတွက် ရေတံခါး ၇ ခုခန့် တပ်ဆင်ပေးရန် လိုအပ်ကြောင်း ကွင်းဆင်းတွေ့ရှိရပါတယ်။ ထို့ကြောင့် မဲဇာတာတမံ၏ ကျိုးပေါက် သွားသော တာကျိုးပေါက် ၁၅ နေရာပြန်လည် ပိတ်ဆို့ခြင်း၊ တာတမံတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်း၊ ရေတံခါးများတည်ဆောက်ပေးခြင်းလုပ်ငန်းများကို အသေးစိတ်ကွင်းဆင်းတိုင်းတာ၍ ဒီဇိုင်းပုံစံများရေးဆွဲပြီး လုပ်ငန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ သို့ ရန်ပုံငွေတင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြုပြင်ခြင်းလုပ်ငန်း

များကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများထံ စနစ်တကျလွှဲအပ်၍ တာတမံ၊ ရေတံခါးများကို ထိန်းသိမ်းစောင့်ရှောက်သွားစေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အထွက်နှုန်းကောင်းမွန်သော မျိုးစပါးများထုတ်လုပ်ပေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးပိုင်၊ ဝန်းသိုမဲဆန္ဒနယ်မှ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးစိုးပိုင် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းလိုတာကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက် ရှိတဲ့ စပါးမျိုး မျိုးကောင်းမျိုးသန့်ရရှိရေးကိစ္စဖြစ်ပါတယ်။ မျိုးမကောင်း မျိုးမသန့်သော စပါးမျိုးကို စိုက်ပျိုးပါက အထွက်နှုန်းကျဆင်းမယ်၊ ကမ္ဘာ့ဈေးကွက်မှာ ရောင်းတန်းမဝင်နိုင်ပါဘူး။ ဒါကြောင့်မို့ အထွက်နှုန်းကောင်းမွန်ပြီး ရောင်းတန်းဝင်စပါးများ ထွက်ရှိဖို့အတွက် နိုင်ငံအဝန်း စိုက်ပျိုးတဲ့ စပါးမျိုးကိစ္စဟာ အရေးပါကြောင်းတင်ပြလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မြေဆီလွှာကောင်းမွန်မှု၊ ဧရိယာကျယ်ပြောမှု၊ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ ရေအရင်းအမြစ်ရှိမှုတို့ကြောင့် ရှေးပဝေသဏီကာလကတည်းက စိုက်ပျိုးရေးကို အခြေခံခဲ့တဲ့ နိုင်ငံဖြစ်သလို ယခုအချိန်ထိလည်း အခြေခံရဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ စပါးများ ပိုလျှံနေပြီ ဖြစ်ပါတယ်။ ပိုလျှံနေတဲ့စပါးများဟာ နိုင်ငံတကာဈေးကွက်ဝင်၊ ရောင်းတန်းဝင် အရည်အချင်းရှိတဲ့ စပါးဖြစ်ဖို့တော့ အထူးလိုအပ်ပါတယ်။ ယနေ့အချိန်အခါမှာ ကမ္ဘာ့ဈေးကွက်ဝင်ပြီးတော့ အထွက်နှုန်းကော အရည်အသွေးပါကောင်းမွန်တဲ့ စပါးမျိုးတွေ များများရရှိရေး လိုအပ်လှပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်နေထိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီးဟာ အထက်မြန်မာပြည်ရဲ့ စပါးကျီဖြစ်ပါတယ်။ ကျွန်တော်နေထိုင်ရာ ဝန်းသိုမြို့နယ်ဟာ ဆန်ဖူလုံမှုအနေနဲ့ ၃၄၅ ရာခိုင်နှုန်းရှိသော မြို့တစ်မြို့ဖြစ်ပါတယ်။ နိုင်ငံအဝန်း လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်နေတာတွေကိုလည်းပဲ

အထင်အရှား မြင်တွေ့နေရပြီဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ တောင်သူများအနေနဲ့ လိုအပ်ချက်များရှိနေပါသေးတယ်။ စပါးမျိုးယူမှုစနစ်ကတော့ အခြားတောင်သူများအားမေးမြန်း၍ လက်ဆင့်ကမ်းယူရခြင်း၊ တခြားဒေသ တခြားရွာများသို့သွားရောက်လေ့လာခြင်း၊ သတင်းစုံစမ်းခြင်း နည်းလမ်းများဖြင့်သာ စပါးမျိုးကိုရယူနေရပါသေးတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြမေးမြန်းလိုတာကတော့ ကျွန်တော်တို့လို မြို့နယ်လေးတွေပါမကျန် နိုင်ငံတစ်ဝန်းလုံးသို့ နိုင်ငံတကာဈေးကွက်ဝင်ပြီးတော့ စားသုံးမှုနှင့်အထွက်နှုန်းပါကောင်းမွန်သော မျိုးစပါးများ ထုတ်လုပ်ပေးနိုင်ရေး၊ ဖြန့်ဖြူးပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၏ မြို့နယ်လေးတွေပါမကျန် နိုင်ငံတစ်ဝန်းလုံးသို့ နိုင်ငံတကာ ဈေးကွက်ဝင်ပြီး စားသုံးမှုနှင့် အထွက်နှုန်းပါကောင်းမွန်သော မျိုးစပါးများထုတ်လုပ်ပေးနိုင်ရေး၊ ဖြန့်ဖြူးပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းထားချက်နှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြချက်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိတဲ့ စပါးမျိုး မျိုးကောင်းမျိုးသန့်ရရှိရေး၊ မျိုးမကောင်း မျိုးမသန့်သောစပါးမျိုးကို စိုက်ပျိုးပါက အထွက်နှုန်းကျဆင်းမယ်၊ ပြင်ပဈေးကွက်မှာလည်းပဲ ရောင်းတန်းမဝင်နိုင်ပါဘူး၊ ဒါကြောင့် အထွက်နှုန်းကောင်းမွန်ပြီး ရောင်းတန်းဝင်စပါးများ ထွက်ရှိဖို့အတွက် နိုင်ငံအဝန်း စိုက်ပျိုးတဲ့စပါးမျိုးကိစ္စဟာ အရေးကြီးလှပါကြောင်း၊ မြန်မာနိုင်ငံဟာ မြေဆီလွှာကောင်းမွန်မှု၊ ဧရိယာကျယ်ပြောမှု၊ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ရေအရင်းအမြစ်ရှိမှုတို့ကြောင့် ရှေးပဝေသဏီကာလကတည်းက စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်သလို ယခုအချိန်ထိလည်း အခြေခံရဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဆန်စပါးပိုလျှံနေပြီဖြစ်ပါကြောင်းနှင့် ပိုလျှံ

နေတဲ့စပါးများဟာ နိုင်ငံတကာဈေးကွက်ဝင်၊ ရောင်းတန်းဝင် အရည်အချင်းရှိတဲ့စပါးဖြစ်ဖို့တော့ အထူးလိုအပ်ပါကြောင်း၊ ဈေးကွက်ဝင်၊ ရောင်းတန်းဝင်စပါးများနဲ့ သမရိုးကျ စိုက်ပျိုးထုတ်လုပ်ထားတဲ့ စပါးများဟာ ဈေးနှုန်းအားဖြင့်လည်း များစွာကွာခြားမှုရှိပါကြောင်း၊ ဒါကြောင့် ကမ္ဘာ့ဈေးကွက်ဝင်ပြီး အထွက်နှုန်းရော၊ အရည်အသွေးပါ ကောင်းမွန်တဲ့စပါးမျိုးတွေ များများရရှိနိုင်ရေး လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြလာတာကိုလည်း တွေ့ရှိရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်ကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတာဝန်ကြီး သုံးရပ် ကတော့-

(က) မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ရေး (Seed Production) တာဝန်၊

(ခ) တောင်သူလယ်သမားများ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုနိုင်စေရေး၊ လေ့ကျင့်ပညာပေးရေး(Trainin g and Education )တာဝန်၊

(ဂ) အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးနိုင်ရန်နှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ သုတေသနပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး(Research and Development)တာဝန်များကို ဆောင်ရွက်လျက် ရှိပါတယ်။

စပါးစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမှစပါးကောင်းမယ်၊ မျိုးမှန်မှအဖိုးတန်မယ်၊ စပါးကောင်းမှ ဆန်ကောင်းမယ်၊ ဆန်ကောင်းဖို့အတွက် ဆန်စက်ကောင်းဖို့လိုပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မျိုးသန့်ထုတ်လုပ်ရေးကို ဝန်ကြီးဌာနပိုင်ခြံများနှင့် သုတေသနဌာနများမှာ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မျိုးခံ၍ ရသောမျိုးများ Open Pollinated Variety (OPV) ကို ထုတ်လုပ်ပေးလျက်ရှိပါတယ်။ မျိုးကောင်း မျိုးသန့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောပညာရှင်များကိုလည်း မွေးထုတ်ပေးလျက်ရှိပါတယ်။ ၎င်းအပြင်စပါးမျိုးများဟာ Generation ဖြစ်သွားတဲ့အတွက် သုံးနှစ်တစ်ကြိမ် မျိုးချန်၍ရသော OPV မျိုးသန့်လဲလှယ်နိုင်ရေးအတွက် ပြည်နယ်တိုင်းအားလုံးမှာ မိုးစပါး ၁၇ သန်း၊ နွေစပါး ၃ သန်း အတွက် အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး ဌာနပိုင်ခြံများ တောင်သူများ၏မြေပေါ် မှာဆိုရင် မျိုးသန့်ဇုန်များတည်ထောင်၍ မျိုးသန့်စပါးများ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း တင်ပြလိုပါတယ်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဒေသနှင့် ကိုက်ညီတဲ့

မျိုးစပါးများကို မျိုးသန့်ထုတ်လုပ်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နည်းပညာများ ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ မိမိတို့ဒေသနှင့် ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့် များထုတ်လုပ်ရေးကို မြို့နယ်အလိုက်၊ ကျေးရွာအလိုက် မျိုးသန့်စံပြရွာများ ထူထောင်ပြီး လုပ်ငန်းရှင် များမှ ပါဝင်ပူးပေါင်း ရင်းနှီးဆောင်ရွက်ရန်နှင့် စနစ်တကျမျိုးစေ့ ထုတ်လုပ်သန့်စင်ထားသော မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးတက်စေပြီး လယ်သမားများ၏ လူနေမှု ဘဝတိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအောင်သန့်၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ လက်ရှိအခြေအနေအရ နိုင်ငံတော်ကြီး ဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် နိုင်ငံတကာနှင့်ခင်မင်ရင်းနှီးစွာ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်နေတောင်သူလယ်သမား မိသားစုများဖြစ်ကြပြီး မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကထားဆောင်ရွက်နေသူများ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့နောင်လာမည့်ကာလတွင် တိုးတက်လာမည့် လူဦးရေ သန်း ၁၀၀ အတွက် မျှော်မှန်း ပြီး ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်ထုတ်လုပ်နိုင်ဖို့ စိုက်ပျိုးရေးပညာရှင်များရဲ့ အကူအညီဖြင့် စိုက်ပျိုးကြိုးပမ်း လုပ်ကိုင်လျက်ရှိကြပါတယ်။ တောင်သူလယ်သမားများအနေနဲ့ နေ့စဉ်ပြောင်းလဲ တိုးတက်နေတဲ့ စိုက်ပျိုးရေးနည်းပညာရပ်များနဲ့အတူ မိမိတို့နိုင်ငံအတွင်း ကြိုးပမ်းဆောင်ရွက် နေမှုများ၊ နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်နေမှုများကို များစွာစိတ်ဝင်စားလျက်ရှိကြပြီး ခေတ်မီ စိုက်ပျိုးရေးနည်းစနစ်များဆိုင်ရာ သတင်းအချက်အလက်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက် နေမှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို နေ့စဉ်နှင့်အမျှ မျက်စိဖွင့်၊ နားစွင့်စောင့်ဆိုင်းလျက်ရှိနေကြတာကို တွေ့မြင်နေကြပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများအနက်က လယ်ယာစိုက်ပျိုး ရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများအပေါ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ သည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် မိမိတို့နိုင်ငံအတွက်

အလားအလာကောင်းများ အခြေအနေကို တောင်သူလယ်သမားများအား သိရှိနိုင်ကြစေရန်အတွက် သက်ဆိုင်ရာမှ ရှင်းလင်းတင်ပြပေးပါရန် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်းနှင့် မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေးပညာရှင် ဦးအောင်သန့်၏ မေးခွန်းအပေါ် ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းမှာ မြန်မာနိုင်ငံ သည် လက်ရှိအခြေအနေအရ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ရင်းနှီး ခင်မင်စွာ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့အနက်မှ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများအပေါ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် အလားအလာကောင်းများ အခြေအနေကို ဖြေကြားပေးပါရန်ကို မေးမြန်းထားခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း အဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊ နှစ်နိုင်ငံချင်းအလိုက်သော်လည်းကောင်း၊ ကုလသမဂ္ဂနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကိုးခု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ သုံးခု၊ INGO များနှင့် ၁၅ ခုနှင့် အဆိုပြုထားတဲ့ INGO များနဲ့ လေးခု၊ စုစုပေါင်း ၃၁ ခုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းတင်ပြလိုပါတယ်။ ဒေသတွင်းအဖွဲ့အစည်းများအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့အစည်း (Association of South East Asia Nations- ASEAN)၊ မဟာမဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး (Greater Mekong Sub- region Economic Cooperation - GMS)၊ ဧရာဝတီ၊ ကျောက်ဖရား၊ မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ (Ayeyarwaddy, Chaophraya, Mekong Economic Cooperation Strategy-ACMECS), ဘင်္ဂလားပင်လယ်အော် ကဏ္ဍစုံ၊

နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး (Bay of Bangal Initiative for Multi-Sectoral Technical and Economic Cooperation - BIMSTEC)တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လျက် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ လူသားအရင်းအမြစ်နှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံအဖွဲ့အစည်းအောက်မှာ ကျန်အဖွဲ့ဝင် ကိုးနိုင်ငံနှင့် လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူဘောင်များ ချမှတ်ခြင်း၊ တိုးတက်မှုအခြေအနေများအား သုံးသပ်ဆန်းစစ်ခြင်း၊ အနာဂတ် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအတွက် ညှိနှိုင်းခြင်းများအား ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်းပေါ်ပေါက်လာရေးကိုဦးတည်လျက် ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိပါတယ်။ ယင်းပူးပေါင်းဆောင်ရွက်မှုကို အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာသည်အထိ ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပါတယ်။ အာဆီယံစီးပွားရေး အသိုက်အဝန်း ပေါ်ပေါက်လာပါက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာရုံသာမက စားနပ်ရိက္ခာဖူလုံမှု၊ စားနပ်ရိက္ခာဘေးအန္တရာယ်ကင်းရှင်းမှု၊ ကုန်သွယ်ရေးလွယ်ကူချောမွေ့မှု အကျိုးကျေးဇူးများရှိလာမှာ ဖြစ်ပါတယ်။ ထို့ပြင် အာဆီယံရဲ့လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအောက်မှာ အပေါင်းသုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့်လည်း လယ်ယာကဏ္ဍဆိုင်ရာနည်းပညာများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာရှိလျက်ရှိပါတယ်။

မဟာမဲခေါင်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးမှာ အဖွဲ့ဝင်ခြောက်နိုင်ငံအကြား လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းရေးတာဝန်ခံ (Focal Point) အဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ယင်းပူးပေါင်းဆောင်ရွက်ရေးအောက်မှာ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စိုက်ပျိုးရေးအထောက်အကူပြုအစီအစဥ် အဆင့် ၁ (၂၀၀၆-၂၀၁၀)(Core Agriculture Support Program-CASP I)ကို ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးသတင်းအချက်အလက်ကွန်ရက်လုပ်ငန်း (Agriculture Information Network) စာမျက်နှာမှာ မိမိတို့၏ လယ်ယာကဏ္ဍဆိုင်ရာအချက်အလက်များကို တင်ပြဖော်ပြပေးနိုင်ခဲ့ခြင်း၊ GMS ဒေသတွင်း ဇီဝလောင်စာနှင့် ကျေးလက်ဒေသပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာမူဝါဒရေးဆွဲရေးအတွက် မြန်မာနိုင်ငံ၏ ဇီဝလောင်စာများနှင့် ကျေးလက်ဒေသ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်

ဆိုင်ရာစိစစ်သုံးသပ်မှု (Assessment of Bio-fuels and Rural Renewable Energy) ပြုလုပ်နိုင်ခဲ့ခြင်း၊ နယ်စပ်ကုန်သွယ်မှုနှင့် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုချောမွေ့ရေးအတွက် ရည်ရွယ်သည့် အပင်နှင့်အပင်ထွက်ကုန်များ၏ ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများကို တက်ရောက်ခွင့်ရရှိခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိခဲ့ပါတယ်။ စိုက်ပျိုးရေးအထောက်အကူပြု အစီအစဉ်အဆင့် ၂ ကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ယင်းအစီအစဉ်အောက်မှာ ဆောင်ရွက်မည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း များ၊ ဆွေးနွေးပွဲများကို ပါဝင်တက်ရောက်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဧရာဝတီ၊ ကျောက်ဖရား၊ မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာတွင်လည်း လယ်ယာကဏ္ဍပူးပေါင်း ဆောင်ရွက်မှု အတွက် ဦးဆောင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။ ဤပူးပေါင်း ဆောင်ရွက်မှုအောက်မှာ လယ်ယာကဏ္ဍယှဉ်ပြိုင်နိုင်မှု စွမ်းရည်တိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်တိုးတက်ရေး၊ ခိုင်မာရေးဆိုင်ရာသင်တန်းအစီအစဉ်အချို့၊ အစားအစာ လုံခြုံစိတ်ချရေး ဆိုင်ရာစည်းမျဉ်းများနှင့် စီမံခန့်ခွဲမှုစနစ်တိုးတက်ရေး၊ ခိုင်မာရေးကို ရည်ရွယ်သည့် စိုက်ပျိုးရေး နည်းစနစ်ကောင်းများ (Good Agricultural Practices) များလိုက်နာကျင့်သုံးရေးနှင့် ကျွမ်းကျင်မှု သင်တန်းအစီအစဉ်များ၊ မျိုးစေ့ထုတ်လုပ်မှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးသီးနှံ များနှင့် မျိုးစေ့ထုတ်လုပ်ရေးသင်တန်းများကို ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နှစ်နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘီလာရုစ်နိုင်ငံတို့နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရချင်း ( G to G ) နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်လျက် ရှိပါတယ်။ ဗီယက်နမ်နိုင်ငံ ကုမ္ပဏီများနှင့် ရင်းနှီး မြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကိုလည်း (MOU)ကို လည်း လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ရှေ့အလားအလာအနေဖြင့် မြန်မာ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုအရ ရေဆင်းမှာ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဆင့်မြင့်ဌာန (Agricultural Research Center) တစ်ခုကိုလည်း အိန္ဒိယနိုင်ငံအစိုးရနဲ့ ပူးပေါင်းတည်ထောင်ရန် အစီအစဉ် ရှိပါတယ်။ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း FAO နှင့် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန IRRI အပြည်ပြည် ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့ IFAD၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း

ဆောင်ရွက်ရေးအေဂျင်စီ KOICA ၊ ထိုင်းအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ TICA တို့နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအထောက်အကူများ၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

FAO နှင့် ထောင်စုနှစ်ရည်မှန်းချက် ပန်းတိုင်များရောက်ရှိရေးကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယင်းပန်းတိုင်များကို ရောက်ရှိချိန်မှာ လယ်ယာကဏ္ဍသာမက ကဏ္ဍအားလုံးဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုများလျော့နည်းပပျောက်ကာ ကျေးလက်ပြည်သူများ၏လူနေမှုဘဝ အဆင့်အတန်းတိုးတက်လာမှာ ဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့် ရင်းနှီးခင်မင်စွာ ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး လယ်ယာကဏ္ဍမှာ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနဲ့ အလားအလာကောင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စည်းကမ်းနှင့်မညီသော မြေလွတ်၊ မြေရိုင်းရယူထားသူများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သန့်၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ထပ်မံမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ပြည်သူများ အကျိုးစီးပွားတိုးတက်စေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်၍ စိုက်ပျိုးမြေဧရိယာတိုးချဲ့နိုင်စေရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စည်းကမ်းချက်များ၊ စနစ်တကျချမှတ်၍ ပုဂ္ဂလိကကဏ္ဍလုပ်ပိုင်ခွင့်များ ပေးအပ်ဖော်ထုတ် စိုက်ပျိုးစေခဲ့တာကို တွေ့ရှိရပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့က မြေယာလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ စည်းကမ်းချက်များနှင့်အညီ မြေနေရာချထား၍ စိုက်ပျိုးလုပ်ကိုင်စေခဲ့သော်လည်း စည်းကမ်းဥပဒေနှင့်အညီ စိုက်ပျိုးဆောင်ရွက်နေသူများရှိသလို စည်းကမ်းနဲ့မညီတဲ့ စည်းကမ်းပျက် ပုဂ္ဂလိကပုဂ္ဂိုလ်အချို့ရှိနေ၍ နိုင်ငံတော်အနေနဲ့ များစွာနစ်နာဆုံးရှုံးမှုရှိနေကြောင်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့အကျိုးစီးပွားအတွက် ရည်ရွယ်ပြီး မေးမြန်းမယ့် မေးခွန်းကတော့ မြေလွတ်၊ မြေလပ် လုပ်ပိုင်ခွင့် အသုံးပြုခွင့်များရယူထားပြီး မူလကတိကဝတ်များကို ဖောက်ဖျက်၍ စည်းကမ်းနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိသေးတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်ရယူထားသူများအား နိုင်ငံတော်က မည်ကဲ့သို့ စိစစ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်

အကျိုးရှိစေရန်အတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်လျက်ရှိသည်ကို ဖြေကြားပေးပါရန် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်သန့်က နိုင်ငံတော်မှပြည်သူများအကျိုးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စည်းကမ်းချက်များချမှတ်၍ လုပ်ပိုင်ခွင့်များ ချထားပေးခဲ့ရာမှာ စည်းကမ်းနှင့်မညီသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းရယူထားသူများအား မည်ကဲ့သို့ စိစစ်ဆောင်ရွက်ပြီး နိုင်ငံတော်အကျိုးရှိစေရန် မည်သို့အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်း မေးထားတာတွေ့ရှိရပါတယ်။ မေးခွန်းမေးတဲ့ အတွက်လည်းပဲ ဦးအောင်သန့်ကို ကျေးဇူးတင်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင် မြေသယံဇာတ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများတွင် ထိရောက် မှန်ကန်စွာ အကျိုးရှိရှိ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၁၂-၇-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားအား အမှန်တကယ်ဖော်ဆောင်နိုင်မည့် ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် အဓိကရည်မှန်းချက်နှင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လက်တွေ့အမှန်တကယ် ရင်းနှီးမြှုပ်နှံ၍ စိုက်ပျိုးမွေးမြူလုပ်ကိုင်ကြမည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများ

အနေနဲ့ ဥပဒေနှင့်အညီ မှန်ကန်သည့်လုပ်ကိုင်ခွင့် အခွင့်အလမ်းရရှိရေး၊ ကျေးလက်ဒေသနေ တောင်သူလယ်သမားများနှင့် မိသားစုတစ်ပိုင်တစ်နိုင်ရင်းနှီးလုပ်ကိုင်လိုကြသူများ၊ လုပ်ကိုင်ခွင့် အခွင့် အလမ်းများရရှိလာစေရေးအတွက် ဥပဒေအရလမ်းဖွင့်ပေးပြီး စနစ်တကျစိစစ်ခွင့်ပြုရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လက်တွေ့အမှန်တကယ်ရင်းနှီးမြှုပ်နှံ၍ အသုံးပြုလုပ်ကိုင်ကြခြင်းမရှိဘဲ အခွင့်အလမ်းတစ်ရပ်အနေဖြင့် လုပ်ပိုင်ခွင့်ရယူထားခဲ့သူများကို ဥပဒေအရပယ်ဖျက်ပြီး၊ အမှန်တကယ် ရင်းနှီးမြှုပ်နှံအသုံးပြု လုပ်ကိုင်ကြမည့်သူများအား ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ပြုပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဥပဒေပညာရှင်များဖြင့် အကြိမ်ကြိမ်ညှိနှိုင်းတိုင်ပင်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းကို ရေးဆွဲပြီးတင်ပြလျက်ရှိပါတယ်။

နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ခိုင်မာသည့် ဥပဒေတစ်ရပ် ပေါ်ပေါက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ ၃-၁၀-၂၀၁၁ ရက်နေ့တွင် တင်သွင်း ခဲ့ပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ရယူမှုများအား စိစစ်ရာမှာ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့နှင့် ဒေသအာဏာပိုင် တို့မှခွင့်ပြုပေးခဲ့တဲ့ ဧရိယာစုစုပေါင်း ၃၈.၉၈ ဧက သိန်းအား အမှန်တကယ်ဖော်ထုတ် စိုက်ပျိုး အသုံးပြုပြီး ဧရိယာ ၉.၈၆ ဧကသိန်းသာဖြစ်၍ စိုက်ပျိုးအသုံးပြုရန် ကျန်နေတဲ့ဧကများမှာ ၂၉.၁၂ ဧကသိန်း ကျန်ရှိနေကြောင်းတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းနှင့်မညီသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းရယူထား သူများကိုစိစစ်ပြီး နိုင်ငံတော်အကျိုးရှိစေရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းပြီးပါက မြေယာလုပ်ပိုင်ခွင့် ကြိုတင်လက်ဦးမှုရယူထားကာ စိုက်ပျိုးမှုမရှိခြင်းများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေနဲ့စိစစ်ပြီး အမှန်တကယ် စိုက်ပျိုးလုပ်ကိုင် အသုံးပြုသူများကိုသာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်(ချမ်းမြသာစည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၃ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ကျင်းပသည့် မြန်မာနိုင်ငံပညာရေးကော်မတီ ၁/၂၀၀၃ အစည်းအဝေးဆုံးဖြတ်ချက်အရ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းရန် စီစဉ်ဆဲကာလအတွင်း ၁၉၈၄ ခုနှစ် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေတွင် ပြုပြင်ဆောင်ရွက်ရန်အချက်များကို ယာယီကျင့်သုံးရန်မူအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၎င်းအချက်များနှင့် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းများအား ဆောင်ရွက်စေလျက်ရှိကြောင်း သိရှိရပါတယ်။ ထို့ကြောင့် ၁၉၈၄ ခုနှစ် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရန် သို့မဟုတ် ယခုကျင့်သုံးလျက်ရှိသော ယာယီကျင့်သုံးရန်မူအဖြစ် သတ်မှတ်ထားသောအချက်များအပါအဝင် လိုအပ်ချက်များအား အစားထိုးပြင်ဆင်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ဦးတင်မောင်ရဲ့မေးခွန်းကို ကျွန်တော် ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးကြူ က ပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ၁၉၈၄ ခုနှစ်၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေအား ယာယီကျင့်သုံးရန်မူဖြင့် သတ်မှတ်ပေးထားတဲ့ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ အရ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အဆိုပါဥပဒေနှင့်သက်ဆိုင်တဲ့ နည်းဥပဒေနှင့်အမိန့်၊ ညွှန်ကြားချက်များ ဆက်လက်ထုတ်ပြန်နိုင်ရန် ရေးဆွဲပြုစုပြီး နိုင်ငံတော်ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ဥပဒေအရ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်မှုများကို စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ချိန်မှသာ လက်ရှိဘာသာရပ်သင်

ကိုယ်ပိုင်ကျောင်းဥပဒေကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် ချိတ်ဆက်ပြီး ပြန်လည်ပြုပြင်ရေးဆွဲဆောင်ရွက်ရန်ရှိမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အခြေခံပညာကျောင်းများတွင် ဝန်ထမ်းများခန့်ထားရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းနိုင်၊ ရွှေကူမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စိတ်နှစ်ပါးချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းများရှိ စာရေးဝန်ထမ်းများနှင့် အခြားအဆင့်ဝန်ထမ်းများ ခန့်ထားရေးနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ အခြေခံပညာမူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲများတွင် အထွေထွေလုပ်သားများ တစ်ကျောင်းလျှင် တစ်ဦးကျစီ ခန့်ထားခွင့်ပြုထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားလျှင် နောက်ထပ် ယနေ့အထိ အစားပြန်ခန့်ထားခြင်းမရှိပါ။ ယင်းအထွေထွေလုပ်သားများသည် ကျောင်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းရသောလုပ်သားများ ဖြစ်ကြပါတယ်။ သင်ကြားရေးအရ လိုအပ်လာပါက ပါဝင်ထမ်းဆောင်သူများဖြစ်ပါတယ်။ တဖန် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများတွင်လည်း စာရေး၊ ရုံးအကူနှင့် အခြားအဆင့်များသည် လစ်လပ်သွားပါက နောက်ထပ်ခန့်ထားခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ ထို့ကြောင့် နံပါတ်(၁) မူလတန်းကျောင်းများတွင် အထွေထွေလုပ်သားများ လိုအပ်လာလျှင် ဖြည့်စွက်ခန့်ထားရန်အစီအစဉ်ရှိ၊ မရှိ။ နံပါတ်(၂)အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများတွင် လိုအပ်သောစာရေးနှင့် အခြားအဆင့် ဝန်ထမ်းများ ခန့်ထားရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ မူလတန်းကျောင်းများမှာ မူလတန်းကျောင်းအုပ်တစ်ဦး၊ မူလတန်းသင်ဆရာများနှင့် အထွေထွေလုပ်သားတစ်ဦးနှုန်း ခန့်ထားခွင့်ပြုထားပါတယ်။ အလယ်တန်းနှင့်အထက်တန်းကျောင်းများမှာ အကြီးတန်းစာရေး၊ အငယ်တန်းစာရေးနှင့် အောက်ခြေဝန်ထမ်းများကို ခန့်ထားခွင့်ပြုထားပါတယ်။ သက်ဆိုင်ရာဌာန

အလိုက် ဝန်ထမ်းဦးရေရဲ့ သုံးပုံနှစ်ပုံထက် ကျော်လွန်ခန့်ထားရန်ရှိပါက သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ တင်ပြပြီး ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပါ၍ အခြေခံပညာကျောင်းများမှာ လောလောဆယ် လစ်လပ်နေတဲ့ စာရေးဝန်ထမ်းနှင့် အောက်ခြေဝန်ထမ်းရာထူးနေရာများကို ခန့်ထားနိုင်မှုမရှိသေးခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မက်မန်းမြို့နှင့်ဆွတ်ဝိုးကျေးရွာအုပ်စုရှိ ဆေးရုံနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအိုက်ယွန်းမွန်း၊ မက်မန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ယွန်းမွန်း(မက်မန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မြောက်ပိုင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ယွန်းမွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မက်မန်းမြို့နယ်နှင့် ဆွတ်ဝိုးကျေးရွာအုပ်စုတွင် ဆေးရုံ၊ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ထားသော်လည်း ဆရာဝန်နှင့်သူနာပြုဆရာမ လုံလောက်မှုမရှိသည့် အပြင် ခွဲစိတ်ကိရိယာနှင့် ဆေးဝါးပစ္စည်းများ လုံလောက်မှုမရှိကြောင်း ပြည်သူများက ကျွန်တော့်အား တင်ပြစေခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့နယ်နှင့် ဆွတ်ဝိုးကျေးရွာအုပ်စုရှိ ဆေးရုံတို့ကို ဆရာဝန်၊ သူနာပြုဆရာမ၊ ခွဲစိတ်ကိရိယာနှင့် ဆေးဝါးပစ္စည်းများ လုံလောက်မှုရှိရေး ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုလုပ်ဆောင်ရွက်မည်ကို သိလိုကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ယွန်းမွန်း ရဲ့မေးခွန်းကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျွန်တော် ပြန်လည်ဖြေကြား ပါမယ်။ ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ်၊ ဆွတ်ဝိုးတိုက်နယ်ဆေးရုံမှာ ၁၅-၉-၂၀၁၀ ရက်နေ့မှစပြီးတော့ လက်ထောက်ဆရာဝန်စတင်ခန့်ထား ထမ်းဆောင်လျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ မက်မန်းတိုက်နယ်ဆေးရုံမှာ တိုက်နယ်ဆရာဝန်တစ်ဦးကိုတော့ လက်ရှိဝန်ထမ်း

ရေးရာသင်တန်းတက်နေတဲ့ သင်တန်းသား ၅၀၀ ဆင်းတဲ့အခါမှာ အမြန်ဆုံးခန့်ထားပေးမှာ ဖြစ်ပါ တယ်။ မက်မန်းမြို့နယ် ပြည်သူ့ဆေးရုံမှာ အထက်တန်းသူနာပြု ခွင့်ပြုငါးဦးရှိရာမှာ ခန့်ထား ငါးဦး ခန့်ထားပြီးဖြစ်ပါတယ်။ သူနာပြုခွင့်ပြု ၁၀ ဦးရှိရာမှာ ခန့်ထား ၂ ဦးနဲ့ လစ်လပ် ၈ ဦးရှိရာမှာ သစ်လွင် သူနာပြု ၈ ဦးကို ကျန်းမာရေးဦးစီးဌာနရဲ့ ၂၂-၁၂-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀က/သနပ(ခန့်)/ ၂၀၁၁-၇၂၁ ဖြင့် ခန့်ထားပြီးဖြစ်ပါတယ်။ ဆွတ်ဝိုးတိုက်နယ်ဆေးရုံမှာ လက်ရှိဖွဲ့စည်းပုံအရ သူနာပြု ခွင့်ပြု ၂ ဦးရှိရာမှာ ခန့်ထား ၂ ဦးခန့်ထားပြီးဖြစ်ပါတယ်။ သားဖွားဆရာမလည်း ခွင့်ပြု ၂ ဦးမှာ ခန့်ထား ၂ ဦးခန့်ထားပြီး ဖြစ်ပါတယ်။ မက်မန်းမြို့နယ်ဆေးရုံအတွက် Auto Clave (TabLe Top) တစ်ခုကို ၂၀၀၉ ခုနှစ် ဇွန်လမှာလည်းကောင်း၊ Suction Machine တစ်ခုကို ၆-၁၀-၂၀၀၉ ရက်နေ့ မှာလည်းကောင်း၊ Ceiling Lamp တစ်ခုကို ၁၂-၅-၂၀၁၀ ရက်နေ့မှာ လည်းကောင်း၊ Air Sep တစ်ခု ကို ၄-၂-၂၀၁၁ ရက်နေ့မှာလည်းကောင်း၊ ဆွတ်ဝိုးတိုက်နယ်ဆေးရုံအတွက် Labour Bed, Examination Bed, Medicine Trolley တစ်ခုစီကို ၂၀၁၀ခုနှစ်၊ ဇွန်လမှာလည်းကောင်း ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနအသီးသီးက ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ ဆေးရုံများမှာ ဆေးရုံသုံးပစ္စည်းများတောင်းခံတဲ့အခါမှာ သက်ဆိုင်ရာဆေးရုံရဲ့ အဆင့်အတန်း နှင့် ကိုက်ညီသောပစ္စည်းများကို လုပ်အား၊ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာမှာ သက်ဆိုင်ရာဆေးရုံအနေနဲ့ လိုအပ်တဲ့ဆေးရုံသုံးပစ္စည်း တောင်းခံခြင်းအတွက်ကို သတ်မှတ်ပုံစံမှာ ပြည့်စုံစွာဖြည့်စွက်ပြီးတော့ မြို့နယ်ကျန်းမာရေးဦးစီးဌာန အနေနဲ့ ပြည်နယ်ဦးစီးဌာနမှတစ်ဆင့် ထပ်ဆင့်ထောက်ခံချက်နှင့် တောင်းခံလာပါက အစီအစဉ် အတိုင်း စိစစ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**Master တန်းတက်လိုသည့် ဆရာဝန်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ Master တန်းတက်လိုသည့် ဆရာဝန်များနှင့်စပ်လျဉ်း သည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံမှ M.B.B.S ဆရာဝန်ဘွဲ့ရရှိသူ များဟာ မိမိတို့နှစ်သက်ရာဘာသာရပ်တစ်ခုခုအား Master တန်းတက်ရောက်သင်ကြားလိုလျှင်

နိုင်ငံတော်မှအလုပ်ခန့်အပ်သည့် ဆရာဝန်လုပ်သက်နှစ်နှစ်ရှိမှသာလျှင် ဝင်ခွင့်စာမေးပွဲကိုဖြေဆိုခွင့်ပြု နေကြောင်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှအလုပ်ခန့်ထားနိုင်ခြင်းမရှိသေးမီ မိမိတို့ နှစ်သက်ရာဘာသာရပ်အလိုက် Master တန်းတက်လိုသည့်ဆရာဝန်များအား Master တန်းဝင်ခွင့် စာမေးပွဲဖြေဆိုခွင့်ပေးရန်အစီအစဉ်ရှိ၊ မရှိသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုလျှင် မြန်မာနိုင်ငံမှာ M.B.B.S ဆရာဝန်ဘွဲ့ရပြီးတဲ့ ဆရာဝန်များကို နိုင်ငံတော်မှ အလုပ်ခန့်ထားနိုင်ခြင်းမရှိသေးမီ ဆေးတက္ကသိုလ်အသီးသီးမှာရှိတဲ့ ဆေးပညာမဟာသိပ္ပံအပါအဝင် ဘွဲ့လွန်သင်တန်းများကို ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ပေးရန်အတွက် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြေကြားလိုပါတယ်။ ပြင်ပဆရာဝန်များအတွက်ရည်ရွယ်ပြီးတော့ မိသားစုကျန်းမာရေးစောင့်ရှောက်မှုဒီပလိုမာ၊ သွားကျန်းမာရေးစောင့်ရှောက်မှုဒီပလိုမာ စတာတွေကတော့ သင်တန်းဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ ဒီ့အပြင် အခုချိန်မှာနိုင်ငံတကာစာမေးပွဲတွေဖြစ်တဲ့ MRCP, FRCS စတဲ့စာမေးပွဲတွေကို လုပ်သက်တစ်နှစ်ရှိပါက ဝန်ထမ်းဆရာဝန်မဟုတ်စေကာမူ ဖြေဆိုခွင့်ပြုထားပြီးဖြစ်ကြောင်းကိုလည်းတင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

**ဆေးရုံများတွင် ဓာတ်မှန်စက်တပ်ဆင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်လှ၊ ပုလောမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်လှ(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လှဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့မေးမြန်းမှာကတော့ တိုက်နယ်ဆေးရုံ၌ ဓာတ်မှန်စက်များတပ်ဆင်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပုလောမြို့နယ်တွင် တိုက်နယ်ဆေးရုံငါးရုံရှိပါတယ်။ ပလောက်တိုက်နယ်ဆေးရုံနှင့် ပုလောတိုက်နယ်

ဆေးရုံများတွင် ဓာတ်မှန်စက်များတပ်ဆင်ထားရှိပြီး ကျောက်ကာတိုက်နယ်ဆေးရုံ၊ မလိတိုက်နယ်ဆေးရုံ၊ ပျဉ်ပုံကြီးတိုက်နယ်ဆေးရုံများတွင် ဓာတ်မှန်တပ်ဆင်ထားခြင်းမရှိသည့်အတွက် တပ်ဆင်ပေးရန်အစီအစဉ်ရှိ၊ မရှိသိလိုပါတယ်။ အကယ်၍မရှိပါက ပလောက်တိုက်နယ်ဆေးရုံနည်းတူ ဓာတ်မှန်စက်ကို ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူ၊ ဝယ်ယူပေး၍ကျသင့်ငွေတန်ဖိုး၏တစ်ဝက်ကို ကျန်းမာရေးဝန်ကြီးဌာနမှကျခံပြီး ကျန်တစ်ဝက်ကိုဒေသခံပြည်သူများမှ ကျခံသည့်စနစ်ဖြင့် ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးမြှင့်တင်ပေးရေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးရုံများမှာ ဆေးရုံသုံးပစ္စည်းများတောင်းခံတဲ့အခါမှာ ဆေးရုံရဲ့အဆင့်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့်ပြောရင် တိုက်နယ်ဆေးရုံဆိုရင် တိုက်နယ်ဆေးရုံအဆင့်နှင့်လျော်ညီသောပစ္စည်းများကို ဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။ မြို့နယ်ဆေးရုံမှာ မြို့နယ်ဆေးရုံအဆင့်နှင့်ညီသောပစ္စည်းများကို ဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။ တိုင်း၊ ခရိုင်ဆေးရုံမှာလည်း ထိုနည်းလည်းကောင်းပဲဖြစ်ပါတယ်။ အဲ့ဒီတော့ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ တိုက်နယ်ဆေးရုံအများစုမှာ လက်ရှိမှာဓာတ်မှန်စက် တပ်ဆင်ထားခြင်းမရှိပါဘူး။ တပ်ဆင်ထားဖို့အစီအစဉ်လည်း လောလောဆယ်တိုက်နယ်အဆင့်မှာ မရှိပါဘူး။ မြို့နယ်ဆေးရုံတွေမှာတော့ ဓာတ်မှန်စက်တပ်ဆင်ထားတဲ့အပြင် ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများကိုလည်း ခန့်ထားပါတယ်။ တိုက်နယ်ဆေးရုံတွေမှာ ဖွဲ့စည်းပုံအရကို ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်း ခွင့်ပြုထားခြင်းမရှိဘူး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိအစီအစဉ်နှင့် အချို့သော တိုက်နယ်ဆေးရုံတွေဟာ ဓာတ်မှန်စက်ကို ဝယ်ယူတဲ့အခါမှာ ဖွဲ့စည်းပုံအရ ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းမရှိတဲ့အတွက် အောက်ခြေဝန်ထမ်းထဲကနေပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးရဲ့ အစီအစဉ်နဲ့ အခြေခံသင်တန်းတွေပေးပြီးတော့ ဓာတ်မှန်ရိုက်တာတွေပြုလုပ်လျက် ရှိတာတော့ ရှိပါတယ်။ သို့သော် ဖွဲ့စည်းပုံအရ တိုက်နယ်ဆေးရုံတွေမှာ ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားတာမရှိသေးတဲ့အကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဆေးရုံအဆောက်အဦများတိုးချဲ့ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မောင်၊ မြစ်သားမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မောင်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်သားမြို့နယ် ခုတင် ၅၀ဆံ့ ဆေးရုံအဆောက်အဦနဲ့ပတ်သက်၍ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်သားမြို့ပြည်သူ့ဆေးရုံကို ၁၉၅၄ ခုနှစ်မှာ အစိုးရမှ ၁၆ ခုတင်ဆံ့ဆေးရုံဆောက်လုပ်ပေးခဲ့ပြီးတော့မှ ၁၉၉၃ ခုနှစ်မှာ ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ်သို့လည်းကောင်း၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာ ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံသို့လည်းကောင်းတိုးမြှင့်ပေးခဲ့ပါတယ်။ အဆောက်အဦများကိုမူ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းမပြုလုပ်နိုင်ခဲ့ပါ။ ယခုအချိန်မှာ ဆရာဝန်ရှစ်ဦးအပါအဝင် ဝန်ထမ်း ၄၂ ဦးခန့်ထားပေးပြီးအလုပ်ဝင်ရောက်နေပြီဖြစ်ပါတယ်။ ဆေးရုံ မှာ ၅၇ နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ရာ အမိုး၊ အင်္ဂတေပြားများ၊ စလစ်ပြားများအက်ကွဲပြီး မိုးမလုံခြင်း၊ အုတ်နံရံများ၊ အင်္ဂတေကြမ်းခင်းများအက်ကွဲလာခြင်းများဖြစ်ပေါ်နေပြီး အဆောက်အဦမှာအမိုးနိမ့်၍ အလင်းရောင်နည်းပါးခြင်း၊ လေဝင်လေထွက်မကောင်းခြင်း၊ ဝန်ထမ်းအိမ်ရာမလုံလောက်ခြင်းတို့ကြောင့် ဆေးရုံဝန်ထမ်းများ၊ လူနာများမှာအဆင်မပြေမှုများဖြစ်ပေါ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးရုံရဲ့မြေအကျယ်အဝန်းမှာ ၅.၄၈၇ ဧကရှိပါ၍ ဆေးရုံအားပြင်ဆင်မွမ်းမံခြင်း၊ လိုအပ်သောအဆောက်အဦများတိုးချဲ့ခြင်းနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးနိုင်ရေးတို့အား မည်သို့ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံ ပြင်ဆင်မွမ်းမံခြင်း၊ လိုအပ်သောအဆောက်အအုံများတိုးချဲ့ခြင်းနှင့် ဝန်ထမ်းအိမ်ရာများတိုးချဲ့

ဆောက်လုပ်ပေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးစားပေးအစီအစဉ်အတိုင်း နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့်အခုလက်ရှိလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်လည်းဆောင်ရွက်ပေးလျက် ရှိမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပြည်သူ့ဆေးရုံအား အဆင့်တိုးမြှင့်ပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဦး၊ မုံရွာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဦး(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ပြည်သူ့ဆေးရုံ ခုတင် ၂၀၀ ကို ခုတင် ၃၀၀ အဆင့်တိုးမြှင့်ပေးဖို့ကိစ္စနှင့်စပ်လျဉ်းပြီးမေးမြန်းတင်ပြမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မုံရွာမြို့ပြည်သူ့ဆေးရုံဟာ ဒေါနခြံရပ်၊ ဗိုလ်ချုပ်လမ်းမှာတည်ရှိပြီး မြေဧက ၁၀.၅၅၁ မှာ ဆေးရုံအုပ်ကြီးရုံး၊ အထူးပြင်ပလူနာဌာနရုံး၊ အရေးပေါ်ပြင်ပလူနာဌာနနှင့် လူနာများကုသတဲ့ အဆောင်ပေါင်း ၈ ဆောင်အပါအဝင် စုစုပေါင်းအဆောင် ၁၄ ဆောင်ဆောက်လုပ်ပြီးတော့ စံချိန်ကိုက်ခုတင် ၂၂၇ ခုတင်ထားရှိပြီးတော့ ကုသခွင့်ရနေတဲ့ဆေးရုံဖြစ်ပါတယ်။ အခုအခါမှာလက်ရှိ အဆောင် ၁၄ ဆောင်အပြင် A,B,C,D ဆိုပြီးတော့ အဆောင် ၄ ဆောင်၊ စံကိုက်ခုတင် ၁၇၆ လုံးထပ်မံ ဖြည့်ဆည်းပြီးတော့ ကျွန်တော်တို့မြို့မိမြို့ဖများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး အစိုးရရဲ့စည်းရုံးမှုအရ တည်ဆောက်ပြီးဖြစ်ပါတယ်။ အဲ့ဒါအပြင် နှစ်ထပ်မျက်စိလူနာဆောင်တစ် ဆောင်၊ Major ခွဲစိတ်ခန်းတစ်ခု၊ Minor ခွဲစိတ်ခန်းတစ်ခု၊ အဲ့ဒီလူနာဆောင်မှာပဲ ခုတင် ၆၀ ပါဝင်ပြီး တော့ အဲဒါလည်းပဲ ကျွန်တော်တို့စည်းရုံးမှုအရ ပုဂ္ဂလိကလှူဒါန်းရှင်တစ်ဦးရဲ့ ဒါနနဲ့ဆောက်လုပ်လျက် ရှိပါတယ်။ ဒါလည်းပဲ ၅၅ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးပြီဖြစ်ပါတယ်။ အထက်ပါတင်ပြချက်များကို သုံးသပ်မယ်ဆိုရင် မူလစံချိန်ကိုက်ခုတင် ၂၂၇ ခုတင်၊ နောက်ထပ်တိုးချဲ့ခုတင် ၁၇၆ ခုတင်၊ အထူးမျက်စိဆောင်အတွက် ခုတင် ၆၀၊ စုစုပေါင်းခုတင် ၄၅၄ ခုတင်ကို စနစ်တကျထားရှိပြီးတော့ ကုသနိုင်ဖို့ မြို့မိမြို့ဖများ၊ အလှူရှင်တွေက Infrastructure များကို ပြီးပြည့်စုံအောင်လှူဒါန်းပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာပြည်သူ့ဆေးရုံရဲ့အကျိုးပြုဧရိယာ Current ဧရိယာကို သုံးသပ်လိုက်မယ်ဆိုရင် မုံရွာခရိုင်ရှစ်မြို့နယ်မှာ လူဦးရေ ၁၇ သိန်းခန့်၊ ရွှေဘိုခရိုင် မူးမြစ် အနောက်ဘက်မှာရှိတဲ့ မြို့နယ်လေးခုရဲ့လူဦးရေ ခုနစ်သိန်းခန့်၊ ကလေးခရိုင်မှလူဦးရေ သုံးသိန့်ခန့်၊ မကွေးတိုင်းအနောက်မြောက်ခြမ်းက လူဦးရေနှစ်သိန်းခန့်၊ စုစုပေါင်းလူဦးရေ ၂၉ သိန်းခန့်ရဲ့ ကျန်းမာရေးကို တာဝန်ယူလျက်ရှိ နေတဲ့ဆေးရုံဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဖော်ပြပါ အကျိုးပြု

ဧရိယာရဲ့ အတွင်းလူနာ၊ အပြင်လူနာ၊ မွေးလူနာ၊ ခွဲစိတ်လူနာစသည်အားဖြင့် လာရောက်ကုသမှု အခြေအနေမှာ ၂၀၁၁ ခုနှစ်တွင် အတွင်းလူနာပေါင်းတစ်သိန်းကျော်ကို ကျွန်တော်တို့ဆေးရုံက မနိုင်မနင်း ကုသပေးနေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာမြို့ပြည်သူ့ဆေးရုံရဲ့ အရာထမ်း၊ အမှုထမ်း စံချိန်ကိုက်ခန့်ထားခြင်းနှင့် လက်ရှိတာဝန်ယူဆောင်ရွက်နေရတဲ့ပမာဏဟာ လွန်စွာကွာခြား နေပါတယ်။ ခုတင် ၂၀၀ ဆံ့ စံကိုက် အရာထမ်း ၁၁၃ ဦး၊ အမှုထမ်း ၄၈၁ ဦးတို့ခန့်ထားရမယ့်အစား လက်ရှိ အရာထမ်း ၄၅ ဦးနှင့် အမှုထမ်း ၂၆၀ တို့ဟာ စုစုပေါင်းကုသတဲ့အမှုထမ်းနှင့် အရာထမ်း အားလုံးပေါင်း ၃၀၅ ဦးနဲ့ တက်လာတဲ့လူနာတွေကို မနိုင်မနင်းကုသနေရတဲ့အကြောင်း ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ အထူး Specialist အနေအထားနဲ့ စံကိုက်ခုတင် ၂၀၀ မှာ ရှိသင့်တာက (က) အထူးကုဆရာဝန်ကြီး(သွား)၊ (ခ) အထူးကုဆရာဝန်ကြီး(မူခင်းဆေးပညာ)၊ (ဂ) အထူးကုဆရာဝန်ကြီး (အဏုဇီဝဗေဒ)၊ (ဃ)အထူးကုဆရာဝန်ကြီး (အကြောအဆစ်နှင့်ပြန်လည်သန်စွမ်းရေး)၊ (င) အထူးကုဆရာဝန်ကြီး (ဦးနှောက်နှင့်အာရုံကြော)၊ (စ) အထူးကုဆရာဝန်ကြီး (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်)စတဲ့ အထူးကုဌာနကြီးခြောက်ခုဟာ ကျွန်တော်တို့ဆီမှာ မရှိသေးတဲ့အတွက် စံကိုက်ခုတင် ၂၀၀ တောင်မှပဲ ပြည့်မီအောင် ဒီအထူးကုဌာနကြီးတွေ လိုအပ်နေကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆောက်အဦနဲ့ လိုအပ်သည်များကို မြို့မိမြို့ဖများနှင့် အလှူရှင်များက စိတ်အားထက်သန်စွာ လှူဒါန်းပေးနိုင်သော်လည်း နိုင်ငံတော်မှခုတင် ၃၀၀ ဆံ့အထိ အဆင့်မြှင့်၍ ဝန်ထမ်းအင်အား မခန့်ထားနိုင်လို့ရှိရင် မုံရွာပြည်သူ့ဆေးရုံရဲ့ ဝန်ဆောင်နိုင်မှုနဲ့ လူနာအရေအတွက်ဟာ မမျှမတဖြစ်နေကြောင်း ပကတိအရှိတရားကိုသုံးသပ်တင်ပြအပ်ပါတယ်။ ဒါကြောင့် မုံရွာပြည်သူ့ဆေးရုံခုတင် ၂၀၀ အစား ပြည်သူ့ဆေးရုံခုတင် ၃၀၀ အထိအဆင့်မြှင့်ပေးပါရန် နိုင်ငံတော်မှ အစီအစဥ်ရှိ၊ မရှိသိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာပြည်သူ့ဆေးရုံကြီးရဲ့ လက်ရှိဖွဲ့စည်းပုံကို အထူးကုဘာသာရပ် ၁၇ မျိုးပါဝင်တဲ့ အထူးကုဆရာဝန်ကြီး ၁၇ ဦး၊ အထူးကုဆရာဝန် ၁၇ ဦးအပါအဝင်

အရာထမ်းရာထူး ၁၀၆ နေရာ၊ အမှုထမ်းရာထူး ၄၈၈ နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး ၅၉၄ နေရာပါဝင်တဲ့ ခုတင် ၂၀၀ ဆံ့ စံချိန်ကိုက်ဖွဲ့စည်းပုံသို့ပြင်ဆင်ဖွင့်လှစ်ရန် ကျန်းမာရေးဦးစီးဌာနရဲ့ ၁၀-၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ကမပ/ဃ-၁၀၁၀/၉ နဲ့ ခွင့်ပြုမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးသို့ မိမိပြန်လည်မေးမြန်းခြင်း ဖြစ်ပါတယ်။ ဦးမောင်လှ၊ ပုလောမဲဆန္ဒနယ်မေးမြန်းတဲ့ ဆေးရုံများတွင်ဓာတ်မှန်တပ်ဆင်ပေးရန်နှင့်စပ်လျဉ်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားတာ မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကြားသိလိုက်ရပါတယ်။ ကြားသိရချက်ကတော့ တိုက်နယ်ဆေးရုံများမှာ ဓာတ်မှန်စက်တပ်ဆင်ပေးဖို့ မရှိသေးဘူး။ ဖွဲ့စည်းပုံမှာလည်းမပါသေးဘူး။ ဒါကြောင့် တချို့တိုက်နယ်ဆေးရုံတွေမှာ ဓာတ်မှန်စက်၊ သက်ဆိုင်ရာ တိုက်နယ်ဆေးရုံမှာရှိကြတဲ့ အလှူရှင်များရဲ့ဆန္ဒနဲ့ အလှူငွေနဲ့တပ်ဆင်ပေးတဲ့ဟာတွေလည်းရှိတယ်။ အဲ့လိုရှိတဲ့နေရာမှာ ဆေးရုံမှာကျွမ်းကျင်ဝန်ထမ်းမရှိတဲ့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများကအစီအစဉ်ဖြင့် သင်တန်းများပေးပြီးဓာတ်မှန်ရိုက်စေတယ်ဆိုတာကို ကြားသိလိုက်ရပါတယ်။ ဦးမောင်လှမေးတဲ့မေးခွန်းက ပုလောမြို့နယ်ရဲ့ တိုက်နယ်ဆေးရုံများရဲ့တည်ရှိမှုနှင့် သွားရေးလာရေး အခြေအနေတော့ မိမိအသေအချာမသိပါဘူး။ သို့ရာတွင် မိမိသိတဲ့ ကျောက်ကြီးမြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံရှိပါတယ်။ အဲ့ဒီတိုက်နယ်ဆေးရုံမှာ အကယ်လို့သာဓာတ်မှန်တပ်ဆင်ခွင့်မရှိဘူး။ ရှိရင်လည်း ကျန်းမာရေးဝန်ထမ်းကို သင်တန်းပေးပြီးမှ ခန့်အပ်မယ်ဆိုလို့ရှိရင် အခက်အခဲတွေလည်းရှိလာနိုင်ပါတယ်။ နောက်တစ်ခုကလည်း ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်လို့ အခြေခံကျကျ စောင့်ရှောက်ပေးဖို့ဆိုရင် တိုက်နယ်ဆေးရုံ၊ ဆေးခန်းများက ပိုပြီးတော့အရေးကြီးမယ်လို့ထင်ပါတယ်။ အကယ်လို့ မုန်းဒေသမှာရှိတဲ့ ပြည်သူတစ်ဦး ဓာတ်မှန်ရိုက်ရန်လိုအပ်လို့ မုန်းတိုက်နယ်ဆေးရုံမှာ မရှိဘူးဆိုလို့ရှိရင် မြို့နယ်ဖြစ်တဲ့ ကျောက်ကြီးကို သွားရိုက်ရပါမယ်။ မုန်းကနေ ကျောက်ကြီး သွားဖို့ခရီးအကွာအဝေး၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ သို့တည်းမဟုတ် မုန်းကနေပြီးတော့ ဖြူးမြို့နယ်ကို သွားပြီးရိုက်ရမှာလား။ ဒါဆိုလို့ရှိရင် တံပိုးထက်လက်ခတွေကြီးနိုင်တဲ့အတွက် ဒီလို တိုက်နယ်ဆေးရုံ တည်ရှိတဲ့အနေအထားပေါ်မူတည်ပြီးတော့လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက စဉ်းစားပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် စဉ်းစားသုံးသပ်ဖို့လိုပါတယ်။ ဒီဟာသည် အဆိုတစ်ရပ်အနေနဲ့ မိမိပြောကြားခြင်းမဟုတ်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ပြည်သူများရဲ့ကျန်းမာရေး

စောင့်ရှောက်ရမယ်ဆိုလို့ရှိရင် မည်ကဲ့သို့စီစဉ်ပေးမယ်ဆိုတဲ့ ပိုမိုထိရောက် နိုင်တဲ့အခြေအနေကိုသာ ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။

။ကျွန်တော့်အနေနဲ့ ပြန်ဖြေရှင်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဖြေပါ။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးရဲ့ ဆွေးနွေးချက်ကတော့ အင်မတန်မှ သင့်လျော်မှန်ကန်ပါတယ်။ ကျွန်တော်ကလည်းတစ်ချိန်က တပ်မတော်ထဲမှာ တာဝန်ထမ်းဆောင်ခဲ့ပြီးတော့ နေရာအနှံ့ရောက်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒီကိစ္စလေးကို အထိုက်အလျောက်သိပါတယ်။ အခုအခါမှာ မြို့နယ်ဆေးရုံအဆင့်အားလုံးကို ဓာတ်မှန်စက်တပ်ဆင်ဖို့ကိစ္စမှာ မနှစ်ကအထိပေါ့လေ။ အားလုံးကို ကျွန်တော်တို့ အပြည့်အဝမလုပ်နိုင်ခဲ့သေးဘူးခင်ဗျား။ ဓာတ်မှန်စက်တပ်ဆင်မယ်ဆိုလို့ရှိရင်လည်း လိုအပ်ချက်အနေနဲ့က ဓာတ်မှန်စက်တင်မဟုတ်ဘူးပေါ့လေ။ လျှပ်စစ်မီးရှိရမယ်။ အဆောက်အအုံကလည်း Radiation ကိုခံနိုင်တဲ့ အဆောက်အအုံဖြစ်ရမယ်။ နောက်ပြီးတော့ ဓာတ်မှန်ရိုက်တဲ့ကျွမ်းကျင်ဝန်ထမ်းလိုအပ်ပြီးတော့ ဓာတ်မှန်ကိုဖတ်တတ်တဲ့လူလည်းလိုပါတယ်ခင်ဗျာ။ အဲ့ဒီအခါကျတော့ စက်ရယ်လို့ သက်ဆိုင်ရာဒေသခံတွေကဝယ်ပြီးတပ်လိုက်ပေမယ့် အဆောက်အအုံအရပဲဖြစ်စေ၊ ကျွမ်းကျင်မှုအရပဲဖြစ်စေ၊ မပြည့်ဆည်းနိုင်ဘူးဆိုလို့ရှိရင် တပ်ပေမယ့်ထိရောက်မှုကျတော့ ရှိသင့်သလောက်မရှိပါဘူး။ အဲ့ဒီတော့ဖွဲ့စည်းပုံမရှိပေမယ့် ဒေသခံတွေအနေနဲ့လိုအပ်ချက်အရ ဆက်သွယ်ရေးကြောင့်ပဲဖြစ်စေ၊ အကြောင်းကြောင်းကြောင့်ပဲဖြစ်စေ လိုအပ်ချက်အရသူတို့လည်းတပ်ဆင်တဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီဟာကိုပြေလည်အောင်လုပ်တဲ့အခါမှာ လိုက်နာသင့်တဲ့အချက်အလက်တွေကိုလည်း ဖြည့်ဆည်းပေးပြီးတော့ ဓာတ်မှန်မှာဘေးကရိုက်တဲ့လူတွေပါ ဓာတ်ရောင်ခြည်ရဲ့ အန္တရာယ်မရှိရအောင်ပါ။ ဒါတွေလည်းကာကွယ်ပြီးတဲ့အခါမှာ ဖွဲ့စည်းပုံမရှိသော်လည်း ခုနလိုစောင့်ရှောက်မှုပေးနိုင်ဖို့၊ အလုပ်ဖြစ်နိုင်ဖို့ကို အောက်ခြေဝန်ထမ်းထဲက ပညာအထိုက်အသင့် နည်းနည်းလေး Physics လေးဘာလေး နည်းနည်းတော့တတ်ရမှာပေါ့လေ။ ဒီဝန်ထမ်းငယ်တွေကို ဒေသဆိုင်ရာအစီအစဥ်နဲ့ ပြည်နယ်/တိုင်းဆေးရုံကြီးတွေကိုပို့ပြီးတော့ ဓာတ်မှန်ရိုက်ပုံရိုက်နည်းကို Radio Grapher အချင်းချင်းပဲသင်တန်းပေးပါတယ်။ သင်တန်းပေးပြီးတော့ အဲ့ဒီကနေတစ်ဆင့်ရိုက်နိုင်ဖို့ကို ကျွန်တော်တို့လုပ်ပေးပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့အနေနဲ့ အစိုးရသစ်လက်ထက်မှာ ပြည်သူ့လွှတ်တော်ရဲ့ခွင့်ပြုချက်ကိုရရင်

ဘဏ္ဍာငွေများလည်း ပိုမိုရရှိလာမှာဖြစ်တဲ့အတွက် မြို့နယ်ဆေးရုံတွေတင်မက တိုက်နယ်ဆေးရုံတွေမှာ ဓာတ်မှန်စက်များ ဖြန့်ကျက်နိုင်ဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒီ့ထက်ပိုပြီးတော့ ကျွန်တော်တို့အနေနဲ့ ဥပမာဒီထက်ပိုအရေးကြီးတဲ့ ကွန်ပျူတာဓာတ်မှန် CT လိုကိစ္စမျိုးမှာလည်း ဒီလိုပါပဲ။ ဦးနှောက်သွေးကြောပိတ်သလား၊ ပေါက်သလားဆိုတဲ့ကိစ္စဟာ လေဖြတ်တဲ့အခါမှာ ပိတ်တယ်ဆိုတာကို သုံးနာရီအတွင်းသိနိုင်ပါတယ်။ သွေးပေါက်တာမဟုတ်ဘူး။ ပိတ်တယ်ဆိုတာ သုံးနာရီအတွင်းသိနိုင်တယ်။ ဒီသွေးခဲကို ပျော်စေတဲ့ဆေးကို ထိုးပေးနိုင်ရင် လေဖြတ်တာဟာ ကောင်းသွားမယ်ဆိုတာဟာ ကျွန်တော်တို့ အားလုံးသိပေမယ့် သွေးကြောပိတ်သလား။ ပေါက်သလားဆိုတာ CT နှင့် သုံးနာရီအတွင်းရိုက်မှသာ သိနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ မြို့ကြီးတွေမှာတောင် မဖြည့်နိုင်သေးဘူးဖြစ်နေတော့ အဲဒီအခါမှာ နှစ်ချက်ပါတယ်။ တစ်ချက်က ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ပဲ ရှိတဲ့အတွက်ကြောင့် လာရိုက်ရတဲ့အခါမှာ ငွေကြေးကုန်ကျစရိတ်တွက်ကြည့်ပြီးတဲ့အခါမှာ ဥပမာ-တနင်္သာရီတိုင်းကနေ လာရိုက်တာဟာ တစ်နေ့တစ်နေ့လာရိုက်ရတဲ့ခရီးစရိတ်သည် CT ဖိုးထက်၊ စက်ဖိုးထက် အဆပေါင်းများစွာ များနေပါတယ်။ မြစ်ကြီးနားကနေ မန္တလေးကို လာရိုက်ရတာဟာလည်း စက်ဖိုးထက်အဆပေါင်းများစွာ များနေပါတယ်။ ဒါကငွေကြေး ပါ။ နောက်တစ်ချက်ကတော့ အချိန်ပါခင်ဗျာ။ သုံးနာရီအတွင်း သိနိုင်ရင်ကယ်နိုင်မယ့်ကိစ္စကို ရန်ကုန် မှာ လာရိုက်မယ်၊ နေပြည်တော်မှာလာရိုက်ရမယ်၊ မန္တလေးမှာလာရိုက်ရမယ်ဆိုရင် သုံးနာရီကကျော်သွားမှာပဲ။ အဲဒီတော့ ကယ်နိုင်မယ့်ကိစ္စတွေ မသေရင်တောင်မှ ဒုက္ခိတမဖြစ်အောင်၊ မသေအောင် ကယ်နိုင်မယ့်ကိစ္စလေးတွေဟာ ဒါလေးတွေဟာ အားနည်းချက်ကြောင့် မလုပ်နိုင်ခဲ့ပါဘူး။ လာမယ့်ဘဏ္ဍာရေးနှစ်တွေမှာ ခွင့်ပြုချက်ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့က ပြည်နယ်နှင့်တိုင်းဆေးရုံကြီးတွေမှာ ဓာတ်မှန်စက်တင်မကဘဲနဲ့ ခုနလို ထိခိုက်ဒဏ်ရာကြောင့်ပဲဖြစ်စေ၊ သွေးကြောရောဂါကြောင့်ပဲဖြစ်စေ၊ လေဖြတ်တာ၊ ဦးနှောက်ထိခိုက်သွားတာတွေ ဒီလိုစက်မျိုးထားနိုင်ရင် ပိုကောင်းမှာဖြစ်တဲ့အတွက် ခွင့်ပြုချက်ရတဲ့အခါ ဒါတွေကို တပ်ဆင်ပြီးတော့၊ လေ့ကျင့်ပြီးတော့ ပညာရှင်များနှင့် လုပ်သွားမှာဖြစ်တဲ့အကြောင်း ဒါသတင်းကောင်းပါးပါတယ်။ ဘဏ္ဍာငွေကိုလည်း ခွင့်ပြုလိမ့်မယ်လို့လည်း ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေဆိုခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါမယ်။

အချိန်၊ ၁၁း ၂၀ ။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အစည်းအဝေးကို ၁၁း၅၀ နာရီမှာ ပြန်လည်စတင်မှာဖြစ်ပါတယ် ခင်ဗျား။ ကိုယ်စားလှယ်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

အချိန်၊ ၁၁း ၅၀ ။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ကအတည်ပြုချက်ဖြင့်ပေးပို့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော် ကိုယ်စားလှယ်များက ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆက်လက်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြု ချက်ဖြင့်ပေးပို့သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များက အခန်း (၈)၊ အပိုဒ် ၂၄ ထိ ဆွေးနွေးအတည်ပြုပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများနှင့်ပတ်သက်ပြီး ဇန်နဝါရီလ ၂၈ ရက်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေကြမ်းကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များနှင့် ပြင်ဆင်ချက်အဆိုတင်သွင်း ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံညှိနှိုင်းဆွေးနွေးကြပြီး ယခုကိုယ်စားလှယ်များထံ ဖြန့်ဝေ ထားတဲ့ ထပ်မံပြင်ဆင်ချက်ဇယားအတိုင်း လွှတ်တော်အစည်းအဝေးမှာ တင်ပြဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ ယခုအပိုဒ် ၂၅ မှ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆက်လက်ဆွေးနွေးပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဆောင်ရွက်သွားရပါမယ်။

**ဥက္ကဋ္ဌ**။ ။ အခန်း (၈)၊ အပိုဒ် ၂၅ နှင့်ပတ်သက်ပြီး ပြင်ဆင်ရန်တင်ပြသူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့မှ ဆွေးနွေး တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအမိန့်ရှိတဲ့အတိုင်းပဲ ကျွန်တော်တို့ စနေနေ့က အကောင်းဆုံးအဖြေရဖို့အတွက် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအား ပံ့ပိုးဆောင်ရွက်ခြင်းဟာ ဥပဒေကြမ်းရဲ့ အခန်း(၈) အပိုဒ် ၂၅ ဖြစ်ပါတယ်။ မူလအဆိုပြုပြဋ္ဌာန်းချက် ပထမဇယားကွက်မှာ ပါရှိပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်အနေနဲ့က ဒီဟာကို အပိုဒ်ခွဲ (က)နှင့် (ခ) နှစ်ခုခွဲပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကိုလည်းပဲ ဇယားအလယ်မှာ ဖော်ပြထားပါတယ်။ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုထားတဲ့ အပိုဒ်များကို ဖတ်ကြားတင်ပြပါမယ်။ အပိုဒ် ၂၅ ဗဟိုကော်မတီသည် အပိုဒ်ခွဲ (က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတောင်သူလယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်း များ ပြုလုပ်ခံရကြောင်းတင်ပြလာလျှင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဦးစွာညှိနှိုင်းပေးရမည်။ ညှိနှိုင်းမရရှိပါက ဥပဒေအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ အပိုဒ်ခွဲ (ခ) မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာအပေါ်တွင် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့်ရရှိထားခြင်း မရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ဆန္ဒအရ ညှိနှိုင်း ဆောင်ရွက်ပေးရမည်ဟုဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်နဲ့ ကွဲလွဲချက်မှာကတော့ အမျိုးသား လွှတ်တော်က လက်ရှိ၊ လက်ငုတ်ဆိုတဲ့စကားလုံးပါပါတယ်။ လက်ငုတ်လုပ်ကိုင်သူဆိုတဲ့အတွက် လွန်ခဲ့ သော သုံးနှစ်ကဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးတဲ့ အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနက နည်းဥပဒေများ ပြဋ္ဌာန်းတဲ့အခါမှာ အစိုးရရဲ့ ခွင့်ပြုချက်ကို ယူပြီးတော့ နည်းဥပဒေမှာ ထည့်သွင်းနိုင်တယ်ဆိုတဲ့ အချက်ပါပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အထဲမှာတော့ ဒီဟာကိုမထည့်တော့ဘဲနဲ့ အဲဒီကျမှပဲ ထည့်သွင်းစဉ်းစားဖို့ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ ပါတယ်။ နောက်အပိုဒ်ခွဲ(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေး

သော မြေဧရိယာအပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ၎င်းတို့နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်စေရမည်ဆိုပြီးတော့ (က)၊ (ခ)၊ (ဂ) သုံးပိုဒ်ခွဲပြီးတော့ တင်ပြထားပါတယ်။ အခြားတင်ပြရန် မရှိတော့ပါဘူး။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၈ ရက်နေ့က မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းရဲ့ အခန်း (၈)၊ အပိုဒ် ၂၅ နှင့်ပတ်သက်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနဲ့ ဥပဒေကြမ်းကော်မတီအပါအဝင် အဆိုပြုပြင်ဆင်ချက်တင်ပြထားတဲ့ ကိုယ်စားလှယ် များနှင့် အတူညှိနှိုင်းပြုစုထားခြင်းဖြစ်ပါ၍ ကော်မတီဥက္ကဋ္ဌက ဖတ်ကြားသွားတဲ့အတိုင်း ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တစ်သဘောတည်းရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ကော်မတီနှစ်ရပ်ရဲ့တင်ပြအဆိုပြုချက်များအပေါ် ထောက်ခံအတည်ပြုပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အခန်း(၈)၊ အပိုဒ် ၂၅ နဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ရက် (သောကြာနေ့) က အခြေအတင်စိတ်ပါဝင်စားစွာဆွေးနွေးပေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကိုလည်း မိမိအနေနဲ့ အသိအမှတ်ပြု ကျေးဇူးတင်ကြောင်းလည်းပြောလိုပါတယ်။ ဘာကြောင့်လဲဆိုရင် မိမိတို့ တာဝန်ထမ်းဆောင်တဲ့နေရာမှာ စိတ်ပါလက်ပါ ကြိုးကြိုးစားစား တာဝန်ထမ်းဆောင်တယ်လို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ အကြံပြု တင်ပြချက်များအပေါ် မူတည်ပြီးတော့ သီးခြားတွေ့ဆုံဆွေးနွေးမှုများလုပ်တဲ့အခါမှာ ယခုကဲ့သို့ ဖြစ်လာခြင်းပဲဖြစ်ပါတယ်။ ဥပဒေပြုတဲ့နေရာမှာ မြန်ဖို့ဆိုတဲ့ဟာကို အဓိကမထားပဲ မှန်မှန်ကန်ကန် ခိုင်ခိုင်ခံ့ခံ့ ဖြစ်သွားဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ထိုနေ့က အားထည့်ပြီးတော့ စေတနာထားပြီးတော့ ဝိုင်းဝန်း အကြံပြုတဲ့ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးလည်း မိမိအနေနဲ့ အသိအမှတ်ပြုကြောင်း ဒီမှာ ပြောကြား

ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဖြစ် ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၁၀)၊ အပိုဒ် ၃၀ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်လှိုင်(အဖွဲ့ဝင်၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဖွဲ့ဝင် ဦးတင်လှိုင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းရဲ့ အမှတ်စဉ် ၃၄၊ အခန်း (၁၀)၊ အပိုဒ် ၃၀ နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်က အတည်ပြု ထားတဲ့ အခန်း (၉) ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဆိုတဲ့ အချက်ကို သဘောတူထောက်ခံပါကြောင်း ကော်မတီကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥ ပဒေကြမ်းကော်မတီကို မမေးတော့ပါဘူး။ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ကော်မတီနှစ်ရပ်ရဲ့အဆိုပြုတင်ပြချက်အပေါ် သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြစ်သော အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်၊ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါသည်ဆိုတဲ့အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်း မပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူမှုဖြစ်ပါတယ်။ အဆိုမှာ အခန်း (၁) ခေါင်းစဉ် အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ (က)၊ (ဂ)၊(ဃ)၊(င)၊(ဈ)၊(ဋ)၊(ဌ)၊ အခန်း (၂) ခေါင်းစဉ်၊ အခန်း (၃) ခေါင်းစဉ် အပိုဒ် ၄၊ အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ အပိုဒ် ၆ အပိုဒ်ခွဲ (က)၊ (ခ) အပိုဒ် ၇၊၈၊၉၊ အခန်း(၄) ခေါင်းစဉ် အပိုဒ် ၁၀ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် ၂၊ အပိုဒ် ၁၀ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် ၁၊၂၊၃၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ အခန်း(၅) ခေါင်းစဉ် အပိုဒ် ၁၅ အပိုဒ်ခွဲ (ခ)၊ အခန်း (၆) ခေါင်းစဉ် အပိုဒ် ၁၆ အပိုဒ်ခွဲ (က)၊(ဃ)၊ အခန်း (၇) ခေါင်းစဉ် အပိုဒ် ၂၂ အပိုဒ်ခွဲ (က)၊(ဃ)၊ အခန်း (၈) ခေါင်းစဉ် အပိုဒ် ၂၃၊ အခန်း (၉) ခေါင်းစဉ် အပိုဒ် ၂၆၊၂၇၊၂၈၊၂၉၊ အခန်း(၁၀) ခေါင်းစဉ် နှင့် အပိုဒ် ၃၁၊၃၂၊၃၃၊၃၄ တို့သည် ဝန်ကြီးဌာန ၏အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အထက်ပါ အပိုဒ်၊ အပိုဒ်ခွဲများသည် ဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ ဥပဒေကြမ်းပါ ခေါင်းစဉ်နှင့် နိဒါန်းသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့် သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် ခေါင်းစဉ်နှင့်နိဒါန်းသည် အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များကို တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၆-၁-၂၀၁၂ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့တဲ့ ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၄၁ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင် ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းတဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို ဖတ်ကြား တင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့

အစီရင်ခံစာမှာ အစီရင်ခံစာအမှတ် ၁/၂၀၁၂ နှင့် အစီရင်ခံစာအမှတ် ၂/၂၀၁၂ ဆိုပြီး အပိုင်း နှစ်ပိုင်း ပါဝင်ပါတယ်။ အစီရင်ခံစာအမှတ် ၁/၂၀၁၂ ပထမပိုင်းမှာ မြစ်ရေတင်စီမံကိန်း၊ မြစ်ရေတင်လုပ်ငန်း များရဲ့ အကျိုးသက်ရောက်မှု၊ ရည်မှန်းချက်အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးတွေ့ရှိချက်အပေါ် ပြည်သူ့ငွေစာရင်းကော်မတီက သက်ဆိုင်ရာ တာဝန်ရှိ သူများအား ခေါ်ယူမေးမြန်းကြားနာခြင်း၊ သက်ဆိုင်ရာဌာနများမှ စာဖြင့်ရေးသားတင်ပြစေခြင်းများ ပြုလုပ်ပြီး လက်တွေ့ကွင်းဆင်းလေ့လာရန် အစီအစဉ်ရှိသော်လည်း အခြေအနေအရ လက်တွေ့ ကွင်းဆင်းလေ့လာခြင်း မပြုနိုင်ခဲ့ပါကြောင်းတွေ့ရပါတယ်။ စာရင်းစစ်ချုပ်နဲ့ သက်ဆိုင်ရာဌာနများ အားမေးမြန်းပြီး စာဖြင့်ရှင်းလင်းချက်များကို အခြေခံ၍သာ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို တင်ပြရခြင်းဖြစ်ပါကြောင်း ဖော်ပြပါရှိပါတယ်။ လွှတ်တော်ကော်မတီများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် လက်တွေ့ကွင်းဆင်းလေ့လာမှုများကို ဆောင်ရွက်နိုင်ပါက ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း ထောက်ခံအကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်ဆေးအစီရင်ခံသည့် မြစ်ရေတင်စီမံကိန်းလုပ်ငန်း ၆၇ ခုရဲ့ မူလ လျာထားအကျိုးပြုဧကမှာ ၂၉၉၈၉၅ ဧကဖြစ်ပြီး အမှန်ရေပေးဝေနိုင်တဲ့ဧကမှာ ၄၈၈၃၃ ဧကဖြစ်တဲ့ အတွက် သဲဆန်တဲ့မြေများမှာ မြေသားမြောင်းများသာ ဖောက်လုပ်နိုင်ခြင်းဆိုတဲ့ အားနည်းချက်ကို တွေ့ရှိရပါကြောင်း၊ တင်ပြပါစီမံကိန်းလုပ်ငန်း ၆၇ ခုရဲ့လျာထားတစ်ဧကအပေါ်ပျမ်းမျှကုန်ကျစရိတ်မှာ ၁၃၁၅၈၃ ကျပ်ဖြစ်ပြီး အမှန်မှာ ၁၆.၃ ရာခိုင်နှုန်းသာ ရေပေးဝေနိုင်မှာဖြစ်တဲ့အတွက် တစ်ဧက ၇၆၉၈၃၄ ကျပ်ကျသင့်နေကြောင်း၊ ဒါကြောင့် စီးပွားရေးတွက်ခြေကိုက်မှုဆိုတဲ့ ကုန်ကျစရိတ်နည်းတဲ့ နေရာများမှာသာ ဆောက်လုပ်သင့်ကြောင်း ထောက်ခံအကြံပြုတင်ပြအပ်ပါတယ်။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ မြစ်ရေတင်လုပ်ငန်းများမှာ လျာထား အကျိုးပြုဧက ၂၀၀၀ အထက် အထူးစီမံကိန်းများနဲ့ လျာထားအကျိုးပြုဧက ၂၀၀၀ အောက် မြစ်ရေတင်လုပ်ငန်းများကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လုပ်ငန်းပမာဏသေးငယ်တဲ့ လျာထားအကျိုးပြု ဧက ၂၀၀၀ အောက် လုပ်ငန်းများသည် ကုန်ကျစရိတ်သက်သာပြီး ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရ တဲ့အတွက် ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ စစ်ဆေးခဲ့တဲ့ မြစ်ရေတင်စီမံကိန်းလုပ်ငန်း ၆၇ ခုအနက် ၆၃ ခုမှာ လျှပ်စစ်ဓာတ်အားအသုံးပြုရကြောင်း၊ ၆၇ ခုစလုံး အတွက် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ပျမ်းမျှလျှပ်စစ်ဓာတ်အား ၅၉ ရာခိုင်နှုန်းသာရရှိကြောင်း၊

ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး ၃၆၈ ခုအတွက် လျှပ်စစ်ဓာတ်အား ၂၇.၆ ရာခိုင်နှုန်းသာရရှိကြောင်း၊ ဒါကြောင့် လျှပ်စစ်ဓာတ်အား အပြည့်အ၀ရနိုင်တဲ့နေရာများမှာသာ လုပ်ဆောင်သင့်ကြောင်းကို ထောက်ခံတင်ပြအပ်ပါတယ်။ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများမှာ ရေပေးဝေတဲ့ လယ် သို့မဟုတ် ယာတစ်ဧကအတွက် အမှန်တကယ် ဘယ်လောက်ပဲကုန်ကျကုန်ကျ နိုင်ငံတော်က ၉၀၀၀ ကျပ်နှုန်း သာကောက်ခံခဲ့ကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းများအရ စိုက်ပျိုးမြေတစ်ဧကအပေါ်တွင် နိုင်ငံတော်မှ ၂၃၄၉၀ ကျပ် စိုက်ထုတ်သုံးစွဲခဲ့ရတဲ့အတွက် အမှန်စိုက်ဧကဖြစ်တဲ့ ၄၈၈၃၃ ဧကအပေါ် မှာ နိုင်ငံတော်မှ ၁၁၄၇.၀၉ ကျပ်သန်းစိုက်ထုတ်ကုန်ကျခံခဲ့ရကြောင်း၊ အကယ်၍လျာထားဧက အားလုံးသာစိုက်ပျိုးနိုင်မယ်ဆိုရင် နိုင်ငံတော်ကတစ်နှစ်လျှင် ၈၈၂၅.၉ ကျပ်သန်း စိုက်ထုတ် အကုန်အကျခံရမည်ဖြစ်ကြောင်း စသည်ဖြင့်သိရှိရကြောင်း ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ယာမြေကို စပါးစိုက်ပျိုးဖို့အတွက် ရေပေးဝေရာမှာ လယ်မြေထက်သုံးဆလောက်ပေးရကြောင်း၊ သဲဆန်တဲ့မြေ များကိုရေပေးဝေရာမှာ တစ်ဧကလျှင် ၈ ဧကပေမှ ၁၂ ဧကပေအထိ လေးဆမှ ခြောက်ဆလောက် ပေးဝေရခြင်း၊ ရေတင်အဆင့် ၇ ဆင့်လောက်အထိ ရေတင်အဆင့်များများ ရေပေးဝေရခြင်းများ ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်မီတာပိုမို ကုန်ကျပြီး အရှုံးများစွာပေါ်ပေါက်ခဲ့ကြောင်း ပြည်သူများမှာလည်း အကျိုးမရှိနစ်နာလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရတဲ့အတွက် ဈေးကွက် စီးပွားရေးစနစ်မှာ ဗဟိုမှချမှတ်တဲ့ Top Down စီမံကိန်းများထက် ပြည်သူမှလိုလားတဲ့ Bottom Up စီမံကိန်းများကိုသာ ဦးစားပေးဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ မြစ်ရေတင် လုပ်ငန်းများမှ ရေပေးဝေစိုက်ပျိုးရာမှာ ဒေသစိမ်းလန်းစိုပြေရေးကောင်းခြင်း၊ အပေါ်ယံမြေလွှာဆုံးရှုံး မှုကို ပြန်လည်ပြုပြင်ပေးနိုင်ခြင်း၊ မြေအောက်ရေပြန်လည်ဖြည့်ဆည်းပေးနိုင်ခြင်း၊ တစ်ကိုယ်ရည် သန့်ရှင်းမှုအကျိုးရှိခြင်း၊ မြောင်းစစ်ဆေးရေးလမ်းများကို ကျေးရွာချင်းဆက်လမ်းများအဖြစ် အသုံးပြု နိုင်ခြင်းဆိုတဲ့ အကျိုးကျေးဇူးများရရှိသည်မှာမှန်သော်လည်း စီမံကိန်းမစတင်မီ ကြိုတင်တွက်ချက် လျာထားစဉ်ကပင် သီးခြားအကျိုးပြုနိုင်မှုကို ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါ တယ်။ လျာထားအကျိုးပြုဧက ၂၀၀၀ အောက် မြစ်ရေတင်လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးသင့်ပါကြောင်း၊ မြစ်ရေတင်စီမံကိန်းအသစ်များ ထပ်မံဆောင်ရွက်ခြင်း မပြုသေးပဲ ဆောင်ရွက်ဆဲလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးအတွက် အချိန်ယူဆောင်ရွက်သင့် ပါကြောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်း စွမ်းရည်တိုးမြှင့်ရေးအတွက် ဆောင်ရွက်သင့်ပါ

ကြောင်း၊ စီးပွားရေးတွက်ခြေမကိုက်သော ရေတင်အဆင့်များသောနေရာများမှာ စပါးစိုက်ပျိုးခြင်း ထက် ပြည်သူများအတွက် အကျိုးရှိစေမယ့် နှစ်သက်ရာသီးနှံကိုသာ စိုက်ခွင့်ပြုသင့်ကြောင်း နိုင်ငံတော်မှလျှပ်စစ်ဓာတ်အား စိုက်ထုတ်ကုန်ကျခံရခြင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ခွင့်မပြုသေးဘဲ လျှပ်စစ်ဓာတ်အားခကို ပြည်သူနှစ်သက်ရာသီးနှံစိုက်ပျိုးခွင့်ပြုပြီး ကျသင့်ငွေ ကောက်ခံသင့်ကြောင်း၊ ရေသုံးစွဲသူများအဖွဲ့ (Water User Association) ကို စနစ်တကျ ဖွဲ့စည်းပေးပြီး ဌာနမှရေတင်ပေးဖို့ တောင်သူမှ ကျသင့်ငွေ သို့မဟုတ် စပါးခွဲစသည်ဖြင့်ပေးစေပြီး စပါးခွဲသုံး ဓာတ်ငွေ့အင်ဂျင်မောင်း၊ ရေတင်ပန့်များ အသုံးပြုသင့်ကြောင်း အကြံပြုတင်ပြရင်း ပြည်သူ့ ငွေစာရင်းကော်မတီရဲ့အစီရင်ခံစာအမှတ် ၁/၂၀၁၂ ကို လေးနက်စွာ ထောက်ခံတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့အစီရင်ခံစာအမှတ် ၂/၂၀၁၂ ကို ဆက်လက်ပြီး ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ၂၀၀၈-၂၀၀၉ မှ ၂၀၁၀-၂၀၁၁ အထိ သုံးနှစ် စစ်ဆေးခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ရေအများဆုံးပေးဝေနိုင်ခဲ့ကြောင်းကိုတွေ့ရပြီး စီမံကိန်းလျာထား ဧကရဲ့ ၆၆.၈ ရာခိုင်နှုန်း ပေးဝေနိုင်ကြောင်း၊ ရေလှောင်တမံ၊ ရေလွှဲဆည်စီမံကိန်း ၁၄ ခုသည် တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်များပြီးစီးတဲ့အတွက် ဖွင့်ပွဲများကျင်းပပြီးသည်မှာ ၄ နှစ်မှ ၁၀ နှစ်အထိ ကြာမြင့်သည်ဖြစ်သော်လည်း ၃၁-၃-၂၀၁၁ ရက်နေ့အထိဆည်ရေသောက်စနစ်များမှာ ရာခိုင်နှုန်းပြည့် မပြီးသေးကြောင်း၊ စိုက်ပျိုးရေပေးဝေမှုအပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် လျာထားဆောင်ရွက် ထားသော ရေလှောင်တမံ ၂၃ ခုအနက် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ခုနစ်ခုမှာ လုံးဝထုတ်လုပ် နိုင်ခြင်းမရှိသေးကြောင်း၊ နှစ်ခုမှာလျာထားချက်မသိရှိရတဲ့အတွက် သုံးသပ်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ စီမံကိန်းအကျိုးအမြတ်ရရှိနိုင်မှုကို အချိန်ပေးလေ့လာဆန်းစစ်ပြီးမှ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းများ မျှော်မှန်းထားတဲ့အတိုင်း ရာခိုင်နှုန်းပြည့်နဲ့ ရာခိုင်နှုန်းပြည့်နီးပါး အကျိုးရှိပြီးတော့ လေ့လာဆန်းစစ်မှုများ မဆောင်ရွက်နိုင်ဘဲ အလျင်အမြန်ဆောင်ရွက်ခဲ့ရတဲ့ စီမံကိန်းအချို့မှာတော့ မျှော်မှန်းထားသည်ထက် လျော့နည်းစွာအကျိုးခံစားရမှုများကိုရရှိကြောင်း တွေ့ရှိရပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မှ စစ်ဆေးခဲ့တဲ့ ရေလှောင်တမံ၊ ရေလွှဲဆည် ၂၃၇ ခုအနက် ၅၀ ရာခိုင်နှုန်းအောက်သာ ရေပေးဝေ နိုင်တဲ့ ၉၃ ခုနဲ့ လုံးဝရေမပေးဝေနိုင်တဲ့ ၆၅ ခုကို တာဝန်ရှိသူများမှ ပြန်လည်စိစစ်၍ လွှတ်တော်သို့ ပြန်လည်တင်ပြသင့်ပါကြောင်း၊ ရေလှောင်တမံ၊ ရေလွှဲဆည်အသစ်တည်ဆောက်ခြင်းကို အသေးစိတ်

လေ့လာဆန်းစစ်တွက်ချက်မှုများ ပြုလုပ်ပြီးမှ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိမှသာ စတင်ဆောင်ရွက်သင့်ကြောင်း၊ ဆောင်ရွက်ပြီးတဲ့ ရေလှောင်တမံ၊ ရေလွှဲဆည်များကို ပြုပြင်ထိန်းသိမ်းမှုများ စနစ်တကျဆောင်ရွက်သင့်ကြောင်း၊ ဆောင်ရွက်ဆဲ ရေလှောင်တမံ၊ ရေလွှဲဆည်များကို အချိန်မီ တွက်ချက်၍ ဆောင်ရွက်သင့်ပါကြောင်း၊ ဆည်ရေသောက်စနစ်ကောင်းမွန်စွာဖြင့် ရေပေးဝေနိုင်ပြီး အောင်မြင်မှုရှိမှသာ ဖွင့်ပွဲအခမ်းအနားများဖြင့် အောင်ပွဲခံသင့်ကြောင်း၊ နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးကို ရှေးရှုပြီး သုံးသပ်တင်ပြခြင်းများဖြစ်တဲ့အတွက် လေးစားစွာဖြင့် ထောက်ခံ တင်ပြအပ်ပါတယ်။ သီးခြားအကျိုးကျေးဇူးများဖြစ်တဲ့ ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် အထောက်အကူပြုခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ခြင်း၊ စိုက်ပျိုးမြေများပိုမိုဖော်ထုတ်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိကြောင်းကို ဖော်ပြထားတာတွေ့ရှိရပါတယ်။ ဒါကြောင့် အကြံပြုတင်ပြလိုတာကတော့ နောင်မှာ တည်ဆောက်မယ့် စီမံကိန်းကြီးတွေကို လုပ်ငန်းမစတင်ကတည်းက အသေးစိတ်လေ့လာတွက်ချက်ပြီး စီးပွားရေးတွက်ခြေကိုက်မှု ရှိ၊ မရှိအပြင် နိုင်ငံတော်က စိုက်ထုတ်ကုန်ကျမှု အရင်းအနှီးနဲ့ ရရှိလာမယ့်အကျိုးကျေးဇူး ထိုက်သင့်မှု ရှိ၊ မရှိကိုလည်း တိကျစွာလျာထားတွက်ချက်သင့်ပါတယ်။ ဥပမာ-လယ်ယာမြေစိုက်ပျိုးခြင်းအပြင် ရေရှားတဲ့ဒေသမှာ သောက်သုံးရေအလုံအလောက်ရရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ စိုက်ပျိုးမြေပိုမိုဖော်ထုတ်နိုင်မှုစတဲ့ အကျိုးကျေးဇူးများ မည်၍မည်မျှရနိုင်ကြောင်း တိတိကျကျကြိုတင်တွက်ချက်သိရှိပြီးမှ နိုင်ငံတော်ရဲ့ရင်းနှီးစိုက်ထုတ်မှုနဲ့ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေနိုင်တဲ့ အကျိုးကျေးဇူးနှိုင်းယှဉ်ကြည့်လို့ ထိုက်သင့်ပါတယ်ဆိုမှ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပြီး ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံပါကြောင်း လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးရဲထွန်းဆွေးနွေးမယ့်ကိစ္စကတော့ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီက ဒီလ ၂၆ ရက်နေ့က ဒီလွှတ်တော်မှာ တင်သွင်းသွားခဲ့တဲ့ မြစ်ရေတင်စီမံကိန်းများနဲ့ပတ်သက်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို

ကော်မတီက သုံးသပ်အကြံပြုချက်အပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရေလှောင်တမံများ၊ ရေလွှဲဆည်များနဲ့ပတ်သက်တဲ့အစီရင်ခံစာအပေါ်မှာတော့ ဆွေးနွေးသွားဖို့ အစီအစဉ်မရှိပါ။ ပထမဦးစွာ ကျွန်တော်တို့ လွှတ်တော်ရဲ့ ပြည်သူ့ငွေစာရင်းကော်မတီက သုံးသပ်ချက်များဟာ ပိုမိုအသေးစိတ်ကျပြီး ပိုမိုစေ့စပ်သေချာစွာ လေ့လာထားတာဖြစ်တဲ့အပြင် မအောင်မြင်တဲ့လုပ်ငန်းတစ်ခုအပေါ်မှာ ပွင့်ပွင့်လင်းလင်းဝေဖန် သုံးသပ်တင်ပြထားတာတွေ့ရလို့ ကျွန်တော်တို့ နိုင်ငံမှာကျင့်သုံးနေတဲ့ Policy အမှားတချို့ကို ပြုပြင်နိုင်ဖို့အတွက် လမ်းစတော့ပွင့်ပြီလို့ ကျေနပ်ဝမ်းသာမိပါတယ်။ ကျွန်တော့် ဆွေးနွေးချက်မှာအချက်နှစ်ချက်ပါဝင်ပါတယ်။ နံပါတ် ၁ အနေနဲ့ အရှုံးပေါ်နေတဲ့မြစ်ရေတင်စီမံကိန်းများကို ဘယ်လိုပုံစံနဲ့ဆက်လက်သွားမလဲဆိုတာကို ဆွေးနွေးလိုပါတယ်။ စီးပွားရေးအရအရှုံးပေါ်နေတဲ့ လုပ်ငန်းစုဖြစ်တဲ့အတွက် အစိုးရကတာဝန်ယူဆောက်လုပ်ပေးပြီးတဲ့နောက် ဝန်ဆောင်မှုကို ဆက်လက်လုပ်ဆောင်ပေးတဲ့စနစ်နဲ့သွားလို့ မရတာကတော့ သေချာပါတယ်။ ဒါကြောင့် ကော်မတီရဲ့ အကြံပြုတိုက်တွန်းချက်အမှတ်စဉ် ၂၈ မှာ ဖော်ပြထားတဲ့ လျာထားအကျိုးပြု ဧက ၂၀၀၀ အောက် မြစ်ရေတင်လုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်မတိုင်မီအပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်များသို့ လွှဲပြောင်းပေးရေးဆိုတဲ့အစား အမှတ်စဉ် ၂၇ မှာဖော်ပြထားတဲ့အတိုင်း ရေသုံးစွဲသူပြည်သူလူထုသို့ သမဝါယမစနစ်မျိုးဖြင့် လွှဲပြောင်းပေး၍ရနိုင်သည့်နေရာတွင် လွှဲပြောင်းပေးခြင်း၊ ထိုသို့ ပြုလုပ်ပေးရန်အခြေအနေမရှိသည့်နေရာများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်အရစ်ကျစနစ်ဖြင့် လွှဲပြောင်းရောင်းချပေးခြင်းများ ပြုနိုင်မည်လားဆိုသည်ကို စဉ်းစားသင့်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်တဲ့ လယ်ယာမြေရေပေးဝေရေးလုပ်ငန်းကို Privatization ပြုလုပ်ဖို့ အကြံပြုခြင်းဖြစ်ပါတယ်။ နံပါတ် ၂ အနေနဲ့ကတော့ ကော်မတီရဲ့ အစီရင်ခံချက်အမှတ် ၂၆ ပါ ထောက်ပြချက်အတိုင်း ဒေသအလိုက်ဝမ်းစာဖူလုံရေးဆိုတဲ့ Policy ဟာ များစွာမှားယွင်းနေပါတယ်။ ထို Policy အမှားကို ကျင့်သုံးမိတဲ့အတွက် စိတ်စေတနာကောင်းပေမယ့် ဈေးကွက်စီးပွားရေးစနစ်နဲ့ မအပ်စပ်တဲ့ စီမံကိန်းသီးနှံကို ဇွတ်အတင်းအဓမ္မစိုက်ခိုင်းခြင်းများ၊ လွတ်လပ်စွာ ကုန်စည်စီးဆင်းမှုကို ပိတ်ပင်တားဆီးမှုများစတဲ့ မလိုလားအပ်တဲ့နောက်ဆက်တွဲကိစ္စရပ် များပေါ်လာကာ ထုတ်လုပ်ရေးကို ဆုတ်ယုတ်ကျဆင်းစေပါတယ်။ အမှန်ကတော့ မိမိဒေသ၊ မိမိနိုင်ငံရေမြေရာသီဥတုနဲ့ လိုက်လျောညီထွေရှိတဲ့ Comparative Advantage အရှိဆုံးဖြစ်တဲ့ သီးနှံကို စိုက်ပျိုးခွင့်ရှိသင့်ပါတယ်။ ဘယ်သီးနှံဟာ ကိုယ့်အတွက် အကျိုးအရှိဆုံးလဲဆိုတာကို အစိုးရဝန်ကြီးဌာနက လမ်းညွှန်ပြပေးခြင်း၊ လိုအပ်တဲ့စိုက်ပျိုးရေးနည်းနာများ ပံ့ပိုးပေးခြင်းနဲ့ အမြတ်အစွန်းကောင်းကောင်းရစေဖို့ လွတ်လပ်ပြီး

ခိုင်မာတဲ့ ဈေးကွက်တစ်ခုပေါ်လာအောင် ဆောင်ရွက်ပေးခြင်းသာပြုသင့်ပြီး ဘာစိုက်ရမှာလဲဆိုတာကို ရွေးချယ်ရမှာက စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများကိုယ်တိုင်ပဲ ဖြစ်သင့်ပါတယ်။ ဒီနေရာမှာ ကြုံကြိုက်တဲ့အတွက် ယခုနှစ် ကျွန်တော်တို့ ရှမ်းမြောက်ဒေသက နွေစပါးဇွတ်အတင်း စိုက်ခိုင်းတဲ့ကိစ္စရပ်ကို တင်ပြလိုပါတယ်။ နွေစပါးစိုက်တဲ့ကိစ္စဟာ ကျွန်တော်တို့ သီပေါမြို့နယ်မှာ ရေပူရွာလို့ခေါ်တဲ့ ရေပူစမ်းရှိပြီး ပူနွေးတဲ့ရေရနိုင်တဲ့ နမ့်အွန်ရွာကလွဲလို့ တခြားရွာတွေမှာ စိုက်လို့အောင်မြင်တယ်လို့ မကြားမိပါ။ တစ်ဧကစိုက်ရင် အရင်းပြန်မရတဲ့တောင်သူ၊ တစ်ဧကစိုက်ရင် ငွေ ၅၀၀၀၀ လောက်ရှုံးတဲ့တောင်သူစသဖြင့် နွေစပါး မစိုက်ပျိုးလိုသူများကိုသာ တွေ့ရပါတယ်။ အဲဒီ နွေစပါးအစား တစ်ဧကစိုက်ရင် ၁၀သိန်းမှ ၁၅ သိန်းလောက်အထိ မြတ်စွန်းနိုင်တဲ့ ဖရဲတို့၊ အရင်း ကုန်ကျမှုနည်းပြီး တစ်ဧက နှစ်သိန်းလောက်မြတ်နိုင်တဲ့ ပဲပုပ်တို့ကိုသာ စိုက်ပျိုးလိုကြပါတယ်။ ဒါပေမယ့် မြို့နယ်အုပ်ချုပ်ရေးရုံးက စာရေးမများက နွေစပါးအောင်မြင်အောင် မစိုက်နိုင်ရင် အလုပ်ကထွက်ရမယ်လို့ ပြောတာခံရလို့ ကျွန်တော့်ထံလာတိုင်တဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက သူတို့အခက်အခဲတွေနေကြောင်း ပြောကြပါတယ်။ နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာကလည်း ဒီလ ၂၇ ရက်နေ့ကပဲ ကျွန်တော့်ထံ ဖုန်းဆက်ပြီး အကြောင်းစုံတိုင်ကြားလာပါတယ်။ ဒီလိုအခက်အခဲ ကြုံလာတိုင်း အရင်နှစ်တွေက လုပ်လေ့ရှိတာက ရွာလူထုငွေစုကောက်ပြီး မြို့နယ်ကဝယ်ခိုင်းတဲ့ မျိုးစပါးကို ဝယ်ပေးလိုက်ခြင်းအားဖြင့် တစ်ရာသီ နားအေးပါးအေးဖြစ်သွားကြောင်း ယခုနှစ်မှာတော့ မအောင်မြင်တဲ့သီးနှံကို မစိုက်ပျိုးလိုတော့ပါလို့ ပွင့်ပွင့်လင်းလင်းပြောလို့ရလေမလားဆိုပြီး ကျွန်တော့် ထံကတစ်ဆင့် တင်ပြပေးဖို့တောင်းဆိုလာကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ထိပ်ပိုင်း ခေါင်းဆောင်များဖြစ်ကြတဲ့ နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌများက ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်ဆီကို အရှိန်အဟုန်နဲ့ ချီတက်ပြောင်းလဲနေချိန်မှာ အောက်ခြေလယ်သမားများက ငါတို့ဘဝတွေကတော့ ဘာမှအပြောင်းအလဲမရှိသေးပါလားဆိုတဲ့ ညည်းတွားသံက ကျွန်တော်တို့ကို ပိုမိုစိတ်ထိခိုက်စေပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများကို မိမိကြိုက်နှစ်သက်ရာသီးနှံကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ပြုဖို့ တစ်နိုင်ငံလုံးက ပြည်သူများသိရှိစေရန် သက်ဆိုင်ရာက ကြေညာပေးပါလို့ မေတ္တာရပ်ခံလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျွန်တော်ပြောခဲ့တဲ့ မြစ်ရေတင်စီမံကိန်းဒေသ များမှာ မိမိတို့ကြိုက်နှစ်သက်ရာသီးနှံကို စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးခွင့်ရမယ်ဆိုရင် ရေသုံးစွဲမှုကို လည်း မိမိလိုသလောက်သုံးစွဲ၊ မိမိသုံးစွဲသလောက်ကျခံစေတဲ့ ရေမီတာစနစ်တပ်ဆင်ထားတဲ့

ရေပိုက်လိုင်းနဲ့ ရေပေးဝေရေးကိုလုပ်ရင် ချွေချွေတာတာနဲ့ ထိထိရောက်ရောက်ဖြစ်လာမလားလို့ ယူဆမိပါတယ်။ ဒါကြောင့် ကျွန်တော်ပြောခဲ့တဲ့အချက်နှစ်ချက်ဟာ တစ်ခုနဲ့တစ်ခုဆက်စပ်လျက်ရှိပြီး ပြည်သူ့ငွေစာရင်းကော်မတီရဲ့ သုံးသပ်ချက်ဟာ မှန်ကန်ပါကြောင်းနဲ့ လိုအပ်တဲ့ ဥပဒေပြုမှုများ ကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ပြုလုပ်ပေးသင့်ပါကြောင်း အားဖြည့်ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိယဉ်ချမ်း၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိယဉ်ချမ်း (ကျိုက်မရောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများရှင့်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီး အဓိကအချက်နှစ်ချက် တင်ပြ လိုပါတယ်။ ပထမအချက်အနေနဲ့ တည်ဆောက်ပြီး ၁၀ နှစ်ကျော်ကာလအထိ လျာထားအကျိုးပြုဧက အပေါ်မှာ ရေလုံးဝမပေးနိုင်သော ရေလှောင်တမံနှင့်ရေလွှဲဆည်များနှင့်ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ အစီရင်ခံစာမှာ ရေလှောင်တမံ၊ ရေလွှဲဆည် ၂၃၇ ခုနှင့်ပတ်သက်ပြီး အသေးစိတ်တင်ပြ ထားတာကို လေ့လာသိရှိရပါတယ်။ အဲဒီအထဲကမှ တည်ဆောက်ပြီး ၁၀ နှစ်ကျော်ကာလအထိ လျာထားအကျိုးပြုဧကအပေါ် ရေပေးဝေမှုလုံးဝမရှိသေးသည့် ဆည်များကိုဖော်ပြလိုပါတယ်။ အဲဒါ တွေကတော့ ၁၉၉၇ ခုနှစ်တွင်ပြီးစီးခဲ့သည့် ဘော်လခဲမြို့ရှိ ဒေါတချရေလှောင်တမံ၊ ၁၉၉၂ ခုနှစ်မှာ ပြီးစီးသည့် မြောင်မြို့ရှိ လက်ယက်မရေလွှဲဆည်၊ ၁၉၉၅ ခုနှစ်မှာ ပြီးစီးသည့် ကော့သောင်းမြို့ရှိ ယင်းဝါရေလှောင်တမံ၊ ၁၉၉၄ ခုနှစ်မှာ ပြီးစီးသည့် ပြည်မြို့ရှိ မတောင့်တရေလွှဲဆည်၊ ၁၉၉၂ ခုနှစ်မှာ ပြီးစီးသည့် မြိုင်မြို့နယ်ရှိ မြိုင်ချောင်းရေလှောင်တမံ၊ ၂၀၀၀ ခုနှစ်မှာ ပြီးစီးသည့် ရေနံချောင်းရှိ လေးတိုင်စင်ရေလှောင်တမံ၊ ၂၀၀၂ ခုနှစ်မှာ ပြီးစီးသည့် ရေနံချောင်းရှိ နဂါးရေလှောင်တမံ၊ ၁၉၉၃ ခုနှစ်မှာ ပြီးစီးသည့် ဆိတ်ဖြူမြို့ရှိ ဝန်းယူရေလှောင်တမံ၊ ၂၀၀၂ ခုနှစ်မှာ ပြီးစီးသည့် ပြင်ဦးလွင်ရှိ ဆင်လမ်းရေလှောင်တမံ၊ ၁၉၉၆ ခုနှစ်မှာပြီးစီးသည့် ညောင်ဦးရှိ မြကန်ရေလှောင်တမံ၊ ၁၉၉၉ မှာ ပြီးစီးသည့် ဝမ်းတွင်းရှိ သပြေရိုးရေလှောင်တမံ၊ ၁၉၉၅ မှာ ပြီးစီးသည့် ရမည်းသင်းရှိ ရေဘုတ်ချောင်း ရေလှောင်တမံ၊ ၂၀၀၉ ခုနှစ်မှာ ပြီးစီးသည့် ကျောက်ဆည်ရှိ မြို့ကြီးရေလွှဲဆည်၊ ၁၉၉၄ မှာ ပြီးစီးသည့် ပျော်ဘွယ်ရှိ ချောင်းကောက်ရေလွှဲဆည်၊ ၂၀၀၂ ခုနှစ်မှာ ပြီးစီးသည့် တောင်သာရှိ ကျောက်တစ်လုံး ရေကူကန်၊ ၁၉၉၂ ခုနှစ်မှာ ပြီးစီးသည့် လှည်းကူးရှိ တောင်လုံးမြောင် ရေလှောင်တမံ၊ ၁၉၉၃ မှာ

ပြီးစီးသည့် ကိုကိုးကျွန်းရှိ ကိုကိုးကျွန်းရေလှောင်တမံ၊ ၂၀၀၂ ခုနှစ်မှာ ပြီးစီးသည့် လှည်းကူးရှိ ကလီထော်ရေလှောင်တမံတို့ ဖြစ်ပါတယ်။ ဖော်ပြပါအချက်တွေကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အနေနဲ့ အကျိုးရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများအဆင့်ဆင့်မှ စိစစ်သုံးသပ်ပြီး ပြုပြင်သွားဖို့ လိုအပ်ပါကြောင်း တင်ပြဆွေးနွေး လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒုတိယအချက်အနေနဲ့ မြစ်ရေတင်စီမံကိန်းနှင့်ပတ်သက်ပြီး နောက်ဆက်တွဲ (စ) မှာ ဖော်ပြထားသည့် အစီရင်ခံစာမှာပါရှိတဲ့ ကျွန်မတို့ဒေသရှိ ခမ္မသမြစ်ရေတင်စီမံကိန်းရဲ့ ပကတိအခြေအနေကို ဆွေးနွေးတင်ပြလိုပါတယ်ရှင့်။ ခမ္မသမြစ်ရေတင်စီမံကိန်းကို ၂၀၀၅ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ ယနေ့အထိ အပြီးအပြတ်မဆောင်ရွက်နိုင်သောကြောင့် ဒေသခံလူထုအနေနဲ့ ပြီးပြတ်အောင် ဆောင်ရွက်ပေးဖို့ မျှော်လင့်နေပါတယ်။ ရပ်ဆိုင်းရခြင်းအကြောင်းကတော့ လျှပ်စစ်မီးကြောင့်ဟု သိရှိရပါတယ်ရှင့်။ ယခုအစီရင်ခံစာထဲမှာ လာမည့် ၂၀၁၂-၂၀၁၃ ခုနှစ် လျာထားရန်ပုံငွေ ထပ်မံတောင်းထားသည်ကိုတွေ့ရပါတယ်။ ၂၀၀၅ ခုနှစ်မှ ယနေ့အထိ မပြီးပြတ်သေးသောကြောင့် ၎င်းတို့၏ရေစီးဆင်းမှုပုံစံမှာ လက်ရှိအနေအထားအရ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုကာလကြာရှည်ပြီး စိုက်ပျိုးရေအတွက် အခက်အခဲကြုံတွေ့နေရပါတယ်။ ဒါကြောင့် ရေရှည်ရေနစ်မြုပ်မှုကို ကာကွယ်ရန် ဒီဇိုင်းပုံစံကို သက်ဆိုင်ရာ တာဝန်ရှိသူများအဆင့်ဆင့်မှ ကွင်းဆင်းလေ့လာပြီး ပြန်လည်စိစစ်ဆောင်ရွက်စေလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ စီမံကိန်းကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်သင့်ပါတယ်။ ထိုမပြီးပြတ်မှု၊ ရေကြီးမှု၊ စီမံကိန်းကြာမြင့်မှုတို့ကြောင့် ဒေသခံပြည်သူများအနေနဲ့ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်လိုစိတ်မရှိတော့ဘဲ လပ်မြေအဖြစ်ထားရှိနေကြသည်ကိုလည်း တွေ့ရှိရပါတယ်။ နိဂုံးချုပ်အနေဖြင့် ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာတွင် အကြံပြုထားသည့်အတိုင်း ရေတင်ခကုန်ကျစရိတ်နှင့် ပတ်သက်၍ ဒေသခံရေသုံးစွဲသူများမှ ကျခံနိုင်၊ မနိုင်ဆိုတာ ကြိုတင်တွက်ချက်ညှိနှိုင်းပြီး ဆက်လက်အကောင် အထည်ဖော်သင့်ပါကြောင်း အကြံပြုရင်းနိဂုံးချုပ်အပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးမိုးဇော်ဟိန်း၊ ကသာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီကတင်ပြတဲ့ အစီရင်ခံစာ အမှတ်စဥ် ၁/၂၀၁၂ နဲ့ ၂/၂၀၁၂ တို့ကို ထောက်ခံဆွေးနွေး

တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့အချက်ငါးချက်နဲ့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ကတော့ စီမံကိန်းရဲ့မူလရည်မှန်းချက်လျာထားအကျိုးပြုဧကနှင့် စီမံကိန်းပြီး အမှန်တကယ်အကျိုးပြုဧကကွာခြားချက်များခြင်းပဲ ဖြစ်ပါတယ်။ အစီရင်ခံစာမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ စစ်ဆေးတင်ပြချက်အရ မြစ်ရေတင်အထူးစီမံကိန်း ၂၆ ခုနဲ့ ဌာန အစီအစဉ်နဲ့ ဆောင်ရွက်တဲ့မြစ်ရေတင်လုပ်ငန်း ၄၁ ခု၊ စုစုပေါင်း ၆၇ ခုရှိပြီး လျာထားအကျိုးပြုဧက စုစုပေါင်းဟာ ၂၉၉၀၀၀ ကျော်ရှိကြောင်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်းမှာ သက်ဆိုင်ရာ ဌာနတွေရဲ့ ကွင်းဆင်းစစ်ဆေးချက်အရ အမှန်စိုက်ဧကမှာ ၄၈၈၃၃ ဧကသာရှိခြင်းကြောင့် စီမံကိန်းအပေါ် လျာထားချက်ရဲ့ ၁၆.၃ ရာခိုင်နှုန်းကိုသာ အကောင်အထည်ဖော်နိုင်ပါကြောင်း။ ဒီနေရာမှာလည်းပဲ ၂၅ ရာခိုင်နှုန်းအထက် အကောင်အထည်ဖော်နိုင်တဲ့ မြစ်ရေတင်လုပ်ငန်း ၁၉ ခု၊ ၂၅ ရာခိုင်နှုန်း အောက် အကောင်အထည်ဖော်နိုင်သော မြစ်ရေတင်လုပ်ငန်း ၄၃ ခုနဲ့ လုံးဝရေပေးဝေနိုင်ခြင်းမရှိတဲ့ မြစ်ရေတင်လုပ်ငန်း ၅ ခုရှိကြောင်း ဖော်ပြထားတာကိုသိရှိရတဲ့အတွက် စီမံကိန်းများရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်မှုမရှိခြင်းကြောင့် လျာထားအကျိုးပြုဧကနှင့် အမှန်အကျိုးပြုဧက ကွာခြားချက်များနေကြောင်းကို လေ့လာသိရှိရပါတယ်။ အဲဒီလိုကွာခြားချက်များရခြင်းဟာ စီမံကိန်း မစတင်မီ (Detailed Survey and Design) အားနည်းခဲ့ခြင်း၊ လျှပ်စစ်မီးအပြည့်အဝမရရှိခြင်း၊ ရေသွယ်မြောင်းများဖောက်လုပ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်ခြင်း၊ ရေတင်အဆင့်အားလုံး ပြီးစီးမှုမရှိခြင်း၊ ရေတင်ပန့်များအပြည့်အဝတပ်ဆင်နိုင်မှုမရှိခြင်း၊ ဒီဇယ်ရေတင်စနစ်များသည် ကုန်ကျစရိတ်များသဖြင့် လျှပ်စစ်မြစ်ရေတင်စနစ်သို့ ပြောင်းလဲဆောင်ရွက်နေရခြင်း၊ စီမံကိန်း ရေသောက်ဧရိယာအတွင်း၌ ဆည်ရေသောက်ဧရိယာများထပ်နေခြင်း၊ ကုန်းမြင့်မြေများသို့ ရေပေးဝေ နိုင်ရေးအတွက် ရေပေးစနစ်များ ပြန်လည်စိစစ်ရန်လိုအပ်ခြင်းတို့ကြောင့် မြစ်ရေတင်စီမံကိန်းများ ရဲ့မူလရည်မှန်းချက်၊ လျာထားအကျိုးပြုဧကနှင့် စီမံကိန်းပြီးအမှန်တကယ် အကျိုးပြုဧကတို့ဟာ ကွာခြားချက်များနေကြောင်းကို သိရှိရခြင်းဖြစ်ပါတယ်။

ဒါ့အပြင် တည်ဆောက်ပြီးရေလှောင်တမံနှင့် ရေလွှဲဆည်စုစုပေါင်း ၂၃၇ ခုရဲ့ လျာထားအကျိုး ပြုဧကဟာ စုစုပေါင်း ၃၅၀၀၀၀၀ကျော် ဧကဖြစ်ပြီးတော့ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်းမှာ သက်ဆိုင်ရာ ဌာနများရဲ့ ကွင်းဆင်းစစ်ဆေးချက်အရ အမှန်စိုက်ဧကရဲ့ ၂၃၅၈၀၀၀ ကျော်ကိုသာ စိုက်ပျိုးနိုင်တဲ့ အတွက် စီမံကိန်းလျာထားချက်အပေါ် ၆၆.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပါကြောင်း။ ဒီနေရာမှာ လျာထားဧကပိုလွန်၍ အကောင်အထည်ဖော်နိုင်သော ရေလှောင်တမံ၊ ရေလွှဲဆည် ၂၉ ခု၊

၉၀ ရာခိုင်နှုန်းနှင့်အထက် အကောင်အထည်ဖော်နိုင်တဲ့ ရေလှောင်တမံ၊ ရေလွှဲဆည် ၁၀ ခု၊ လျာထား ဧကအောက်များစွာ လျော့နည်းရေပေးဝေလျက်ရှိတဲ့ ရေလှောင်တမံ၊ ရေလွှဲဆည် ၁၃၂ ခုနဲ့ လုံးဝ ရေပေးဝေနိုင်ခြင်းမရှိတဲ့ ရေလှောင်တမံ၊ ရေလွှဲဆည် ၆၄ ခုရှိကြောင်း ဖော်ပြထားတာသိရှိရတဲ့ အတွက် ဒီနေရာမှာလည်း လျာထားအကျိုးပြုဧကနှင့် အမှန်တကယ်အကျိုးပြုဧက ကွာခြားချက်များ နေကြောင်းကို လေ့လာသိရှိရပါတယ်။ အဲဒီလိုကွာခြားရခြင်းမှာလည်း စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာမှာ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ကနဦးတိကျမှန်ကန်စွာ လေ့လာ သုံးသပ် စိစစ်မှုအားနည်းခြင်း၊ ဒီဇိုင်းပုံစံပြုအခြေအနေများနှင့်ကိုက်ညီအောင် ဆောင်ရွက်နိုင်ခဲ့မှု အားနည်းခြင်း၊ ဆည်ရေသောက်စနစ်များ၊ ရေပေးအဆောက်အအုံများ မပြီးသေးခြင်း၊ ရေဝပ်ဧရိယာ အတွင်းရှိ မြေအမျိုးအစားဟာ သဲဆန်တဲ့မြေအမျိုးအစားမှာ ပါဝင်နေတဲ့အတွက် ဝင်ရောက်လာတဲ့ ရေများဟာ မြေအောက်ကို စီးဝင်သွားသောကြောင့် စိုက်ပျိုးရေပေးဝေနိုင်မှုမရှိခြင်း၊ အစီရင်ခံတဲ့ သုံးနှစ်အတွင်းမှာ မိုးရွာသွန်းမှုမပြည့်မီတဲ့အတွက် ဆည်အတွင်း ရေဝင်ရောက်မှုနည်းပါးခြင်း၊ အချို့ သောဆည်များဟာ သောက်သုံးရေအတွက်နဲ့ ရေကူပေးရန်အတွက်သာ ဖြစ်ပြီး စိုက်ပျိုးရေ ပေးဝေနိုင် မှုမရှိခြင်း၊ ကန်ရေသေအမှတ်အထက်သို့ ရောက်ရှိ သိုလှောင်နိုင်စွမ်းမရှိသောကြောင့် ရေပေးဝေနိုင်မှု မရှိခြင်းစသည့်အချက်များကြောင့် ရေလှောင်တမံနှင့် ရေလွှဲဆည်များဟာလည်းပဲ လျာထားအကျိုးပြု ဧကနှင့် အမှန်အကျိုးပြုဧကကွာခြားချက်များနေတယ်ဆိုတာကို အစီရင်ခံစာမှာ တွေ့ရှိကြရပါတယ်။

ဆက်လက်ပြီး ဒုတိယအချက်အနေနဲ့ကတော့ နိုင်ငံတော်မှစိုက်ထုတ်ရင်းနှီးငွေနှင့် အကျိုးသက် ရောက်မှုနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။ အစီရင်ခံစာပါ မြစ်ရေတင် များအနက် မန္တလေးတိုင်းဒေသကြီး စီမံကိန်းသုံးခုမှာ စီမံကိန်းတန်ဖိုး မသိရှိရဘဲ ကျန် ၆၄ ခုရဲ့ စီမံကိန်းတန်ဖိုးဟာ ကျပ် ၃၇.၅၉၃ ဘီလီယံဖြစ်ပြီး ၁၆.၃ ရာခိုင်နှုန်းကိုသာ ရေပေးဝေနိုင်တယ်။ ရေပေးဝေနိုင်တဲ့ တစ်ဧကအပေါ်မှာ တွက်ချက်လျှင် ၇၇၀၀၀၀ နီးပါးကုန်ကျနေကြောင်း တွေ့ရှိရပါ တယ်။ ဒါ့အပြင် အစီရင်ခံစာပါ မြစ်ရေတင်လုပ်ငန်းများမှာ ၆၃ ခုဟာ လျှပ်စစ်မီးအသုံးပြုရတဲ့အတွက် ရေပေးတဲ့လယ်ယာတစ်ဧကအတွက် အမှန်တကယ်မည်မျှကုန်ကျသည်ဖြစ်စေ နိုင်ငံတော်ကနေ ၉၀၀၀ ကျပ်ကိုသာ ကောက်ခံပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းများအရ စိုက်ပျိုးမြေ တစ်ဧက အပေါ်မှာ နိုင်ငံတော်မှ ၂၃၄၉၀ ကျပ်စိုက်ထုတ်သုံးစွဲခဲ့ရတဲ့အတွက် အမှန်စိုက်ဧက ၄၈၈၀၀ ကျော် အပေါ်မှာ နိုင်ငံတော်မှ စီမံကိန်းတန်ဖိုးအပြင် ကျပ်သန်း ၁၀၀၀ ကျော်ကို စိုက်ထုတ်သုံးစွဲခဲ့ရကြောင်း သိရှိရပါတယ်။ ထို့အတူ နိုင်ငံတော်အနေနဲ့ ရေလှောင်တမံ၊ ရေလွှဲဆည်စီမံကိန်း ၂၃၇ ခုကို လည်း

စုစုပေါင်းတန်ဖိုးကျပ် ၃၈.၄၈၃ ဘီလီယံ စိုက်ထုတ်ရင်းနှီးခဲ့ပြီး အမှန်ရေပေးဝေနိုင်တဲ့ စိုက်ဧကဟာ ၂၃၅၀၀၀၀ ကျော်ကိုသာ ရေပေးဝေနိုင်ခဲ့ပါတယ်။ အဲဒီနေရာမှာ တစ်ဧကအပေါ် တွက်ချက်လျှင် ၁၃၀၀၀၀ ကျော် ကုန်ကျနေတာကို တွေ့ရှိရပါတယ်။ အဲဒီအချက်တွေကို သုံးသပ်ကြည့်လို့ရှိရင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံနှင့် ရေလွှဲဆည်များဟာ မူလရည်မှန်းချက် ဧကပြည့်မီ အောင်ရေပေးဝေနိုင်မှသာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေများ ကျခံသုံးစွဲရကျိုးနပ်ပြီး အကျိုးသက်ရောက်မှု ရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ကတော့ နိုင်ငံတကာ ဆည်မြောင်းစီမံကိန်းများရဲ့စံနှုန်းများဖြင့် အကောင်အထည်ဖော်မှုနှင့် စူးစမ်းလေ့လာ ဆန်းစစ်မှုများ အားနည်းခြင်းနှင့်ပတ်သက်ပြီးတော့မှ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတကာ ဆည်မြောင်း စီမံကိန်းများရေးဆွဲရာမှာ စီးပွားရေးတွက်ချေကိုက်မှု ရှိ၊ မရှိ သုံးသပ်စိစစ်ခြင်း၊ (Economic Rate Of Return ERR) တွက်ချက်ခြင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုအရ တွက်ချေကိုက်မှုရှိ၊ မရှိ စိစစ်ခြင်း၊ (Internal Rate Of Return IRR) တွက်ချက်ခြင်း၊ (Net Present Value NPV) တွက်ချက်ခြင်း၊ (Payback Period)တွက်ချက်ခြင်းတို့ကို လုပ်ဆောင်လေ့ရှိသော်လည်း ဖော်ပြပါ မြစ်ရေတင်စီမံကိန်းများမှာ အထက်ပါတွက်ချက်ထားမှု အားနည်းနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ရာမှာ အမှန်တကယ်အကျိုးရှိနိုင်ဖို့ အတွက် ကျွန်တော်ဖော်ပြခဲ့တဲ့ ကြိုတင်တွက်ချက်မှုများ ပြုလုပ်ရန်လိုအပ်ပါကြောင်း။ ထို့အတူ ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း စီမံကိန်းအကျိုးအမြတ် ရရှိနိုင်မှုကို အချိန်ပေးလေ့လာဆန်းစစ်၍ လုပ်ဆောင်ခဲ့သော စီမံကိန်းများဟာ မျှော်မှန်းထားတဲ့ အကျိုးကျေးဇူးများကို ရာနှုန်းပြည့်နီးပါးရရှိခဲ့ပြီး လုံလောက်သော လေ့လာဆန်းစစ်မှုများ မဆောင်ရွက် ခဲ့ရဘဲ အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရသော စီမံကိန်းအချို့တွင်မူ အကျိုးကျေးဇူး ရရှိမှုဟာ မျှော်မှန်းထားတာထက် လျော့နည်းမှုများ၊ အချို့မှာ မျှော်မှန်းထားသကဲ့သို့ ဖြစ်မလာမှုများ တွေ့ကြုံခဲ့ရကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အဲဒီကိန်းဂဏန်းအချက်အလက်များအရ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတကာဆည်မြောင်းစီမံကိန်းများ၏ စံနှုန်းများ အကောင်အထည်ဖော်မှုနှင့် စူးစမ်းလေ့လာဆန်းစစ်မှုများ မလွဲမသွေလိုအပ်ကြောင်းကို တင်ပြဆွေးနွေးအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက်အနေနဲ့ တောင်သူများအား အမှန်တကယ်အကျိုးရှိစေမယ့် သီးနှံများကိုသာ စိုက်ပျိုးစေခြင်း၊ မြစ်ရေတင်လုပ်ငန်းများဟာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် မူလဒီဇိုင်းပါ သီးနှံပုံစံနှင့် ကိုက်ညီမှုရှိတဲ့လုပ်ငန်း ၂၉ ခုနဲ့ သီးနှံပုံစံနှင့် ကိုက်ညီမှုမရှိတဲ့လုပ်ငန်း ၃၈ ခုကို စိစစ်တွေ့ရှိရကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ မူလဒီဇိုင်းပါ သီးနှံပုံစံမှာ ယာသီးနှံစိုက်ပျိုးရန် ဖြစ်သော်လည်း ဒေသဆန်ဖူလုံနိုင်ရေးအတွက် စပါးသီးနှံစိုက်ပျိုးရမည်ဖြစ်သောကြောင့် ရေပိုမိုပေးရကြောင်းနှင့် ယာသီးနှံစိုက်ပျိုးလျှင် ရေနှစ်ဧကပေ လိုအပ်မှာ ဖြစ်သော်လည်း ယာမြေပေါ်တွင် စပါးစိုက်ပါက ရေခြောက်ဧကပေနှုန်း လိုအပ်ကြောင်း သိရှိရပါတယ်။ လက်ရှိရေတင်ခကောက်ခံတဲ့နှုန်းထားတွေဟာ မိုးစပါးတစ်ဧကမှာ ၆၀၀၀၊ နွေစပါးတစ်ဧကမှာ ၉၀၀၀နဲ့ အခြားသီးနှံတစ်ဧကစိုက်ပျိုးလျှင် ၃၀၀၀ ကျပ်နှုန်းကောက်ခံကြောင်း၊ အမှန်တကယ်ရေပေးဝေရာမှာ အထူးသဖြင့် အညာဒေသ သဲဆန်တဲ့မြေများမှာ ရေပေးရတဲ့အတွက် ရေဧကပေ ပိုပေးရခြင်း၊ အချို့သောစီမံကိန်းလုပ်ငန်းများဟာ မူလက ရေတင်အဆင့် ၁ တွင်သာ စပါးစိုက်ပျိုးရန် လျာထားပါသော်လည်း ရေတင်အဆင့် ၇ ထိ စပါးစိုက်ပျိုးရန် ရေပေးဝေရတဲ့အတွက် လျှပ်စစ်မီတာခပိုမို ကုန်ကျပြီး နိုင်ငံတော်အနေနဲ့ အရှုံးပေါ်ကာ တောင်သူများလည်း တွက်ခြေမကိုက်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် စီမံကိန်းလုပ်ငန်းများရဲ့ မူလဒီဇိုင်း လျာထားချက်သီးနှံပုံစံအတိုင်း စပါးစိုက်ပျိုးသင့်တဲ့မြေနေရာမှာ စပါးစိုက်ပျိုးပြီး စပါးစိုက်ပျိုး၍ မရနိုင်တဲ့နေရာများမှာ တောင်သူများ စီးပွားရေးတွက်ခြေကိုက်မယ့် အခြားသီးနှံများ စိုက်ပျိုးနိုင်ခြင်းနှင့် နိုင်ငံတော်မှ စိုက်ထုတ်ပေးချေရသော လျှပ်စစ်ဓာတ်အားခကုန်ကျစရိတ်များ လျော့နည်းနိုင်ခြင်း၊ တောင်သူများရဲ့ဝင်ငွေတိုးတက်နိုင်ခြင်း၊ ရေပေးစိုက်ဧကများတိုးတက်လာပြီး အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းမြင့်မားလာခြင်းစတဲ့ အကျိုးကျေးဇူးများကို ရရှိနိုင်မှာဖြစ်တဲ့အတွက် တောင်သူများအား အမှန်တကယ်အကျိုးရှိစေမယ့် သီးနှံများကိုသာ စိုက်ပျိုးစေခြင်းဖြင့် နိုင်ငံတော်လည်း အကျိုးရှိ၊ တောင်သူများလည်း အကျိုးရှိစေမှာဖြစ်ကြောင်းဆွေးနွေးတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအချက်အနေနဲ့ကတော့ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်တင်ပြချက်နှင့် အကြံပြုတင်ပြချက်များအပေါ် ပြုပြင်သင့်သည်များ၊ ပြင်ဆင်သင့်သည်များကို လိုက်နာဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က ဆောင်ရွက်ခဲ့တဲ့ မြစ်ရေတင်စီမံကိန်း ၆၇ ခု၊ ရေလှောင်တမံ၊ ရေလွှဲဆည် ၂၃၇ ခုတို့နှင့်ပတ်သက်ပြီး အစီရင်ခံစာ နှစ်ခု

စလုံးမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ စစ်ဆေးတွေ့ရှိချက်၊ အဆိုပါစစ်ဆေးတွေ့ရှိချက်အပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ သုံးသပ်တင်ပြချက်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ တွေ့ရှိသုံးသပ်ချက်များနှင့် အကြံပြုတိုက်တွန်းချက်များ ဖော်ပြထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနရဲ့ တွေ့ရှိသုံးသပ်ချက်များကိုလည်း ပြည့်ပြည့်စုံစုံနဲ့ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အဆိုပါ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်တင်ပြချက်နှင့် အကြံပြုတင်ပြချက်များကို တာဝန်ရှိသူ အဆင့်ဆင့်က ပြုပြင်သင့်သည်များကို ပြုပြင်ပြီး အားနည်းချက်၊ အားသာချက်များကို ဆန်းစစ်ကာ ထိထိရောက်ရောက်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်ရဲ့ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး နိုင်ငံတော်လည်းအကျိုးရှိ၊ ပြည်သူလည်းအကျိုးရှိကာ တောင်သူလယ်သမားများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အစီရင်ခံစာကို ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကြီးကြပ်မှုအောက်မှာရှိတဲ့ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တည်ဆောက်ပြီးစီးခဲ့တဲ့ မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံများ၊ ရေလွှဲဆည်များနှင့်ပတ်သက်လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းကော်မတီက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ သုံးသပ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအစီရင်ခံစာအပေါ် ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဒီစီမံကိန်းများနှင့်ပတ်သက်လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို လေ့လာရုံသာမက သက်ဆိုင်ရာ တာဝန်ရှိသူများကို ခေါ်ယူမေးမြန်းကြားနာခြင်း၊ စာဖြင့် ရေးသားရှင်းလင်းတင်ပြခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းပြည်ပ ကိုးကားချက်များနှင့် အစီရင်ခံစာကို စေ့စေ့စပ်စပ် ပြည့်ပြည့်စုံစုံတင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော်ငွေစာရင်းကော်မတီရဲ့ ဆောင်ရွက်ချက်များကို ဤလွှတ်တော်ကြီးမှ မှတ်တမ်းတင်ဂုဏ်ပြုသင့်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစီမံကိန်းများနဲ့ပတ်သက်လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်က စိစစ်သုံးသပ်ပြီး နိုင်ငံတော်သမ္မတထံလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း တွေ့ရှိသုံးသပ်ချက်များအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ ပေးပို့၍ မြစ်ရေတင်လုပ်ငန်းများ အကျိုးရှိရှိအသုံးပြုနိုင်ရန်နှင့် နိုင်ငံတော်မှ အရှုံးစရိတ်များ ကာမိစေရန် စီမံဆောင်ရွက်ရန်နှင့် မည်သို့ ဆောင်ရွက်ရမည်ကို ပြန်လည်တင်ပြစေရန်ဟူ၍ ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာမှလည်း ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ပြန်လည်တင်ပြထားကြောင်း အစီရင်ခံစာမှာ ဖတ်ရှုမှတ်သားရပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ညွှန်ကြားချက်နဲ့ ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များကို သက်ဆိုင်ရာဌာနများအနေနဲ့ လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် တိတိကျကျ လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။ လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်အစီရင်ခံတင်ပြဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဆည်တွေဆောက်ပြီး မြောင်းတွေပြီးစီးအောင် ဖောက်လုပ်ခြင်းမရှိခဲ့တာတွေ ရေအားလျှပ်စစ်စီမံကိန်းကြီးတွေကို တည်ဆောက်ပြီးပေမယ့် ထုတ်ယူရရှိတဲ့ လျှပ်စစ်ဓာတ်အားကို သုံးစွဲသူတွေလက်ဝယ်ရောက်ရှိအောင် ဖြန့်ဖြူးဖို့ လျှပ်စစ်ဓာတ်အားလိုင်းကြီးတွေ အရန်သင့်တည်ဆောက်ထားခြင်းမရှိတာတွေဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ် လျက်ရှိနေပါတယ်။ စီမံကိန်းကြီးများ ဆောင်ရွက်ရာမှာ မူလအဓိကရည်ရွယ်ချက်တွေကို ထိထိမိမိအကောင်အထည်ဖော်ရာမှာ အားနည်းချက်တွေရှိနေခဲ့၊ ရှိနေဆဲဖြစ်ပါတယ်။ အမှန်စင်စစ် စီမံကိန်းကြီးများ အကောင်အထည်ဖော်ရာမှာ မဖြစ်မနေလိုက်နာဆောင်ရွက်ရတဲ့ တိကျတဲ့လုပ်ငန်းစဥ်များသတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ စီမံကိန်းကြီးများရဲ့ မူလရည်ရွယ်ချက်များ မပျောက်ပျက်စေရန်နှင့် ဖြစ်ထွန်းလာမယ့် အကျိုးကျေးဇူးများကို ပြည်သူလူထု အမြန်ဆုံးရရှိခံစားစေရန် သက်ဆိုင်ရာဌာနများက အစဥ်တစိုက် ဦးထိပ်ထားလိုက်နာဖို့ လိုအပ်နေပါတယ်။ အစီရင်ခံစာမှာ ဖော်ပြထားတဲ့ အချက်များအနက် စူးစမ်းလေ့လာတိုင်းတာရေးလုပ်ငန်းများကို လုံလောက်သော အချိန်မရရှိတာ ပါဝင်နေပါတယ်။ ဒီအချက်ဟာ အင်မတန်အရေးကြီးပါတယ်။ စီမံကိန်းတစ်ခုရဲ့မူလသန္ဓေတည်တဲ့ကာလလို့ ပြောလို့ရပါတယ်။ လုံလောက်တဲ့အချိန်နဲ့ ဘတ်ဂျက်ခွင့်ပြုငွေလည်းရရှိဖို့ လိုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်တိုက်ဆိုင်ဆိုင်လို့ပြောရပါမယ်။ အခု လွှတ်တော်ကျင်းပချိန်ဟာ ကျွန်တော်တို့တွေ ၂၀၁၁-၂၀၁၂ ဘတ်ဂျက်နှင့် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်များကို ဆွေးနွေးချိန်နဲ့တိုက်ဆိုင်နေပါတယ်။ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်ထဲမှာ ရေအရင်းအမြစ်အသုံးချရေးဦးစီး

ဌာနရဲ့တီထွင်စမ်းသပ်ခြင်းနှင့် သုတေသနလုပ်ငန်းအတွက် ကျပ်သန်း ၁၈၂.၅ လျာထားပေမယ့် အတည်ပြုစိစစ်ချက်မှာ ခွင့်ပြုထားတာမတွေ့ရပါ။ စူးစမ်းလေ့လာရေးနှင့် တိုင်းတာရေးလုပ်ငန်းအတွက် တင်ပြတောင်းခံမှု ၂၈၀ ကျပ်သန်းဖြစ်ပေမယ့် စိစစ်အတည်ပြုချက်မှာ ကျပ်သုံးသန်းပဲတွေ့ရပါတယ်။ အဲ့ဒီပမာဏဟာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဆောင်ရွက်ဆဲလုပ်ငန်း ၁၂ ခု၊ ဖြည့်စွက်လုပ်ငန်း ၆ ခုနဲ့ လုပ်ငန်းသစ်များအတွက် လုံလောက်မှု ရှိ၊ မရှိ ပြန်လည်စိစစ်သင့်ပါတယ်။ ဆည်မြောင်းဦးစီးဌာနအတွက် ဆောင်ရွက်ဆဲလုပ်ငန်း ၆၉ ခု၊ လုပ်ငန်းစီမံကိန်းအသစ်များ ၃၃ ခုရှိပြီး စီမံကိန်းအသစ်များအတွက် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်စိစစ်အတည်ပြုချက် ကျပ်သန်း ၅၀၀ ကို ဦးစားပေးတင်ပြထားတာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောလုပ်ငန်းစီမံကိန်းများကို စီးပွားရေးတွက်ချေကိုက်မှုတစ်ခုတည်းမကြည့်ဘဲ ဒေသလိုအပ်ချက်အရ အရှုံးခံဆောင်ရွက်ရတဲ့ အခြေအနေမျိုးလည်းရှိတတ်ပါတယ်။ သို့သော်လည်း သိပ္ပံနည်းကျစူးစမ်းလေ့လာမှုများကိုတော့ စီမံကိန်းတိုင်းအတွက် မဖြစ်မနေဆောင်ရွက်ရမှာဖြစ်ပါတယ်။ လုံလောက်တဲ့ ဘတ်ဂျက်ခွင့်ပြုငွေများကိုလည်း ချမှတ်ပေးရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ (က) အစီရင်ခံစာပါ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်စာရင်းစစ်ချုပ်၏ တွေ့ရှိသုံးသပ်ချက်၊ နိုင်ငံတော်သမ္မတကြီး၏ ညွှန်ကြားချက်၊ ပြည်သူ့လွှတ်တော်ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များကို သက်ဆိုင်ရာဌာနများက လိုက်နာဆောင်ရွက်ရန် (ခ)ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သီးခြားလုပ်ငန်းအဖြစ် ပြည်သူ့လွှတ်တော်သို့ ပြန်လည်တင်ပြစေရန် (ဂ)နောက်နောင်စီမံကိန်းအသစ်အားလုံးအတွက် ဆောင်ရွက်သင့်သည့် စူးစမ်းလေ့လာမှုများ မဖြစ်မနေထည့်သွင်းဆောင်ရွက်ရန်၊ ဖြစ်မြောက်နိုင်စွမ်းအဆင့်စူးစမ်းလေ့လာဆန်းစစ်မှုများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဥ်များ၏ မဖြစ်မနေပါဝင်ရမည့် EIA(Envioromental Inpact Assessment), HIA( Health Inpact Assessment) နဲ့ SIA (Social Inpact Assessment) လေ့လာမှုများပါတစ်ပါတည်း ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဥ် ၈၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ နည်းဥပဒေခွဲ(ဃ)အရ ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာကို

လွှတ်တော်က သဘောတူလက်ခံရန် အဆိုပြုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးသူရိန်ဇော်(ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)။** ။ ပြည်သူ့လွှတ်တော် ပထမနေ့က တင်ပြခဲ့သော ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်မှ သဘောတူအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့အစီရင်ခံစာအားအတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံအပေါ် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးချက်ကို ပြည်သူ့လွှတ်တော်နှင့် ငွေစာရင်းကော်မတီက သဝဏ်လွှာမူကြမ်းရေးပြီး မိမိဥက္ကဋ္ဌ ထံတင်ပြဖို့နဲ့ ရေးတဲ့အခါမှာ အခုဆွေးနွေးသွားတဲ့ ဆွေးနွေးချက်များကို ခြုံငုံမိအောင် တစ်နည်းအားဖြင့် Complete and Comprehensive ဖြစ်အောင်ရေးသားတင်ပြဖို့ဖြစ်ပါတယ်။ သဝဏ်လွှာ ပေးပို့တဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်၊ သမ္မတထံကို ပေးပို့မှာဖြစ်ပါတယ်။ ဒါကြောင့် သဝဏ်လွှာ အတွက် ခုနက လွှတ်တော်ဥက္ကဋ္ဌပြောတဲ့ Complete and Comprehensive ဖြစ်အောင် လွှတ်တော်ရုံးနဲ့ သက်ဆိုင်ရာကော်မတီက သဝဏ်လွှာမူကြမ်းရေးသားဖို့နဲ့ ဒီနောက်မှာ ယခုဆွေးနွေးတဲ့ ဆွေးနွေးချက်များကို သက်ဆိုင်ရာပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာနဲ့တွဲပြီး တင်ပြဖို့ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒီနေ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီးလည်း တက်ရောက်လာတဲ့အတွက် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက် များကိုလည်း ပြန်လည်မှတ်သားပြီး သက်ဆိုင်ရာတာဝန်ရှိတဲ့သူများကိုလည်း အသိပေးဖို့လိုကြောင်း ပြောလိုပါတယ်။ ဒီနေ့ဆွေးနွေးသုံးသပ်ချက်တွေကို လွှတ်တော်ကိုယ်စားလှယ်များ ကြားသိတဲ့အတိုင်း ပဲ။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒများကို ဖော်ဆောင်တဲ့နေရာမှာ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များလည်း အရည်အသွေးရှိသော ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး လိုလားသော လွှတ်တော်ကိုယ်စားလှယ်များဖြစ်တယ်ဆိုတာကို ဒီနေ့ဆွေးနွေးချက်များအရ

အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ လွှတ်တော်အနေနဲ့ လွှတ်တော်ရဲ့အဓိကတာဝန် ထမ်းဆောင်ဖို့ပဲ ဖြစ်ပါတယ်။ ထမ်းဆောင်တဲ့ နေရာမှာ တတိယအကြိမ်ပုံမှန်အစည်းအဝေးတွင် မိမိစတင်တင်ပြသလိုပဲ မိမိတာဝန်ကျေပွန်မှုဖြင့် ဂုဏ်ယူဖို့နဲ့ ပြည်သူနှင့်နိုင်ငံအပေါ် မှာ သစ္စာရှိဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ရဲ့လွှတ်တော်မှာ မိမိတို့တာဝန်ကျေပွန်နိုင်ရေးအတွက် ဆောင်ရွက်ရမယ့်ကိစ္စများကို အားစိုက်ခွန်စိုက် ဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။ ယနေ့အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၂း ၅၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၃း၅၀ နာရီမှာ ပြန်လည်စတင်မှာဖြစ်ပါတယ် ခင်ဗျား။ ကိုယ်စားလှယ်တော်များ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၃း ၅၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များကဆွေးနွေးခြင်း၊ သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၆-၁-၂၀၁၂ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင်တင်သွင်းခဲ့သည့် လွှတ်တော်အခွင့်အရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေအားဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးယော်ဒီဒွေ(ပူတာအိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့အစီရင်ခံစာကို အသေးစိတ်လေ့လာ ဖတ်ရှုခဲ့ ပါတယ်။ အစီရင်ခံစာမှာ ကော်မတီ၏တာဝန်များ၊ အစီရင်ခံကာလအတွင်း ကော်မတီ၏ ဆောင်ရွက် ချက်များကို ပြည့်ပြည့်စုံစုံဖော်ပြထားပါသဖြင့် အထူးကျေနပ်အားရမိပါတယ်။ အထူးသဖြင့် လွှတ်တော် အခွင့်အရေးကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ဆန္ဒကို ထင်ဟပ်ပေါ်လွင်စေတဲ့ သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ဆောင်ရွက်ခွင့် ရရှိရေး၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်များ အဆင်ပြေချောမွေ့ စွာရှိစေရေးနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် လွှတ်တော်အတွေ့အကြုံများ အဆင်ပြေချောမွေ့စွာ ရှင်းလင်းတင်ပြနိုင်ရေးဆိုင်ရာကိစ္စများကို အလေးထားလေ့လာသုံးသပ်ပြီး ဥပဒေအစိတ်အပိုင်းအဖြစ် ထည့်သွင်းဖော်ပြပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့မှုများကို နှစ်ထောင်းအားရမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့မဲဆန္ဒနယ်မြေ အလိုက် လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများကို ပြုလုပ်ကြရာမှာ အချို့သောအုပ်ချုပ်ရေး အဖွဲ့အစည်းများဟာ အားပေးကူညီ စီမံဆောင်ရွက်ပေးရမယ့်အစား ယင်းတို့တွင် တာဝန်မရှိသကဲ့သို့ လျစ်လျူရှု အသိအမှတ်မပြုသည့်သဘောမျိုး တွေ့ကြုံခဲ့ကြရပါတယ်။ ယခုအခါ လွှတ်တော် အခွင့်အရေးကော်မတီက ယင်းကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဥပဒေအစိတ်အပိုင်း တစ်ခုအဖြစ် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး စီမံဆောင်ရွက်နေသည်ကို လေ့လာသိရှိရသဖြင့် အထူး ကျေနပ်အားရမိပါတယ်။ ဒို့အပြင် လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် အခြားနိုင်ငံများရှိ လွှတ်တော်ဖွဲ့စည်းမှု၊ ကော်မတီများဖွဲ့စည်းမှုနှင့်လုပ်ငန်းတာဝန်များကို လေ့လာပြီး လွှတ်တော် ကိုယ်စားလှယ်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရန် အလို့ငှာ ကြိုးပမ်းဆောင်ရွက်နေမှုကိုလည်း ကြိုဆိုထောက်ခံအပ်ပါတယ်။ ဒါကြောင့် ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တာဝန်နဲ့ဆောင်ရွက်ချက်များဟာ ယခုထက်ပိုမို၍ ထင်သာမြင်သာရှိစေပြီး အသက်ဝင်နေစေဖို့ လိုအပ်မှာဖြစ်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဖရန်စစ္စကို၊ ဖယ်ခုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖရန်စစ္စကို(ဖယ်ခုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀၁၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လွှတ်တော်အခွင့်အရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များဆောင်ရွက်စေခဲ့ပါ တယ်။

လွှတ်တော်အခွင့်အရေးကော်မတီသည် မိမိနှင့်သက်ဆိုင်ရာကိစ္စများကို စဉ်းစားဆုံးဖြတ်ခြင်း၊ အကြံပြုသုံးသပ်ခြင်း၊ နိုင်ငံတကာလွှတ်တော်များနဲ့ ဆက်သွယ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကို တင်ပြဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကိုလည်း သိရှိရပါတယ်။ ထို့အပြင် လွှတ်တော် အစည်းအဝေးတွင် ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ အခွင့်အရေး ရလိုမှုအတွက် တင်ပြစာ၊ တိုင်ကြားစာများကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ လွှတ်တော်အခွင့် အရေးကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေများနှင့် နည်းဥပဒေများတွင် လွှတ်တော် ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်၊ လုပ်ပိုင်ခွင့်များ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များတင်ပြကြသည့် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီး တွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ဆောင်ရွက်ခွင့်ရရှိရေး၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ များနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းတင်ပြနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားသုံးသပ်ပြီး ဥပဒေအစိတ်အပိုင်းအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက် ချက်များသည် လွှတ်တော်ကိုယ်စားလှယ်အများစု၏ဆန္ဒကို ဖော်ဆောင်မှုဖြစ်သောကြောင့် ကျေးဇူး တင်ပါကြောင်းထောက်ခံဆွေးနွေးအပ်ပါတယ်။

လွှတ်တော်အခွင့်အရေးကော်မတီသည် နိုင်ငံတကာလွှတ်တော်များ၊ အခွင့်အရေးကော်မတီများ၊ ဖွဲ့စည်းမှုတာဝန်များနှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်

အရေးများ၊ တာဝန်များနှင့် ရပိုင်ခွင့်များလေ့လာသုံးသပ်၍ စာတမ်းပြုစုနိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပါတယ်။ ထို့အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဦးဆောင်၍ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးပါဝင်သောအဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၏ လွှတ်တော်ဖွဲ့စည်းမှု၊ လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ ဖွဲ့စည်းမှု၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် အခွင့် အရေးများ၊ လွှတ်တော်အမတ်များ၏ အခွင့်အရေးများကို လေ့လာကြောင်းသိရှိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ နိုင်ငံတကာလွှတ်တော်ကော်မတီများ၏ဆောင်ရွက်ချက်များကို အသေးစိတ်လေ့လာသုံးသပ်ပြီးမှ မိမိတို့နိုင်ငံ၊ မိမိတို့လွှတ်တော်နှင့် သင့်လျော်ကိုက်ညီသော အချက်အလက်များကိုယူပြီး ပိုမိုကောင်းမွန်သောဥပဒေများပြဋ္ဌာန်း၍ နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပါကြောင်း။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ၏အစီရင်ခံစာသည် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ချက်များ၊ နိုင်ငံတကာလွှတ်တော်လေ့လာမှုများ ပြည့်စုံစွာရေးသားဖော်ပြထားသည့်အတွက် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ကျေးဇူးအထူးတင်ရှိပါကြောင်း အလေးအနက်ထောက်ခံတင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ နည်းဥပဒေခွဲ (က) အရ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန်အတွက် လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ လွှတ်တော်အခွင့်အရေးကော်မတီ၏အစီရင်ခံစာကိုအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

## အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၆-၁-၂၀၁၂ ရက် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့တဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်းပြီးဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထား ပါတယ်။ ဦးစွာ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ တင်သွင်းသွားတဲ့ ပြည်သူ့ လွှတ်တော်အစိုးရရဲ့အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင် ခံစာနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာမှာ ၂၃-၈-၂၀၁၁ က နေပြီး တော့ ၂၄-၁၁-၂၀၁၁ အထိကျင်းပပြီးစီးခဲ့တဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်း အဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ အဆိုများ၊ မေးခွန်းများနှင့် ပတ်သက်ပြီးတော့ နိုင်ငံတော်အနေနဲ့ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ အနေနဲ့ ကတိပြုမှု အခြေအနေပေါ်မှာမူတည်ပြီးတော့ ကော်မတီအနေနဲ့ အသေးစိတ်မှတ်သား ပြီးတော့မှ နည်းဥပဒေ ၇၁ နှင့်အညီ တင်သွင်းခဲ့တာဖြစ်ပါတယ်။ အစီရင်ခံစာမှာ မေးခွန်းပေါင်း ၃၃၇ ခု မေးမြန်းခဲ့တဲ့နေရာမှာ ဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအဆင့်ဌာန စုစုပေါင်း ၃၈ ဌာနတို့ကနေပြီးတော့ ဖြေကြားခဲ့တာ ကတိ ဖြစ်တဲ့မေးခွန်းကတော့ ၁၈၇ ခုဖြစ်ပြီးတော့ ကတိမဖြစ်တာကတော့ ၁၅၀ ဖြစ်ပါတယ်။ ပထမ အကြိမ်မှာဆိုလို့ရှိရင် မေးခွန်း ၄၆ ခုမေးမြန်းတဲ့နေရာမှာ ၁၃ ခုသာ ကတိဖြစ်ခဲ့တာကိုတွေ့ရှိရပါတယ်။ အခုအချိန်မှာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ မေးမြန်းချက်တွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ဒီလွှတ်တော်အတွင်းမှာ လွှတ်တော်ရဲ့ အစည်းအဝေးတွေ

ပီပြင်လာတာပါ။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းတွေ ပြည့်ဝလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အလားတူ အဆို ၅၁ ခုကို ကျွန်တော်တို့ တင်သွင်းခဲ့တဲ့နေရာမှာ အတည်ပြုတဲ့အဆိုဟာ ၁၈ ခုဖြစ်ပြီးတော့ အတည်မပြုတဲ့အဆိုဟာ တစ်ခုနဲ့ မှတ်တမ်းတင်တဲ့အဆိုဟာ ၁၈ ခု၊ ပြန်လည်ရုပ်သိမ်းသွားတဲ့အဆိုဟာ ၁၃ ခုရှိကြောင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများအလိုက် အသေးစိတ်အစီရင်ခံစာမှာ ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီထက်ပိုပြီးတော့ မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ အသီးသီးက မေးမြန်းခဲ့တဲ့ ပြည်သူ့အကျိုးတွေအတွက်မေးမြန်းခဲ့တဲ့ ဒီမေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ နောက်ပိုင်းအနေအထားမှာ ဒီထက်ပိုပြီးတော့ ကျွန်တော်တို့ ကတိကဝတ်တွေပေးသင့်ပါတယ်လို့ ဒီနေရာကနေ အကြံပြုတင်ပြပါတယ်။ အစီရင်ခံစာမှာဆိုလို့ရှိရင် အပိုဒ် ၁၁ ပိုဒ်ပါရှိပြီးတော့ နိဒါန်းအစပြုပြီးတော့ နိဂုံးအထိအကြံပြုချက်တွေ ကော်မတီရဲ့တွေ့ရှိချက်တွေနဲ့ အသေးစိတ်ပြုစုထားတာ ရှေ့နောက်အစအလယ်အဆုံး ပီပီပြင်ပြင်တင်ပြထားတာကိုတွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၇၃(ဂ)မှာ အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ ဆွေးနွေးနိုင်တယ်။ ဆွေးနွေးပြီးတဲ့အခါမှာ အကြံပြုချက်တွေပေးရမယ်။ ဒါပေမယ့် တင်ပြထားတဲ့ အစီရင်ခံစာကို ပြုပြင်ပြောင်းလဲခြင်းမပြုရဘူးဆိုပြီးတော့ အတိအလင်းဖော်ပြထားတာရှိပါတယ်။ ယခုအစီရင်ခံစာမှာ ဒုတိယအကြိမ်အစည်းအဝေးမှာ တင်ပြခဲ့တဲ့မေးခွန်းတွေ၊ အဆိုတွေနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ပြည့်ပြည့်စုံစုံ တင်ပြထားတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံကြောင်းနဲ့ နောက်ပြီးတော့ ဒီကော်မတီအနေနဲ့ အစိုးရရဲ့ ကတိကဝတ်ပြုချက်အပေါ် မည်သည့်အတိုင်းအတာထိ ဆောင်ရွက်သွားတယ်ဆိုတာကို နည်းဥပဒေနှင့်အညီ လွှတ်တော်သို့ ပြန်လည်တင်ပြသင့်ကြောင်းပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝရှေ့ထားပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ယခုကျင်းပပြုလုပ်နေတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး မှာ

တင်သွင်းသွားတဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအပေါ် အပြုသဘောဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့အခန်းကဏ္ဍဟာ အရေးကြီးလှတာကို အားလုံးသိရှိလက်ခံကြပြီး ဖြစ်ပါတယ်။ ဒီလိုတည်ဆောက်ရာမှာ ပြည်သူတွေရဲ့ဆန္ဒနဲ့ ပြည်သူတွေရဲ့လိုအပ်ချက်ကို သိရှိဖို့နဲ့ ပြည်သူတွေသာလျှင် အရေးကြီးဆုံးအင်အားစုဖြစ်တယ်ဆိုတာ နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးတို့က စဉ်ဆက်မပြတ်သတိပေးနေတာကို ကျွန်တော်တို့အားလုံး သိရှိမှတ်သားထားကြပါ တယ်။ ပြည်သူတွေစိတ်ရောကိုယ်ပါ တက်တက်ကြွကြွပါဝင်ဆင်နွှဲနိုင်ဖို့ အရေးကတော့ ပြည်သူတွေက အစိုးရနဲ့ပြည်သူ့လွှတ်တော်အပေါ် မမှိတ်မသုန်ယုံကြည်မှုရှိဖို့ Confidence အရေးကြီးလှပါတယ်။ ယုံကြည်မှုကွာဟမှု ( Cedibility Gap ) မရှိအောင် သတိထားလုပ်ဆောင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့်လည်း အစိုးရရဲ့ လုပ်ဆောင်ချက်များနဲ့ပြုထားတဲ့ ကတိကဝတ်တွေကို တကယ်ပဲထမ်းရွက် နေမှုရှိ၊ မရှိကို ပြည်သူ့လွှတ်တော်က စောင့်ကြည့်နေပြီး လိုအပ်ချက်များ၊ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကထမ်းဆောင်ပြီး တင်ပြနေခြင်းဖြစ်ပါတယ်။ ဒါဟာလည်း တစ်နည်းအားဖြင့် စောင့်ကြည့်ကော်မတီရဲ့တာဝန်ဟာ အင်မတန်ကောင်းမွန်တဲ့ အထိန်းအချုပ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအကြိမ်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့အစီရင်ခံစာအရ ပြီးခဲ့တဲ့ ဒုတိယအစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းပေါင်း ၃၃၇ ခု မေးမြန်းခဲ့ပြီး အဆိုပေါင်း ၅၁ ခုတင်သွင်းခဲ့ပါတယ်။ အဆိုပါမေးခွန်း ၃၃၇ ခုအနက် ကတိဖြစ်ခဲ့တဲ့မေးခွန်း ၁၈၇ ခု၊ ကတိမဖြစ်သောမေးခွန်း ၁၅၀ လို့သိရှိရပါတယ်။ အဆိုအနေနဲ့လည်း ၅၁ ခုအနက် ကတိဖြစ်ခဲ့တာ ၁၈ ခုဖြစ်ပြီး ကတိမဖြစ်သောအဆို ၃၃ ခုရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုခွဲခြားတင်ပြတာကို တွေ့ရတဲ့အတွက် ကော်မတီရဲ့တင်ပြချက်အပေါ် ကျေနပ်အားရမှုရှိပါတယ်။ အလားတူပဲ လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းခဲ့တဲ့အဆိုကို အတည်ပြုအဆို၊ အတည်မပြုအဆို၊ မှတ်တမ်းတင်အဆို၊ ရုပ်သိမ်းအဆိုများကို ခွဲခြားမှတ်တမ်းတင်ထားလို့ ဒီအစီရင်ခံစာဟာသမိုင်းမှာ အရေးပါတဲ့မှတ်တမ်း တစ်ခုလည်း ဖြစ်ပါလိမ့်မယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မှတ်တမ်းတင်ထားရှိမှုကောင်းမွန် သလို ဖြည့်ဆည်းဆောင်ရွက်မှုကလည်း ပိုပြီးအရေးကြီးလှပါတယ်။ ဒုတိယအစည်းအဝေးနဲ့ တတိယ အစည်းအဝေးကြားမှာ နှစ်လခန့်သာကြာမြင့်ခဲ့တဲ့အတွက် ပြည်ထောင်စုအဖွဲ့အစည်းများနဲ့

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆောင်ရွက်နိုင်မှုဟာ အားနည်းကောင်း အားနည်းနိုင်ပါတယ်။ တချို့ကိစ္စများမှာ ဘဏ္ဍာငွေခွဲဝေချမှတ်ရရှိတဲ့အခါ ဆက်လက်ဆောင်ရွက်နိုင်မည်ဆိုတဲ့ အဖြေမျိုးကိုတော့ ဒီထက်ပိုပြီး ခိုင်မာတဲ့ကတိကဝတ်မျိုး ပြည်သူတွေက လိုလားကြပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းဝေးမှာ တင်သွင်းခဲ့တဲ့မေးခွန်းနဲ့ အဆိုများအပေါ် ထားရှိတဲ့ ကတိကဝတ်များကို ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် မှတ်သားပြုစုထားတဲ့အတွက်လည်း ကော်မတီရဲ့ ပင်မလုပ်ငန်းဖြစ်တဲ့ စောင့်ကြည့်တာဝန်ကို ထမ်းဆောင်နိုင်တာတွေ့ရပါတယ်။ ပိုမိုကောင်းမွန်စေဖို့ အတွက်ကတော့ အစီရင်ခံစာမှာ ပြည်ထောင်စုဝန်ကြီးတစ်ခုချင်းစီအလိုက် ကတိပြုသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ အားနည်းချက်၊ အားသာချက်များကိုပါ သုံးသပ်ဖော်ပြစေလို ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြုလုပ်နေတဲ့လွှတ်တော်ရဲ့ဆောင်ရွက်မှု တွေဟာ အထက်မှာတင်ပြခဲ့တဲ့အတိုင်း ပြည်သူတွေရဲ့ယုံကြည်မှု၊ ကွာဟမှုလျော့နည်းလာအောင် ဆောင်ရွက်နိုင်သည်ဆိုတာ တွေ့နေရပါတယ်။ တစ်ချိန်တည်းမှာပဲ မေးကြမြန်းကြ၊ အဆိုပြုကြနဲ့ ဒီမေးမြန်းအဆိုပြုကြတာကို အစိုးရအဖွဲ့အနေနဲ့လည်း အလေးထား ဖြည့်ဆည်းဆောင်ရွက်နိုင်မယ် ဆိုရင် အပြောနဲ့အလုပ်ကွာဟချက်ဖြစ်တဲ့ (Implementation Gap)ကိုလည်း ကျော်လွှားသွားနိုင်မှာ ဖြစ်ပါတယ်။ တကယ်အလုပ်ဖြစ်စေဖို့ကတော့ အပြောနဲ့အလုပ်ကွာဟချက် လိုအပ်တာတွေကို ဆုံးဖြတ်ရုံ၊ ညွှန်ကြားသွားရုံနဲ့မပြီးပါဘူး။ ဒီမှာတင်ရပ်နေခြင်းဟာ အပြောနဲ့အလုပ် ကွာဟချက်ရဲ့ ပဓာနကျတဲ့ အကြောင်းရင်းခံ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စီမံခန့်ခွဲရေးနဲ့ အုပ်ချုပ်ရေးကို ကျင့်သုံး နေတဲ့ အစိုးရအပေါ် စောင့်ကြည့်ပြီးတွန်းအားပေးနေတဲ့ ဒီအစီရင်ခံစာကို ကြိုဆိုထောက်ခံကြောင်းနဲ့ ဆက်လက်ပြီးတော့လည်း ယခုထက်ပိုမိုကောင်းမွန်တဲ့ ပြည့်စုံတဲ့အစီရင်ခံစာဖြစ်အောင် ဖော်ဆောင် နိုင်မယ်လို့ မျှော်လင့်ယုံကြည်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ယင်းမာပင်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီမှတင်သွင်းခဲ့တဲ့ အစီရင်ခံစာအရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းပေါင်း ၃၃၇ ခုနဲ့ အဆိုပေါင်း ၅၁ ခု ရှိကြောင်း ဖော်ပြထားပါတယ်။ ဒီမေးခွန်းများနဲ့အဆိုများ အနက်မှ မေးခွန်း ၁၈၇ ခု ကတိအဖြစ် အာမခံချက်အဖြစ်ဖြစ်လာခဲ့ပြီး ၁၅၀ ကတော့ ကတိမဖြစ်တဲ့ မေးခွန်းများ ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ အဆိုအပိုင်းမှာလည်း အဆို ၅၁ ခုအနက် အဆို ၁၈ ခုသာ ကတိအဖြစ် ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တင်ပြထားပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၁(က)အရ နောက်ဆက်တွဲ(က)နဲ့(ခ)တို့ဖြင့် ဖော်ပြပေးထားတာကိုလည်း တွေ့ရှိရပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ ဒီအစီရင်ခံစာဟာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အသီးသီးက မိမိတို့ကိုယ်စားပြုဒေသအကျိုးအတွက်သော်လည်းကောင်း၊ နိုင်ငံတော်နဲ့ ပြည်သူအကျိုးအတွက်သော်လည်းကောင်း မေးမြန်းကြတဲ့ မေးခွန်းနဲ့အဆိုများကို ပြည်ထောင်စုအစိုးရ အနေနဲ့ ဒီမေးခွန်းများအပေါ် ဘယ်လိုအာမခံချက်ကတိတွေပေးထားတယ်၊ ဘယ်လိုအကောင်အထည် ဖော်ဆောင်ရွက်ပေးမယ်၊ ဘယ်တော့ဆောင်ရွက်ပေးမှာဖြစ်တယ်ဆိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်ယူဖွယ်မှတ်တမ်း မှတ်ရာများပါတဲ့ အစီရင်ခံစာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီ အနေနဲ့ မိမိတို့ကိုယ်တိုင် ထာဝစဥ်ထိန်းသိမ်း သိမ်းဆည်းသွားနိုင်ဖို့ CD ခွေများနှင့် ဖြန့်ဝေ ပေးခြင်းဟာ အလွန်ပင်သင့်လျော်တဲ့အစီအစဉ် ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်တိုင်း အစည်းအဝေးကာလမှာပင် အလွယ်တကူလေ့လာ ဖတ်ရှုနိုင်အောင် လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ အဆင့်အတန်းနဲ့ကိုက်ညီတဲ့ စာရွက်သားကို အသုံးပြုပြီးတော့ စာအုပ်များနှင့်လည်း ဖြန့်ဝေပေးမယ် ဆိုရင် ပိုမိုအဆင်ပြေသင့်တော်မယ်လို့ အကြံပြုလိုပါတယ်။ ဒေါင်လိုက်စာတိုင်ကျဉ်းလို့ စာအုပ်ထူ နေမယ်ဆိုလျှင်လည်း ဒေါင်လိုက်ဇယားအစား အလျားလိုက်စာတိုင်ကျယ်ဇယားများ၊ ပုံစံများကို သုံးပြီးတော့ပြုစုမယ်ဆိုရင် ဖတ်ရှုရာမှာပိုမိုရှင်းလင်းလာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်မှာ ကတိဖြစ်ခဲ့တဲ့ မေးခွန်းများနဲ့ အတည်ဖြစ်ခဲ့တဲ့အဆိုများအပေါ်မှာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း များက သတ်မှတ်ကာလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်မှု ရှိ၊ မရှိကို ကော်မတီမှ စိစစ်ပြီး အစီရင်ခံစာတင်ပြရမှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာမှာ ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲနဲ့ ဆောင်ရွက်ရန်ကျန်တဲ့ လုပ်ငန်းများ ဖော်ပြထားတာကို လည်းတွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်သူ့အကျိုးပြုနိုင်တဲ့ မေးခွန်းများနဲ့

ကတိအာမခံချက်များ တစ်ထပ်တည်းကျပြီးတော့ တဖန် ဒီကတိများနဲ့အကောင်အထည်ဖော်မှု လိုက်လျောညီထွေရှိမယ်ဆိုရင် ပြည်သူများလက်တွေ့ခံစားခွင့်များရရှိလာကြတဲ့အတွက် လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ၊ ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာနဲ့ အစိုးရရဲ့ ဂုဏ်သိက္ခာဟာ ပြည်သူများရဲ့ ယုံကြည် ကိုးစားအားထားမှုနဲ့အတူ မြင့်မားလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ ကတိအာမခံမှုများနဲ့ အမှန်အကောင်အထည်ဖော်မှုများဟာ လွှတ်တော်ရဲ့သိက္ခာနဲ့ခိုင်မာမှုကို ထင်ဟပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သော မေးခွန်းများရဲ့ကတိကဝတ် များကိုအကောင်အထည်ဖော်ရတဲ့ လုပ်ငန်းများဟာ တစ်ကြိမ်တစ်ခါတည်း ဆောင်ရွက်ရုံနဲ့ ပြီးမြောက် သွားနိုင်တဲ့ မေးခွန်းများ ဖြစ်ပါတယ်။ အချို့အာမခံချက်အရ အကောင်အထည်ဖော်ရတဲ့ လုပ်ငန်း တွေဟာ အမြဲတမ်းစဥ်ဆက်မပြတ် ဆောင်ရွက်ပေးရမယ့်လုပ်ငန်းများ ဖြစ်တာလည်း တွေ့ရပါတယ်။ ဥပမာအားဖြင့် မြို့နယ်များမှာ တောင်းရမ်းစားသောက်နေသူများ ပပျောက်ရေး၊ ပြည့်တန်ဆာခန်း၊ အနှိပ်ခန်းနဲ့ စည်းကမ်းပျက်ကာရာအိုကေခန်းများပပျောက်ရေး၊ နှစ်စဥ်ကမ်းပါးပြိုကျမှုများ တားဆီး ကာကွယ်ရေးစတဲ့ဟာ တစ်ကြိမ်ကတိပေးပြီး စီမံချက်ချဆောင်ရွက်ရုံမဟုတ်ဘဲနဲ့ စဥ်ဆက်မပြတ် ဆောင်ရွက်နေမှ ဤကော်မတီသို့ အလားတူမေးခွန်းများ ထပ်မံရောက်ရှိ မလာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကော်မတီမှ စဥ်ဆက်မပြတ်စိစစ်သွားသင့်တယ်လို့ ထင်မြင်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောင်ရွက်ဆဲလုပ်ငန်းများကို အစီရင်ခံစာမှာ ဖော်ပြထားတာလည်းတွေ့ရပါတယ်။ ဒီဆောင်ရွက်ဆဲများ ဘယ်အချိန်မှာ ပြီးစီးမယ်ဆိုတာလည်း ဖော်ပြသင့်တယ်လို့ ယူဆမိပါတယ်။ စတင်ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့ ရန်ပုံငွေတောင်းခံ စောင့်ဆိုင်းဆဲလုပ်ငန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနဲ့ ညှိနှိုင်းဆောင်ရွက်နေရတဲ့ လုပ်ငန်း များ၊ နှစ်ရှည်အကောင်အထည်ဖော်ရမယ့် လုပ်ငန်းများကိုလည်းသီးခြားမှတ်တမ်းပြုပြီး အစီရင်ခံစာ မှာ ဖော်ပြပေးမယ်ဆိုရင် ပိုမိုပြည့်စုံလာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်မှာ ပြည်ထောင်စု ဝန်ကြီးဌာနများက ပေးခဲ့တဲ့ကတိများ၊ တာဝန်ခံချက်များကို ပြည်သူများက ရုပ်မြင်သံကြား၊ သတင်းစာ၊ ရေဒီယို၊ ဂျာနယ်များမှတစ်ဆင့် သိရှိမှတ်သားထားကြပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် မိုးစိုက်ပျိုးစရိတ် ချေးငွေကို ဖေဖော်ဝါရီလကုန်ထိ စောင့်ဆိုင်းကောက်ခံပေးမယ်ဆိုတဲ့ ကတိစကား၊ လမ်းတံတား အခွန်များ ပိုမိုကောက်ခံမှုကို ပြန်လည်ညှိနှိုင်းပေးမယ်ဆိုတဲ့ကိစ္စများ၊ ဒေသအလိုက် လမ်းတံတား၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများ ပြုပြင်တည်ဆောက်ပေးမယ်ဆိုတဲ့ အာမခံချက်များစသည့် ပြည်သူ့ အကျိုးပြုကိစ္စများကို နိုင်ငံတော်အစိုးရက ကတိအာမခံချက်အတိုင်း အကောင်အထည်ဖော်ကြရမယ့်

အချို့သော အောက်ခြေမြို့နယ် ဌာနဝန်ထမ်းများက ပြည်သူများအကျိုးကျေးဇူးခံစားနိုင်ရေးကို အချိန်နဲ့ တစ်ပြေးညီအကောင်အထည်ဖော်ဆောင်ရွက်ရန် အားနည်းမှုများ ရှိနေသေးတာကိုလည်း ကော်မတီအနေနဲ့ လိုအပ်သလိုစိစစ်ဆောင်ရွက်ပေးသွားသင့်ပါတယ်။ ဒါမှသာ လွှတ်တော်ရဲ့သိက္ခာ မြင့်မားပြီး လွှတ်တော်ခိုင်မာရေး၊ အစိုးရခိုင်မာရေးကို ပိုမိုအထောက်ကူပြုလာနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ရဲ့ ဒုတိယအကြိမ်နဲ့တတိယအကြိမ်ပုံမှန် အစည်းဝေးများရဲ့ တိုတောင်းတဲ့ကြားကာလအတွင်းမှာ ကတိအာမခံချက်နဲ့ တာဝန်ခံချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနဲ့ ဆောင်ရွက်ရန်ကျန်တဲ့ ဝန်ကြီးဌာနများရဲ့ ကတိစကားလုပ်ငန်းများကို အတတ်နိုင်ဆုံး အသေးစိတ် စိစစ်ပြုစုတင်ပြသွားတဲ့ ကော်မတီရဲ့ အစီရင်ခံစာဖြစ်တဲ့အတွက် ဤအစီရင်ခံစာဟာ လွှတ်တော်တောင့်တင်းခိုင်မာရေးကို တည်ဆောက် ပံ့ပိုးပေးနိုင်တဲ့ အစီရင်ခံစာဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃ နည်းဥပဒေခွဲ(ဃ)အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည် ပြုချက်ရယူခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထွန်း(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၆-၁-၂၀၁၂ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာတင်ပြခဲ့တဲ့ ပြည်သူ့ လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာ အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃ နည်းဥပဒေခွဲ (ဃ) အရ လွှတ်တော်က သဘောတူ လက်ခံရန် ကော်မတီ၏ကိုယ်စား လေးစားစွာဖြင့်တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏ စက်မှုကုန်ထုတ်လုပ်ငန်းများတွင်ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့ကိုကုန်သွယ်လုပ်ငန်းခွန်နှုန်းထားတစ်ပြေးညီနေခြင်းကို ပြင်ဆင်ပြီးကုန်ကြမ်းသွင်းကုန်အားအခွန်သက်သာခွင့်ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပထမနေ့မှာ တင်သွင်းထားတဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့ကို ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား တစ်ပြေးညီနေခြင်းကိုပြင်ဆင်ပြီး ကုန်ကြမ်းသွင်းကုန်အား အခွန်သက်သာခွင့်ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်း အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ငါးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ အားဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးသို့ ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ အထူးဖိတ်ကြားထားသော ဧည့်သည်အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ပထမနေ့အစည်းအဝေးမှာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းဟာ စက်မှုကုန်ထုတ်လုပ်ငန်းများမှာ ကုန်ကြမ်းအတွက် ပေးသွင်းရတဲ့အခွန်နဲ့ ကုန်ချောအတွက် ပေးသွင်းရတဲ့အခွန်တို့ဟာ တစ်ပြေးညီဖြစ်နေတဲ့အတွက်ကြောင့် ဒီကိစ္စကို ပြန်လည်စဉ်းစားပေးရန်နှင့် ကုန်ကြမ်းအတွက် ပေးရတဲ့အခွန်များကို သက်သာခွင့်ပြုရန်အဆိုအား ယနေ့နိုင်ငံတော်က ပြုလုပ်နေတဲ့ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ရေးမှာ များစွာအထောက်အကူရတဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီကိုယ်စား အဆိုတင်သွင်းတဲ့ ဦးအောင်သိန်းလင်း ကို အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားရင်းနဲ့ သူ့ရဲ့အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မတီအနေနဲ့ အခွင့်အခါရတဲ့ အချိန်မှာ တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ စက်မှုလုပ်ငန်းရှင်များနဲ့ သွားရောက်တွေ့ဆုံပြီး သူတို့ရဲ့ အခက်အခဲများကို သူတို့တင်ပြတာတွေကို ကျွန်တော်တို့သွားရောက်လေ့လာပါတယ်။ ဒီလိုလေ့လာတဲ့ အခါမှာ တချို့အချက်အလက်တော်တော်များများဟာ ကိုယ်စားလှယ်ကြီး ဦးအောင်သိန်းလင်း တင်ပြခဲ့တဲ့ အချက်အလက်တွေနဲ့ တော်တော်ကိုက်ညီနေတာတွေ့ပါတယ်။ အထူးသဖြင့် မန္တလေးတိုင်း ဒေသကြီးမှာ သွားရောက်တွေ့ဆုံတဲ့အခါမှာ ချည်ထည်လုပ်ငန်းရက်လုပ်တဲ့လူတွေ တင်ပြတဲ့အချက်က သူတို့ သဲတော၊ ဝမ်းတွင်းဒေသက လုံချည်ရက်လုပ်တဲ့လူတွေဟာ အဓိကကုန်ကြမ်းဖြစ်တဲ့ ချည်ထုပ်နဲ့ဆိုးဆေးတွေကို ပြည်ပနိုင်ငံက တင်သွင်းတဲ့အခါ ကုန်သွယ်ခွန်ပြီးတဲ့အထိ အကြိမ် ငါးကြိမ်ပေးသွင်းရကြောင်း ရှင်းပြပါတယ်။ ပထမဦးစွာ သူတို့စသွင်းတဲ့ ဒီမူဆယ်နယ်စပ်က တင်သွင်းတဲ့အခါ ကုန်သွယ်ခွန်တစ်ကြိမ်သွင်းရပါတယ်။ မန္တလေးတိုင်းမှာ ကုန်သွယ်ခွန်တစ်ခါသွင်း ရပါတယ်။ ဝမ်းတွင်းကိုရောက်တဲ့အခါ ဝမ်းတွင်းက စုလုပ်တဲ့လုပ်ငန်းရှင်ကြီးက တစ်ကြိမ်၊ လုပ်ငန်းရှင်တွေက လုပ်ငန်းအသေးလေးတွေကို ပြန်ဖြန့်တဲ့အခါ တစ်ကြိမ်၊ လေးကြိမ်သွင်းပြီးတဲ့ နောက်မှာ ထွက်လာတဲ့ပုဆိုးတွေကို ပြန်ပြီးရောင်းချတဲ့နေရာမှာ နောက်ထပ်တစ်ကြိမ် စုစုပေါင်း ငါးကြိမ် ရာခိုင်နှုန်း ၅၀ လောက်သွင်းမှ ဒီကုန်ကြမ်းကနေ ပုဆိုးတစ်ထည်အဖြစ် လုပ်သားပြည်သူ တွေကို ရောင်းချတယ်လို့ သိရပါတယ်။ ဒါပေမယ့် ဒီလိုလုံချည်ကွင်းမျိုးကို ပြည်ပကနေ ရိုက်ထုတ်ပြီးတော့ အလိပ်လိုက်သွင်းလာတဲ့ ကုန်ချောတွေကျတော့ နယ်စပ်မှာတစ်ခါတည်းနဲ့ ၁၀ ရာခိုင်နှုန်းဆောင်ရုံနဲ့ လွတ်လပ်စွာရောင်းချနေရတဲ့အတွက်ကြောင့် ကုန်ကြမ်းနှင့် ကုန်ချော အခွန် ပေးဆောင်မှုဟာ အများကြီးကွာဟသွားတာတွေ့ရပါတယ်။ အလားတူရေနံချောင်းစက်မှုဇုန်မှာ မော်တော် ဆိုင်ကယ်တွေ ထုတ်လုပ်တဲ့လူတွေရဲ့တင်ပြချက်အရ မော်တော်ဆိုင်ကယ်ထုတ်လုပ်ဖို့အတွက် သူဟာ သံထည်ပစ္စည်းဟာ ၂၀ ရာခိုင်နှုန်း Duty ဆောင်ရတယ်ပြောပါတယ်။ အင်ဂျင်စက်ကတော့ ၅ ရာခိုင်နှုန်းဆောင်ရတယ်လို့သိရပြီး မော်တော်ဆိုင်ကယ်ပြီးစီးသွားတဲ့အခါ နောက်ထပ်ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းဆောင်ရတဲ့အတွက်ကြောင့် သူ့မှာအခွန်ဆောင်ရတာတွေစုစုပေါင်းဟာ ငွေတစ်သိန်း ကျော်သွားတာလို့ပြောပါတယ်။ ဒါကြောင့် အပြင်မှာ အမြောက်အမြားတင်သွင်းလာတဲ့ နိုင်ငံခြားက မော်တော်ဆိုင်ကယ် ဈေးကွက်ရဲ့ဈေးနှုန်းနဲ့စာရင် သူဟာ ၃၀ ရာခိုင်နှုန်းလောက် အခွန်ဆောင်ရတဲ့ အတွက်ကြောင့် သူ့မှာနိုင်ငံခြားနဲ့ယှဉ်ပြိုင်ရတာမှာ အများကြီးအခက်အခဲရှိကြောင်း တင်ပြတာလည်း တစ်ချက်ရှိပါတယ်။ နောက်တစ်ခုက ပြည်ပကစားအုန်းဆီတွေ ပေါပေါများများဝင်လာတဲ့အခါ

ပြည်တွင်းမှာ ဆီကြိတ်လုပ်တဲ့ စက်ရုံတော်တော်များများဟာ ရပ်နေရတယ်လို့သိရပါတယ်။ ဆီကြိတ်တဲ့ စက်ရုံတွေရဲ့ ၂၀ ရာခိုင်နှုန်းမျှပဲ လည်နေတယ်လို့သိရပါတယ်။ အလားတူပဲ ပြည်ပက Spares Part အရင်ကတော့ ကျွန်တော်တို့ ပြည်တွင်းမှာရှိတဲ့ တွင်ခုံသမားတွေက ကိုယ့်ဟာကိုယ် တွင်ခုံလေးနဲ့ လုပ်ပြီးတော့ Spares Part လုပ်တာတွေဟာ ဒီလုပ်ငန်းက အလုပ်ဖြစ်တာသိတော့ နယ်စပ်ကနေ တချို့ Spares Part တွေကို လုပ်ပြီးသားတင်လာတဲ့အခါ ဒီတွင်ခုံလုပ်ငန်းသမားတွေလည်း လုပ်ငန်း အများကြီးကျလာတာ သိရပါတယ်။ ခြုံကြည့်လို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စက်မှုလက်မှု လုပ်ငန်း အသေးစားအလတ်စားလုပ်ငန်းတွေဟာ တဖြည်းဖြည်းကျဆင်းလာတယ်ဆိုတာတော့ ဘယ်သူမှ ငြင်းလို့မရပါဘူးခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ လက်ရှိအနေအထားကြည့်ရင် မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်နေတဲ့ လူတွေဟာ ဆူလွယ်နပ်လွယ်တဲ့ ကုန်သွယ်လုပ်ငန်းတွေကိုပဲ အများကအားစိုက်ကြပြီး စက်မှုလက်မှုလုပ်ငန်းကို တစိုက်မတ်မတ်လုပ်တဲ့ လူနည်းတာကို တွေ့ရပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုန်သွယ်လုပ်ငန်းဟာ ဆူလွယ်နပ်လွယ်ဖြစ်တယ်၊ အရင်းမြန်မြန်ပေါ် တယ်။ စက်မှုလုပ်ငန်းကျတော့ ကုန်ကြမ်းဝယ်ရတယ်၊ ကုန်ချောဖြစ်အောင် ထုတ်လုပ်တဲ့ Process တွေရှိတယ်။ အလုပ်သမားများကို ထိန်းချုပ်ရတာတွေရှိတယ်။ Duty တွေ အကြိမ်ကြိမ်ဆောင်ရတယ်။ ဒီလိုဖြစ်တဲ့အတွက်ကြောင့် စက်မှုလုပ်ငန်းလုပ်တဲ့ လူတွေနည်းလာတယ်။ စက်မှုလက်မှုလုပ်ငန်းတွေ ဟာ ပိတ်လိုက်ရတဲ့အတွက်ကြောင့် Job Lost တွေများလာလို့ရှိရင် ကျွန်တော်တို့နိုင်ငံက လုပ်နိုင် ကိုင်နိုင်တဲ့ လူတော်တော်များများဟာ တခြားတိုင်းပြည်တွေမှာ သွားအလုပ်လုပ်တဲ့ အစီအစဉ်မျိုးအထိ ဖြစ်လာနိုင်ပါတယ်။ အဲဒီတော့ ၂၀၁၅ ခုမှာဖြစ်လာမယ့် ASEAN Free Trade Area ဆိုတာ အသံကို ကြားလိုက်ရင် စက်မှုလက်မှုလုပ်ငန်းရှင် တော်တော်များများလည်း စိုးရိမ်ကြတယ်။ ဒီစိုးရိမ်တဲ့အသံဟာ ကျွန်တော်တို့ လွှတ်တော်ကိုပင်ရောက်ရှိလာပါတယ်။ ကျွန်တော်တို့ဟာ AFTA ကို ယှဉ်ပြိုင်ဖို့အတွက် အဆင်သင့် ရှိသေးရဲ့လား၊ မရှိသေးရင် ဒီအတိုင်းပဲငြိမ်ခံနေမလား ဘယ်လိုမျိုး ဥပဒေအပြောင်းအလဲ၊ တွန်းအားအပြောင်းအလဲတွေနဲ့ လုပ်ရမလဲဆိုတဲ့ကိစ္စမျိုးကို စဉ်းစားတဲ့နေရာမှာ ကိုယ်စားလှယ်ကြီး ဦးအောင်သိန်းလင်းတင်ပြတဲ့ အချက်ဟာ များစွာအရေးပါတဲ့ အချက်တစ်ခုဖြစ်ကြောင်း တင်ပြလိုပါ တယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလိုအဖြစ်အပျက်တွေကို တခြားနိုင်ငံတွေမှာ ဘယ်လိုများလုပ်ကြ သလဲဆိုတာ အနည်းငယ်တင်ပြရင် ကျွန်တော်တို့ အထက်လွှတ်တော်အမတ် Senater Recd Smoot ဆိုတဲ့ပုဂ္ဂိုလ်နဲ့ Willis C Harviey တို့ဟာ အမေရိကန်ပြည်ထောင်စုမှာ ၁၉၃၀ ခုနှစ်က ဥပဒေကြမ်း တစ်ခုတင်သွင်းပါတယ်။ ဒီဥပဒေကြမ်းကတော့ အမေရိကန်ကို တင်သွင်းလာတဲ့ နိုင်ငံခြားပစ္စည်း

အမျိုးနှစ်သောင်းကို Tax ပိုမိုကောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့တင်သွင်းတဲ့အတွက်ကြောင့် သူတို့ရဲ့ ဖြစ်ပေါ်လာတဲ့ Tax Act ကိုသူတို့ နာမည်ကိုဂုဏ်ပြုပြီးတော့ Smoot-Harvley Tariff (Tax) Act 1930 ဆိုပြီး လူသိများပါတယ်။ သူတို့ရဲ့ရည်ရွယ်ချက်၊ ရေးထားတဲ့ဥပဒေက အမေရိကန်လူမျိုးတွေကို အလုပ်အကိုင်ကာကွယ်ပေးဖို့နဲ့ လယ်သမားတွေကာကွယ်ပေးဖို့အတွက် နိုင်ငံများရဲ့ယှဉ်ပြိုင်တာ ကာကွယ်ပေးဖို့ ဒီဥပဒေကိုပြုရတယ်လို့ဆိုပါတယ်။ နောက်တစ်ခုက ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ အမေရိကန်တွေ Senate အမတ်တွေက သူတို့ရဲ့ 11th American's Senate Bill ဆိုပြီးတော့ ဒီ Bill လေးရဲ့နာမည်က Currency Exchange Rate Oversight လို့ဖြစ်ပါတယ်။ အမေရိကန်က ပြီးခဲ့တဲ့နှစ်ကမှ သူတို့ယွမ်နဲ့ အမေရိကန်ဒေါ်လာနဲ့ လဲလှယ်နှုန်း ဖြစ်ပါတယ်။ ယခင်က အမေရိကန်တစ်ဒေါ်လာကို ယွမ် ၇ ယွမ်လောက်ပေးရတဲ့နေရာမှာ ဒီ Senater အမတ်တွေရဲ့တင်ပြမှုကြောင့် အမေရိကန်တစ်ဒေါ်လာကို ၆.၂ လောက်ထိ တန်ဖိုးကျပြီးတော့ ယွမ်ဈေး ကိုမြှင့်တယ်။ ဒီရည်ရွယ်ချက်ကဘာဖြစ်လို့လဲဆိုတော့ တရုတ်ကထွက်လာတဲ့ ပစ္စည်းတွေ အမေရိကန် ထဲဝင်ရင် ဈေးကြီးလာအောင် သူတို့လုပ်ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမေရိကန်တွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းကို ကာကွယ်ဖို့ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို အမေရိကန်လို နိုင်ငံကြီး တစ်နိုင်ငံသည်ပင်လျှင် မိမိနိုင်ငံမှာရှိတဲ့လူတွေရဲ့ စက်မှုလက်မှုလုပ်ငန်းရှင်တွေရဲ့ အကျိုးအတွက်ကို ကာကွယ်ပေးတဲ့ဥပဒေမျိုး ဆောင်ရွက်တယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာလည်း တချို့ဥပဒေ၊ နည်းဥပဒေဟာ ကျွန်တော်တို့ စက်မှုလက်မှုလုပ်ငန်းရှင်တွေအတွက် အဟန့်အတားဖြစ်တယ်ဆိုရင် တော့ ပြုပြင်ပြောင်းလဲပေးသင့်ပါတယ်ဆိုတဲ့ ဦးအောင်သိန်းလင်း အဆိုဟာ အတော်ခေတ်နဲ့လျော်ညီ တယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒီဘက်ကကြည့်ပြန်ရင်လည်း ပြည်ပကသွင်းလာတဲ့ပစ္စည်း တွေက ဈေးပေါပါတယ်။ အရည်အသွေးကောင်းတယ်။ အဲဒါကို တင်ခြင်းအားဖြင့် လုပ်သားပြည်သူ တွေက ကောင်းတယ်ဆိုပေမယ့် ရေရှည်ကိုကြည့်မယ်ဆိုရင် ကိုယ့်နိုင်ငံက စက်မှုလက်မှုလုပ်ငန်း ထွန်းကားဖို့အတွက်ကိုလည်း တစ်ဖက်ကစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါမှကျွန်တော်တို့ နိုင်ငံက ရည်ရွယ်ထားတဲ့ အနာဂတ်မှာ လယ်ယာကုန်ထုတ်လုပ်မှုအချိုးနဲ့ စက်မှုကုန်ထုတ်လုပ်မှု အချိုးမှာ စက်မှုကုန်ထုတ်လုပ်မှု အချိုးက တိုးတက်သွားရမယ်ဆိုတဲ့ ရည်မှန်းချက်ဟာ အောင်မြင်မှာ ဖြစ်ပါ တယ်။ ကျွန်တော်နောက်ဆုံး နိဂုံးချုပ်တင်ပြလိုတာက တောင်ဥက္ကလာပမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီး ဦးအောင်သိန်းလင်းတင်ပြတဲ့ ကုန်ထုတ်လုပ်ငန်းအင်အားစုမှာ ကုန်ကြမ်းနှင့် ကုန်ချောများကို အကောက်ခွန်တစ်ပြေးတည်း ကောက်ခံခြင်းကတော့ ပြန်လည်စဉ်းစားပြီး ကုန်ကြမ်းတင်သွင်းခွင့်

အတွက် အကောက်ခွန်များကို လျှော့ပေါ့ပြီး သက်သာခွင့်ပေးရေးအဆိုဟာ နိုင်ငံတော်တိုးတက်ရေး အတွက် များစွာအထောက်အကူဖြစ်တဲ့အတွက်ကြောင့် အလေးအနက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးဝင်း၊ ကျောက်တံတားမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ပထမနေ့က တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းသွား တဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများဟာ အာဆီယံစီးပွားရေးကို ပီပီပြင်ပြင် အကောင်အထည်ဖော်ရတော့မှာဖြစ်ပါတယ်။ အများသိရှိကြတဲ့အတိုင်း ၂၀၁၅ ခုနှစ်တွင် ASEAN Economic Committee လည်း ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ AFTA လို့ခေါ်တဲ့ ASEAN Free Trade Area အရ ကုန်ပစ္စည်းများ၏ အကောက်ခွန်နှုန်းထားများကို လျှော့ချလာခဲ့ရာမှာ ၂၀၀၈ ခုနှစ်မှာ စုစုပေါင်း ကုန်သွယ်မှုလိုင်းပေါင်း ၈၃၀၀ ကျော်ရဲ့ ၆၀ ရာခိုင်နှုန်းဟာ သွင်းကုန် အကောက်ခွန် သုညရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းဖြစ်လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ကုန်စည် ၈၀ ရာခိုင်နှုန်းအထိ အကောက်ခွန် ၅ ရာခိုင်နှုန်းအောက်တွင် ဖြစ်လာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်တွင် ၉၃ ရာခိုင်နှုန်းအထိ ၂၀၁၈ ခုနှစ်မှာ ကုန်စည်သွင်းကုန်အားလုံးနီးပါး အကောက်ခွန်ကင်းလွတ်ခွင့် ပြည်ပမှတင်သွင်းလာတော့မှာ ဖြစ်ပါတယ်။ General Section သစ်မှာပါတဲ့ နိုင်ငံတော်အတွက် အထူးလိုအပ်လို့ သတ်မှတ်ထားတဲ့ အထူးကုန်ပစ္စည်းများကလွဲရင် ကုန်စည် ၉၈ ရာခိုင်နှုန်းဟာ အာဆီယံနိုင်ငံအချင်းချင်း ကုန်သွယ်တဲ့အခါမှာ အကောက်ခွန်လုံးဝလျှော့ပေးရတော့မှာဖြစ်ပါတယ်။ AEC ရည်ရွယ်ချက်ဟာ အာဆီယံဒေသကို ကမ္ဘာ့စီးပွားရေးမှာ မြင့်မားတဲ့ဒေသတစ်ခုဖြစ်လာရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ နောက်ထပ်ရည်ရွယ်ချက်တစ်ခုအနေနဲ့က ကမ္ဘာ့စီးပွားရေးတွင် အာဆီယံ နိုင်ငံများချိတ်ဆက်နိုင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်မားလာစေရန် အာဆီယံစီးပွားရေးအသိုက် အဝန်းပေါ်ပေါက်လာပါက အာဆီယံဒေသအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးမှုတန်းတူညီမျှမှုဖြစ်လာစေရန်

အာဆီယံဒေသအချင်းချင်း စီးပွားရေးကွာဟမှုနည်းပါးရေးအတွက် နိုင်ငံအတွင်းမှာရှိတဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများရဲ့ ယှဉ်ပြိုင်နိုင်စွမ်းအားမူတည်ကြောင်းကို ဒေသတွင်းနိုင်ငံများမှာတွေ့ရှိခဲ့ပါတယ်။ ထိုအချက်နဲ့ပတ်သက်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရမည်မှာ အရေးကြီးလာပြီလို့ ထင်မြင်ယူဆမိပါတယ်။ အဆိုပါအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းထုတ်ကုန်များ အခြားအာဆီယံနိုင်ငံများနှင့်ယှဉ်ပြိုင်ရေးတွင် ထုတ်ကုန်၏ အရည်အသွေးမြင့်မားပြီး ဈေးကွက်တွင် ဈေးနှုန်းယှဉ်ပြိုင်နိုင်ရန် လွန်စွာအရေးကြီးပါတယ်။ မိမိတို့နိုင်ငံမှာ အချို့သောကုန်ပစ္စည်းများ ကုန်ချောတင်သွင်းရောင်းချခြင်းသည် ကုန်ကြမ်းတင်သွင်း၍ ကုန်ချောထုတ်လုပ်ရောင်းချခြင်းထက် ဈေးကွက်တွင် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိတာကို တွေ့ရပါ တယ်။ ဒီလိုဖြစ်ရခြင်းမှာ အချို့သောကုန်စည်များအတွက် ကုန်ချောတင်သွင်းပါက ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းသာဆောင်ရပြီး ကုန်ကြမ်းတင်သွင်းပါက ကုန်သွယ်ခွန် ၁၀ ရာခိုင်နှုန်းပေးဆောင်ရတာကို တွေ့ရပါတယ်။ ကုန်ချောတင်သွင်းရောင်းချခြင်းက ပိုမိုတွက်ခြေကိုက်ပြီး ရေရှည်တွင် ကုန်ကြမ်း တင်သွင်း၍ ကုန်ချောထုတ်လုပ်သည့် အသေးစားနှင့်အလတ်စားစက်ရုံလေးများ ပြိုလဲကျဆုံးကုန်တော့မှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမယ့် AEC တွင် မိမိတို့ဈေးကွက်မှာ ပြည်ပမှ တင်သွင်းလာသော ကုန်ချောများကသာ နေရာရရှိပြီး ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ တဖြည်းဖြည်း ကျဆင်းပျောက်ကွယ်တော့မှာ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်လာတော့မှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၈)၊ ပုဒ်မ ၃၇၁ တွင် နိုင်ငံတော်သည် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် နည်းပညာအရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်လို့ ဆိုထားပါတယ်။ သို့ပါ၍ အနာဂတ်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ရှင်သန်တိုးတက်ရေး အတွက် ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်နေရသည်ဖြစ်ရာ ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချော သွင်းကုန်တို့ကို ကုန်သွယ်ခွန်နှုန်းထားအတူတူ တစ်ပြေးညီကောက်ခံခြင်းကို ပြင်ဆင်ပြီး ကုန်ကြမ်းသွင်းကုန်ကို ကုန်ချောသွင်းကုန်ထက် ကုန်သွယ်ခွန်လျှော့ကောက်သင့်ကြောင်းအဆိုသည် နိုင်ငံတော်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်သစ်များပေါ်ပေါက်ရေး၊ ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးတို့အတွက် များစွာအထောက်အကူပြုမည့်အဆိုဖြစ်ပါသောကြောင့် အလေးအနက် ထောက်ခံတင်ပြအပ်ပါကြောင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတော်အစိုးရသစ်မှ စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရန်အတွက် စက်မှုဇုန်အသစ်များ၊ တိုးချဲ့ဖော်ဆောင်ပေးနေခြင်း၊ ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ စက်ရုံအလုပ်ရုံများ ပေါ်ထွက်လာရေးအတွက် လိုအပ်သောအခွင့်အလမ်းများ ဖွင့်ပေးလျက်ရှိပါတယ်။ ထို့အပြင် အလုပ်ရုံများအတွက် မဖြစ်မနေလိုအပ်တဲ့လျှပ်စစ်ဓာတ်အားများကိုလည်းပဲ ရေအားနဲ့သဘာဝဓာတ်ငွေ့များ အသုံးပြုလျက် စီမံကိန်းများ ချမှတ်၍တိုးချဲ့ဆောင်ရွက်ပေးနေပါတယ်။ ထို့အတွက်လည်း ပြည်သူအများမှ များစွာနှစ်ထောင်း အားရရှိနေကြပါတယ်။ ထိုအကျိုးကျေးဇူးများကြောင့် စက်ရုံအလုပ်ရုံအသစ်များလည်း များစွာပေါ်ထွန်းလာသည်ကို ကျွန်တော်တို့ ဝမ်းသာဖွယ်တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ၎င်းစက်ရုံအလုပ်ရုံများ နေ့ညမပြတ်လည်ပတ်နိုင်စေရေးအတွက်လည်းကောင်း၊ ရေရှည်ရပ်တည်နိုင်စေရေးအတွက်လည်းကောင်း လိုအပ်တဲ့ဖြေလျှော့ပေးမှုများကို လုပ်ပေးဖို့လည်း လိုအပ်နေပါတယ်လို့ကျွန်တော်ထင်မြင်မိပါတယ်။ ထိုဖြေလျှော့ပေးမှုများထဲမှာ ကျွန်တော်တို့ ဦးအောင်သိန်းလင်း တင်သွင်းတဲ့ အဆိုသည်လည်း အရေးကြီးဆုံးအချက်အနေအထားနဲ့ ပါဝင်နေပါတယ်။ ဒါမှသာ ကျွန်တော်တို့ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများဟာ ပြည်ပမှတင်သွင်းလာတဲ့ ကုန်ချောပစ္စည်းများကို အရည်အသွေးရော ဈေးနှုန်းအရပါ ယှဉ်ပြိုင်ရောင်းချနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၅ ခုနှစ် AFTA(ASEAN Free Trade Area)ကာလမှာ ယှဉ်ပြိုင်ရမှုဟာ ပိုမိုပြင်းထန်လာလိမ့်မယ်လို့ ကျွန်တော်တို့ မှန်းဆပါတယ်။ သို့မှသာ ရေရှည်ရပ်တည်နိုင်၍ စက်ရုံများ နေ့ညမပြတ်လည်ပတ်နိုင်ပြီး သုံးစွဲသူပြည်သူများ၏ အကျိုးကို ဖော်ဆောင်နိုင်ကြလိမ့်မယ်လို့ ထင်မြင်မိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်လာပြီးတော့ ကာယဉာဏလုပ်သားများ ပြည်ပထွက်၍ အလုပ်လုပ်စရာမလိုတဲ့အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်လိမ့်မယ်လို့ ကျွန်တော်ယူဆမိပါတယ်။ အထက်ပါအဆိုနဲ့ဆက်နွယ်နေတဲ့ဖြည့်စွက်ချက်ကိုလည်း တင်ပြလိုပါတယ်။ ပြည်တွင်းကုန်ကြမ်းကို အသုံးပြုတဲ့၊ ထုတ်လုပ်တဲ့ စက်ရုံအလုပ်ရုံများအကြောင်း ဖြစ်ပါတယ်။ ၎င်းစက်ရုံများရဲ့ ကုန်ကြမ်းဟာ ပြည်ပမှ

ဝယ်စရာမလိုဘဲ ပြည်တွင်းမှာပင်စိုက်ပျိုးပြီးတော့ ထုတ်လုပ်ရရှိနိုင်ပါတယ်။ ဒါပေမယ့် တောင်သူများ ပိုမိုစိုက်ပျိုးချင်လာအောင် ၎င်းတို့အတွက် သင့်တင့်မျှတတဲ့ အကျိုးရရှိအောင်နိုင်ငံတော်မှ ပြန်လည် သုံးသပ်ဖို့တော့လိုသည်ဟု အကြံပြုလိုပါတယ်။ ဥပမာအားဖြင့် တင်ပြရရင် ဆီစက်လုပ်ငန်းရှင်များ တွေ့ကြုံနေရတဲ့ လုပ်ငန်းများနဲ့ နှိုင်းယှဉ်တင်ပြလိုပါတယ်။ စားအုန်းဆီနှင့် တိရစ္ဆာန်အစားအစာ များဖြစ်တဲ့ ကြိတ်ဖက်များကို ပြည်ပမှတင်သွင်းခွင့်ပြုထားပါတယ်။ ပြည်တွင်းမှာထွက်ရှိတဲ့ ဆီထွက်သီးနှံများကိုလည်း ပြည်ပကို မြေပဲရော၊ နှမ်းရောအားလုံး တင်ပို့ခွင့်ပေးထားပါတယ်။ ၎င်း အခြေအနေနှစ်ရပ်ကြားမှာ ကျွန်တော်တို့ ဆီစက်များရဲ့ ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းဟာ ရပ်ဆိုင်း လာရတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ပြည်သူများရဲ့ ကျန်းမာရေးကိုအကျိုးပြုတဲ့ ဆီထွက်သီးနှံကုန် ကြမ်းများဖြစ်တဲ့ ဥပမာ - ပဲပုပ်စေ့ကုန်ကြမ်းမျိုးကို ပြည်ပမှတင်သွင်းရမယ့် အခြေအနေမျိုးကို ရောက်လာရပါတယ်။ သို့မှသာ ကျွန်တော်တို့ စားသုံးဆီရော၊ ကြိတ်ဖတ်များပါ ပြန်လည်လုံလောက် လာမှာဖြစ်ပါတယ်။ ယခု ကမ္ဘာ့ဈေးကွက်အခြေအနေအရလည်းကောင်း၊ မြန်မာ့ဈေးကွက်အခြေအနေ အရလည်းကောင်း ၎င်းကုန်ကြမ်းမျိုးတင်သွင်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကိုက်ညီမယ့်အခြေအနေ များမှာရှိပါတယ်။ သို့သော်လည်းပဲ ၎င်းအခြေအနေဟာ အစဉ်အမြဲ ရှိနေမယ်မဟုတ်ဘဲ အကြောင်း အမျိုးမျိုးကြောင့် ချက်ချင်းပြောင်းလဲသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ပြည်တွင်းမှာ စိုက်ပျိုး ထုတ်လုပ်တဲ့ ဆီထွက်သီးနှံများရှိပေမယ့် ကျွန်တော်တို့ မြင်ရုံသာမြင်ရပြီးတော့ မကြင်ရတဲ့ အခြေအနေ မှာရှိပါတယ်။ ကျွန်တော်တို့ ခုနက တင်ပြခဲ့သလိုပဲ ပြည်ပမှ ပြန်လည်တင်သွင်းရမယ့် အခြေအနေကို ရောက်ရှိသွားနေပါတယ်။ ထိုသို့ ပြည်ပမှတင်သွင်းရမည်ဆိုတာလည်း ကျွန်တော်တို့ ဦးအောင်သိန်းလင်း တင်သွင်းတဲ့အဆိုဟာ အဓိကကျတဲ့အချက်တစ်ချက်အနေအထားနဲ့ ပါဝင်လာပါတယ်။ အဲ့ဒီလိုပဲ အခြားစက်ရုံများဟာလည်းပဲ အလားတူဖြစ်ရပ်မျိုးနဲ့ ကြုံတွေ့နေရတာကို တွေ့ရှိရပါတယ်။ ဥပမာ အားဖြင့် ဂျုံခေါက်ဆွဲစက်ရုံများ၊ ဆေးဝါးစက်ရုံများ၊ စားသောက်ကုန် မျိုးစုံထုတ်လုပ်တဲ့ စက်ရုံ တော်တော်များများဟာ ကျွန်တော်တို့ အခက်အခဲများနဲ့ တွေ့ကြုံနေရတယ်လို့ ကြားနေရပါတယ်။ ပြည်တွင်းစက်ရုံ တော်တော်များများဟာ အဲ့ဒီလိုပဲ အခက်အခဲများနဲ့ ကြုံတွေ့နေရတဲ့အတွက် နောက်ထပ်ရင်းနှီးမြှုပ်နှံမှု အသစ်အနေအထားများနဲ့ စက်ရုံအလုပ်ရုံများ ထူထောင်ကြဖို့ တုန့်ဆိုင်း နေးကွေးမှုများ ဖြစ်လာကြပါတယ်။ ဒါကြောင့်မို့ အခြားဆူလွယ်နပ်လွယ် လုပ်ငန်းများဖြစ်တဲ့ သီးနှံ သိုလှောင်ခြင်း၊ ရွှေအရောင်းအဝယ်လုပ်ခြင်း၊ ကျောက်အရောင်းအဝယ်လုပ်ခြင်း၊ ကားအရောင်း အဝယ်လုပ်ခြင်း၊ မြေအရောင်းအဝယ်လုပ်ခြင်းနဲ့ မှောင်ခိုအရောင်းအဝယ်များ ဘက်ကို ငွေလုံးငွေရင်း

များစွာ ပြောင်းရွှေ့ပြီး ပိုမိုလုပ်ကိုင်လာခဲ့ကြတာ တွေ့ရှိရပါတယ်။ အခု တလောမှာဆိုရင် ငွေကြေးမြောက်မြားစွာဖြင့် မြေဝယ်ပြီးရောင်းတဲ့လောကကို ရောက်လာတာကို တွေ့ရှိရပါတယ်။ ၎င်းတို့ထဲမှာ တချို့ဟာဆိုရင် စက်မှုဇုန်ရှိတဲ့မြေများကို အလုအယက်ဝယ်ယူကြပြီး မတန်တဆဈေးတင် ဈေးခေါ်၍ ပြန်ရောင်းနေကြတာကို တွေ့ရှိရပါတယ်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် အကျိုးအမြတ်များစွာရနေတာကိုလည်း ကြားသိနေရပါတယ်။ ၎င်းရဲ့အကျိုးဆက်က စက်မှုလက်မှုလုပ်ငန်းများကို ရင်းနှီးလုပ်ကိုင်နေသူများအတွက် ပိုမိုအခက်အခဲတွေ့စေပြီး တိုးတက်ဖွံ့ဖြိုးမှုကို များစွာအဟန့်အတားဖြစ်စေပါတယ်။ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အကျိုးအတွက်ကတော့ ကျွန်တော်တို့ဆိုးကျိုးဘက်ကို ဦးတည်သွားနေတယ်လို့တောင်မှ ပြောနိုင်ပါတယ်။ အထက်ပါအကြောင်းအကျိုးများကြောင့် စက်မှုလက်မှုများ၏ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်အကျိုးကို မျှော်ကိုးပြီးတော့ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏ တင်သွင်းတဲ့အဆိုဟာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်း တင်ပြရင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ ကျွန်မကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ရဲ့အဆိုဖြစ်သော ကုန်ကြမ်းသွင်းကုန်အား အခွန်သက်သာခွင့်ပေးသင့်ပါကြောင်း အဆိုကို ထောက်ခံတင်ပြမှာဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်းပဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးကို အောင်မြင်စွာဖော်ဆောင်နေတဲ့အချိန်မှာဆိုရင် ခေတ်မီတဲ့စက်မှုနိုင်ငံထူထောင်ဖို့အတွက်က ပြည်တွင်းမှာရှိတဲ့စက်မှုကုန်ထုတ်လုပ်ငန်းတွေ Industrial နဲ့ပတ်သက်လို့ Industrial goods တွေ အားပေးရမှာဖြစ်ပါတယ်။ အဲဒီတော့ အစိုးရက အားပေးတဲ့အနေနဲ့ သွင်းကုန်အခွန်တွေကို သက်သာတဲ့နှုန်းထားနဲ့ ကောက်ယူဖို့ဆိုပြီးတော့ ဦးအောင်သိန်းလင်းရဲ့အဆိုက အင်မတန်သင့်မြတ်ပါတယ်။ အဲ့ဒီလို ကောက်ယူဖို့အတွက်ကတစ်ခါ ဥပဒေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေလည်း တစ်ပါတည်းပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ ဥပဒေအရ လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုတဲ့အခါကျတော့လည်း သူနဲ့ပတ်သက်ကျွမ်းဝင်နေတဲ့ Industrial Policy, Trade Policy တွေ ပြောင်းလဲပြီးတော့ ကျင့်သုံးရမှာဖြစ်ပါတယ်။ အဲဒီတော့ အတိုချုပ်အား

ဖြင့်ပြောရမယ်ဆိုရင်တော့ ဒီသွင်းကုန်အခွန်တွေကို လျှော့နည်းပေးသွင်းတဲ့အတွက်ကြောင့်မို့လို့ အကျိုးကျေးဇူးလေးတွေကိုပဲ အကျဉ်းချုပ်ပြောပါမယ်။ နံပါတ် (၁) အကျိုးကျေးဇူးကတော့ သွင်းကုန်ခွန်ကို လျှော့နည်းပေးသွင်းရတဲ့အတွက်ကြောင့်မို့လို့ တစ်ဖက်မှကြည့်လို့ရှိရင်လည်း သွင်းကုန်လုပ်ငန်းတွေကို တိုးမြှင့်ပေးရာရောက်ပါတယ်။ နံပါတ် (၂) အချက်အနေနဲ့ကျတော့ ခုနက ဆွေးနွေးသွားတဲ့ လူကြီးမင်းတွေလည်း ပြောပြီးသွားပါပြီ။ ASEAN Economic Community မှာဆိုလို့ရှိရင်လည်း ဈေးကွက်ဝင်မယ့်၊ အရည်အသွေးမြင့်မယ့် Final Good ကုန်ချောပစ္စည်းတွေကို တိုးတက်ထုတ်လုပ်ဖို့အတွက် အထောက်အကူပြုနိုင်ပါတယ်။ နောက်တစ်ချက်ကကျတော့ ပြည်တွင်း စက်မှုကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုရပြီး တော့ GDP မှာပါဝင်တဲ့ Purchasing Power တွေ တက်လာမယ်။ Investment တွေ တက်လာ နိုင်ပါတယ်။ နောက်တစ်ချက်ကကျတော့ နိုင်ငံခြားက ကုန်ချောပစ္စည်းဖြစ်တဲ့ ဒီအချိုမှုန့်တို့ ဘာတို့ကို တင်သွင်းမယ့်အစားထုတ်လုပ်ရေးလုပ်ငန်းမှာ အထောက်အကူပြုတဲ့ ကုန်ကြမ်းပစ္စည်းတွေ Semi Product, Intermediate Product တစ်ပိုင်းတစ်စ ကုန်ကြမ်းကုန်ချောပစ္စည်းတွေ တင်သွင်းခြင်း၊ နောက်တစ်ခုက ဒီမှာစက်ရုံတည်ထောင်ပြီးတော့ ကုန်ပစ္စည်းထုတ်လုပ်မယ်ဆိုလို့ရှိရင် စက်ရုံ တည်ထောင်ပြီးတဲ့အခါမှာလိုအပ်တဲ့ စက်ပစ္စည်းတွေ၊ အရန်ပစ္စည်းတွေ၊ လိုအပ်တဲ့ Component တွေ အဲဒါတွေကို ဈေးနှုန်းချိုသာစွာနဲ့ ပြည်တွင်းကို တင်သွင်းခွင့်ရမယ်ဆိုလို့ရှိရင် ဒီပစ္စည်းတွေနဲ့ ထုတ်လုပ်တဲ့ ကုန်ချောပစ္စည်းကလည်း ဈေးနှုန်း ချိုချိုသာသာနဲ့တန်းဝင်၊ ဈေးကွက်ဝင်အရည်အသွေး မြင့်တဲ့ပစ္စည်းအဖြစ် ရောင်းချနိုင်မှာဖြစ်ပါတယ်။ အဲဒီအခါမှာလည်း ခုနက ကိုယ်စားလှယ်ကြီး များပြောသလိုပဲ ASEAN အသိုင်းအဝန်းမှာ ကျွန်မတို့ မြန်မာပြည်အတွက် ဈေးကွက်ဝင်တဲ့ ပစ္စည်းများ ကို အချိန်မီထုတ်လုပ်နိုင်အောင် ဦးစားပေးတဲ့အနေနဲ့ ဆောင်ရွက်ပေးသင့်ပါတယ်။ နောက်တစ်ခုက တစ်ခါပြန်ကြည့်မယ်ဆိုရင် FE Exchange Rate Unification ကို ကျွန်မတင်ပြ ခဲ့တဲ့အတိုင်းပဲ ဘဏ္ဍာရေး Policy အရ Trade Policy တွေကို မူဝါဒချပြီးတော့ လက်တွေ့ကျကျ အကောင် အထည်ဖော်တဲ့အခါမှာ မြန်မာကျပ်ငွေအတက်အကျ ထိန်းညှိနိုင်မယ်။ အဲဒီအခါ အစိုးရကလည်း ငွေကြေးဈေးကွက်နဲ့ပတ်သက်ပြီးတော့ နိုင်ငံခြားငွေကြေးဈေးကွက်ကိုပါ ထိန်းကျောင်းနိုင်မှာ ဖြစ်ပါ တယ်။ လောလောဆယ်ပြန်ကြည့်မယ်ဆိုလို့ရှိရင် မြန်မာပြည်မှာ ဥပမာ- သွင်းကုန်ပစ္စည်းတစ်ခုကို သွင်းမယ်ဆိုရင် ကြိုတင်ခွန်အနေနဲ့ လောလောဆယ် ဘာသွင်းရလဲဆိုရင် တစ်ဒေါ်လာကို ၁၀ ကျပ် သွင်းရတယ်။ ဒေါ်လာတစ်သိန်းသွင်းမယ်ဆိုလို့ရှိရင် မြန်မာငွေ ကျပ် ၁၀ သိန်း ကြိုတင်ငွေနဲ့ အရင်

သွင်းလိုက်ရပါတယ်။ နောက်တစ်ခါ နှစ်ကုန်လို့ 31 March နှစ်ကုန်တဲ့အခါကျတော့ ပြည်တွင်းအခွန်များဦးစီးဌာန ကုမ္ပဏီများဆိုင်ရာအခွန်ရုံးကနေပြီးတော့ စာရင်းတွက်ချက်လိုက်တယ်။ အဲဒီအခါကျတော့ ကျသင့်တဲ့အခွန်သည် 30 Percent ဘယ်တော့မှ ပေးရတာမရှိပါဘူး။ Over 30 Percent ဖြစ်တယ်။ ၃၁ ကျပ်ကနေပြီးတော့ ၃၆ ကျပ်၊ ၃၈ ကျပ် လောက် Percentage ပေးရပါတယ်။ အဲဒီပေးတဲ့အခါမှာလည်း ခုနတုန်းက ကြိုသွင်းထားတဲ့ ကြိုတင်ခွန်ကိုတော့ ပြန်ပြီးတော့ ခုနိမ်တာတော့ ရှိပါတယ်။ ဒါပေမယ့် အဲဒီအချိန်အခါ ရောက်တဲ့အခါ ကုမ္ပဏီများဆိုင်ရာအခွန်ရုံးမှာရှိတဲ့ မြို့နယ်ဦးစီးများ၊ ဦးစီးဌာနမှူးတွေရဲ့ လက်ထဲမှာရှိတဲ့ ဒီအခွန်နှုန်းထားများဟာဆိုလို့ရှိရင် သူတို့ရဲ့ ဦးနှောက်ထဲမှာရှိတဲ့ Clean Government ဆိုတဲ့ စာသားလေး ကို ပျောက်ဆုံးသွားပြီးတော့ အခွန်ကောက်ခံတာတွေ့ရပါတယ်။ အဲဒါကြောင့် တစ်ပါတည်းတင်ပြရင်းနဲ့ ဦးအောင်သိန်းလင်းရဲ့ အဆိုကို ထောက်ခံပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းခဲ့တဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန် ကုန်သွယ်လုပ်ငန်းခွန်တစ်ပြေးညီဖြစ်နေခြင်း၊ အချို့ကုန်ကြမ်းသွင်းကုန်များမှာ ကုန်ချောသွင်းကုန်ထက် ကုန်သွယ်လုပ်ငန်းခွန် ပိုမိုကောက်ခံနေခြင်းကို ပယ်ဖျက်၍ ကုန်ကြမ်းသွင်းကုန်အပေါ် အခွန်လျှော့ပေါ့ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်း အဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်အနေဖြင့် စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ထူထောင်မည်ဟု မူဝါဒချမှတ်ပြီး မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသစ်ကိုပင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီ ဖြစ်ပါတယ်။ နိုင်ငံအဝန်းမှာ မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများ၏ အများစုမှာအသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ Small and Medium Enterprise များသာဖြစ်ကြပါတယ်။ တိုင်းပြည်တိုင်းတွင်လည်း အသေးစားနှင့်

အလတ်စားစက်မှုလုပ်ငန်းများမှာ အများစုဖြစ်ကြပါတယ်။ အဆိုပါအသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးခြင်း ရှိ၊ မရှိသည် စက်မှုနိုင်ငံဖြစ်ရေးအတွက် ရေသောက်မြစ် ဖြစ်ပါတယ်။ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အခက်အခဲ အတားအဆီးတွေ ရှိနေတာကို တွေ့နေရပါတယ်။ စက်မှုလုပ်ငန်းအတွက် ပထမဦးစွာရင်ဆိုင်ရသည့် အခက်အခဲမှာ ငွေကြေးအရင်းအနှီး ဖြစ်ပါတယ်။ ငွေကြေးအရင်းအနှီးရရှိရန်၊ ဘဏ်များရှိချေးငွေ ရရှိရန် အခက်အခဲများကိုကျော်ဖြတ်၍ စက်ရုံထူထောင်ပြီးပါကလည်း စက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်း ကိုဥပဒေအရ မှတ်ပုံမတင်မနေရဆောင်ရွက်ရပြီး မှတ်ပုံတင်ရာမှာလည်း အခြားသောဌာန အဖွဲ့အစည်းနှင့်ပါ ဆက်စပ်ပြီးဆောင်ရွက်ရပါတယ်။ ဤသို့ ဆောင်ရွက်ရာမှာလည်း အခြားဌာနများရဲ့ လုပ်ငန်းလိုင်စင်ကို စောင့်ဆိုင်းနေရခြင်းတို့ကြောင့် အချိန်ကြန့်ကြာရပြန်ပါတယ်။ အထက်ပါ အခက်အခဲများကို ကျော်လွှားပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ စတင်ဆောင်ရွက်ရာမှာ ကြုံတွေ့ရ တာကတော့ ဈေးကွက်မှာပြင်ပမှကုန်ချောတိုက်ရိုက်တင်သွင်းပြီး ရောင်းချရသော အမျိုးတူပစ္စည်း များနှင့် အရည်အသွေးအရရော၊ ဈေးနှုန်းအရပါ ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ဈေးနှုန်းယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုစရိတ်လျှော့ချရေးတွင် အဓိကအတား အဆီးတစ်ခုမှာ ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့အပေါ် ကုန်သွယ်ခွန်တစ်ပြေးညီ သတ်မှတ်ထားခြင်း၊ အချို့ကုန်ကြမ်းသွင်းကုန်အပေါ် သတ်မှတ်ထားသော ကုန်သွယ်ခွန်သည် ကုန်ချောသွင်းကုန်ထက် ကုန်သွယ်ခွန်ပိုမိုသတ်မှတ်ကောက်ခံလျက်ရှိသဖြင့် ကုန်ကြမ်းတင်သွင်း ထုတ်လုပ်သူများအနေဖြင့် ကုန်ချောတင်သွင်းရောင်းချသူများနှင့် ဈေးကွက်မှာအရည်အသွေး ယှဉ်ပြိုင်နိုင်ပေမယ့် ဈေးနှုန်းယှဉ်ပြိုင်ရောင်းချနိုင်မည့် အခြေအနေမရှိကြတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် အိမ်မိုးသွပ်ကုန်ချောကို ပြည်ပမှတင်သွင်းပါက ကုန်သွယ်ခွန် ၂ ရာခိုင်နှုန်းသာ ကျခံ ရပြီး သံပြားကုန်ကြမ်းသွင်း၍ သွပ်ပြားထုတ်လုပ်ပါက ကုန်ကြမ်းသွင်းကုန်အတွက် ၂၀ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံသည့်အပြင် ထုတ်လုပ်ခွန်နှင့် ရောင်းချခွန်ကိုပါ ထုတ်လုပ်သူအနေဖြင့် ထပ်မံကျခံရသည့်အတွက် စက်မှုလုပ်ငန်းထူထောင်ထုတ်လုပ်သူအနေဖြင့် ပစ္စည်းတင်သွင်းရောင်းချ သောကုန်သည်ကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမည် မဟုတ်ကြောင်းတွေ့ရပါတယ်။ အလားတူ ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား သတ်မှတ်ချက်သည် ကုန်ပစ္စည်းတင်သွင်း ရောင်းချတဲ့ကုန်သည်ကို ဦးစားပေးနေသည့်သဘော အချို့ကုန်ပစ္စည်းများတွင် တွေ့နေရပါတယ်။ ဒါကြောင့်တန်ဖိုးမြင့်သွား အောင် Value Added ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာမှာလည်း အတားအဆီးသဖွယ်

ဖြစ်နေတာကို တွေ့ရပါတယ်။ လက်ရှိတည်ဆဲဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ အခွန်စည်းကြပ်နှုန်းဇယားမှာ ခရမ်းချဉ်သီးသည် စိုက်ပျိုးသီးနှံဖြစ်၍ အခွန်မကျသင့်သော်လည်း ခရမ်းချဉ်သီးဆော့ ထုတ်လုပ်လျှင် ဖိမ်ခံပစ္စည်းသတ်မှတ်ထားသဖြင့် ကုန်ပစ္စည်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ပေးဆောင်ရန်သတ်မှတ်သဖြင့် ပြည်တွင်းဖြစ်ခရမ်းချဉ်သီးဆော့ ထုတ်လုပ်ပါကဈေးကြီးသွားမည်ဖြစ်၍ ထုတ်လုပ်ရောင်းချရန် အခွင့်မသာတော့ပါ။ ပြည်ပမှ တိုက်ရိုက်တင်သွင်း ရောင်းချဆောင်ရွက်နေသော ကုန်သည်ကြီးများကိုသာ အားပေးသကဲ့သို့ ဖြစ်နေပါတယ်။ စက်မှုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတကာတွင် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့၏ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံကျင့်သုံးသည့်စနစ်မှာ ကျွန်တော်တို့ နိုင်ငံနှင့်ဆန့်ကျင်ဘက်ဖြစ်နေတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သွင်းကုန်အစားထိုးရေး၊ ပြည်တွင်းဖူလုံစွာထုတ်လုပ်ရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို နိုင်ငံတော်မှ အားပေးမြှင့်တင်နေပါတယ်။ ကုန်ချောတင်သွင်းရောင်းချရေးကို ဦးစားပေးရာရောက်နေသော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေသည် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဟန့်အတားဖြစ်နေပါတယ်။ ကုန်ချောသွင်းကုန်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်ပိုမိုတိုးမြှင့်ကောက်ခံပြီး ကုန်ကြမ်းသွင်းကုန်များအပေါ် အခွန်လျှော့ပေါ့ကောက်ခံခြင်းသည် ပြည်တွင်းထုတ်လုပ်မှုကို တိုးတက်စေ၍ သွင်းကုန်အစားထိုးလုပ်ငန်းကို အားပေးရာရောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေတယ်ဆိုတာကို သဘာဝကျကျ ကိုယ်စားလှယ်တော်ကြီးများအားလုံးကလည်း တွေးတောဆင်ခြင်မိကြမယ်လို့ ကျွန်တော်ယူဆပါတယ်။ ၂၀၁၅ မှာ အာဆီယံစီးပွားရေးကို ပီပြင်အောင် အကောင်အထည်ဖော်ကြရတော့မှာ ဖြစ်ပါတယ်။ ၂၀၁၅ မှာ ASEAN Free Trade Area - AFTA ပေါ်လာမှာ ဖြစ်ပါတယ်။ AFTA သဘောတူညီချက်အရ ၂၀၁၅ ခုနှစ်မှာ ကုန်စည်ပြည်ပသွင်းကုန်အားလုံးနီးပါး အကောက်ခွန် သုညရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအတွင်းဖြင့် ဝင်လာတော့မှာဖြစ်ပါတယ်။ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ မိမိတို့၏ ထုတ်ကုန်များသည် အရည်အသွေးအရရော၊ ကုန်ဈေးနှုန်းအရပါ ယှဉ်ပြိုင်ကြရတော့မှာ ဖြစ်ပါတယ်။ ဤအချက်နှင့်ပတ်သက်ပြီး အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်ပိုင်းအနေဖြင့် အရေးတကြီးဆောင်ရွက်ကြရတော့မှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပြည်ပသွင်းကုန်နှင့်ယှဉ်ပြိုင်မှု အဆင်သင့်

မဖြစ်သေးခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းအား မပြည့်သေးခြင်းများ ဖြစ်ပေါ်နေမယ်ဆိုရင် မိမိတို့၏ ဈေးကွက်များကို ပြည်ပလက်ပေးအပ်လိုက်ရမှာဖြစ်ပြီး မိမိတို့စက်ရုံများ ပိတ်သိမ်း၍ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဟာ ပြိုလဲသွားကြရတော့မှာ ဖြစ်ပါတယ်။ AFTA ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် ယခုကတည်းက မိမိတို့၏စက်မှုလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အားပေးကြရတော့မှာ ဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားကိုလည်း ပြည်တွင်းထုတ်လုပ်မှုကို အားပေးရာရောက်သည့် ကုန်ကြမ်းသွင်းကုန်ကို အခွန်လျှော့ပေါ့ကောက်ခံခြင်း၊ ကုန်ချောသွင်းကုန်အပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းကို မလွဲမသွေဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါတယ်လို့ အလေးအနက်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းတဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့ ကုန်သွယ်လုပ်ငန်းခွန် တစ်ပြေးညီဖြစ်နေခြင်း၊ အချို့ကုန်ကြမ်းသွင်းကုန်များကို ကုန်ချောသွင်းကုန်ထက် ကုန်သွယ်လုပ်ငန်းခွန် ပိုမိုကောက်ခံနေခြင်းကို ပယ်ဖျက်၍ ကုန်ကြမ်းသွင်းကုန်အပေါ် အခွန်လျှော့ပေါ့ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ စက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်တို့ကို ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား အတူတူတစ်ပြေးညီ ကောက်ခံနေခြင်းကိုပြင်ဆင်ပြီး ကုန်ကြမ်းသွင်းကုန်အား အခွန်သက်သာခွင့်ပေးသင့်ပါကြောင်း အဆိုနှင့်ပတ်သက်၍ ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အခွန်စနစ်တစ်ခု ရှင်းလင်းလွယ်ကူအောင်ဆောင်ရွက်တဲ့နေရာမှာ အခွန်ခုန္ဓိမ်တဲ့စနစ်

ကျယ်ပြန့်လွယ်ကူစွာ ကျင့်သုံးနိုင်ရေး၊ အခွန်ကိုအတတ်နိုင်ဆုံး တစ်ခုတည်းဖြစ်အောင် သတ်မှတ်ပေးရပြီး ကုန်စည်တစ်ခုတည်းကလည်း အသုံးပြုတဲ့အပေါ်မှာမူတည်၍ ကုန်ကြမ်းနှင့် ကုန်ချောကွဲပြားတာဖြစ်တဲ့အတွက်ကြောင့် ကုန်စည်တစ်ခုကို ကုန်ကြမ်းနှင့် ကုန်ချောရယ်လို့ ပုံသေသတ်မှတ်လို့ မရတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် ပလပ်စတစ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်တဲ့ ပလပ်စတစ်ပုလင်းများအနေနဲ့ အဆိုပါလုပ်ငန်းရဲ့ ကုန်ချော ဖြစ်ပေမယ်လို့ အချိုရည်ထုတ်လုပ်တဲ့လုပ်ငန်းအတွက်ကျတော့ အချိုရည်ထည့်ဖို့ အသုံးပြုရတာမို့လို့ ကုန်ကြမ်းဖြစ်နေတာကို တွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်ကုန်စည်ကတော့ ကုန်ကြမ်း၊ ဘယ်ကုန်စည်ကတော့ ကုန်ချောဆိုတာကို ပိုင်းခြားသတ်မှတ်ဖို့ ခက်ခဲတဲ့ကိစ္စရပ်များလည်းရှိလာမှာ ဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနောက်ဆက်တွဲဇယား ၁ မှ ဇယား ၆ တွင် ဖော်ပြပါရှိသည့် ကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှတင်သွင်းပါက ကုန်းပေါ်ရောက်တန်ဖိုးပေါ်တွင်လည်းကောင်း၊ နိုင်ငံအတွင်းထုတ်လုပ်သည့် ကုန်စည်ဖြစ်လျှင် ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ကုန်သွယ် လုပ်ငန်းခွန် ကျသင့်ပါတယ်။ ဒီလိုကျသင့်တဲ့နေရာမှာ ဥပမာအားဖြင့် ဆိုက်ကယ်ထုတ်လုပ်ရန် ပြည်ပမှတင်သွင်းသည့် စက်အစိတ်အပိုင်းများ၊ မော်တော်ယာဥ်ထုတ်လုပ်ရန် ပြည်ပမှတင်သွင်းသည့် စက်အစိတ်အပိုင်းများအတွက် ကုန်းပေါ်ရောက်တန်ဖိုး ၂၀ ရာခိုင်နှုန်းသာ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ပြီး မော်တော်ဆိုင်ကယ်၊ ဆလွန်းအမျိုးအစား မော်တော်ယာဥ်တင်သွင်းခြင်းများအတွက် ၂၅ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ပါသဖြင့်လည်းကောင်း၊ သွားတိုက်ဆေးထုတ်လုပ်မှုလုပ်ငန်း အတွက် သွားတိုက်ဆေးဗူးခွံများကို တင်သွင်းခြင်းအတွက် ၅ ရာခိုင်နှုန်းသာ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေပြီး သွားတိုက်ဆေးများ ပြင်ပကနေ မှာယူတင်သွင်းပါက ၁၀ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်တဲ့အတွက် ကုန်ကြမ်းသွင်းကုန်နှင့် ကုန်ချောသွင်းကုန်ကို တစ်ပြေးညီကောက်ခံနေခြင်း မဟုတ်တာတွေကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးအောင်သိန်းလင်း တင်ပြသလို ကုန်ကြမ်းမှကုန်ချော ထုတ်လုပ်မှုလုပ်ငန်း တစ်နည်းအားဖြင့် Value Added လုပ်ငန်းကုန်စည်များ ထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံတော်အတွင်းစက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိကြမှာ ဖြစ်ပါတယ်။ တစ်ဦးချင်းဝင်ငွေတွေလည်း တိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချလာနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုကောင်းမွန်တဲ့အကျိုးရလဒ်ကို မျှော်ကိုးပြီး စက်မှုဇုန်များရှိ တိုင်းရင်းသားပိုင် သွင်းကုန်အစားထိုးကုန်စည်များ ထုတ်လုပ်ရောင်းချ သည့်

လုပ်ငန်းများအတွက် ပြည်တွင်းဈေးကွက်မှာ ပြည်ပသွင်းကုန်ပစ္စည်းများနဲ့ ယှဉ်ပြိုင်ရောင်းချ နိုင်အောင် ကျသင့်တဲ့ကုန်သွယ်ခွန်ရဲ့ ၂၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ကောက်ခံရန် အခွန်သက်သာခွင့် အမိန့်ကြော်ငြာစာများ ထုတ်ပေးထားပြီး ဖြစ်ပါတယ်။ ဒီအမိန့်ကြော်ငြာစာများအရ ၂၀ ရာခိုင်နှုန်းနှင့် အခွန်ကျသင့်တဲ့ကုန်စည်အတွက် ပြောမယ်ဆိုရင် ၄ ရာခိုင်နှုန်းသာ အခွန်ထမ်းဆောင်ရမှာ ဖြစ်ပါ တယ်။ ဒီအမိန့်ကြော်ငြာစာကိုလည်း ၁၉၉၉ ခုနှစ်က စတင်ပြီး သက်သာခွင့်ပြုခဲ့တာဖြစ်တဲ့အတွက် နှစ်စဉ်အမိန့်ကြော်ငြာစာများကို သက်တမ်းတိုးပြီး ခွင့်ပြုပေးခဲ့ပါတယ်။ အခု ၂၀၁၂ ကာလမှာဆိုရင် ၁၂ နှစ်ရှိပြီး ဖြစ်ပါတယ်။ ကုန်ကြမ်းကုန်စည်ပေါ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ကုန်ချော ကုန်စည်အပေါ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန် တစ်ပြေးညီဖြစ်နေပြီး ကားအစိတ်အပိုင်းများ တင်သွင်းခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၂၀ ရာခိုင်နှုန်း ကျသင့်မှာဖြစ်ပြီး အဆိုပါ ကားအစိတ် အပိုင်းနှင့် ထုတ်လုပ်ထွက်ရှိလာတဲ့ ဥပမာ Light Truck တစ်စီးကို ပြည်တွင်းမှာ ရောင်းချရင် ၂၀ ရာခိုင်နှုန်း ရောင်းရမှာဖြစ်သလို၊ ပြည်ပမှ Light Truck တစ်စီးကို တင်သွင်းလာရင်လည်း ကုန်သွယ်ခွန် ၂၀ ရာခိုင်နှုန်း ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ သာမန်အားဖြင့်ကြည့်လိုက်လို့ရှိရင်တော့ ကုန်ကြမ်းတင်သွင်းတာနဲ့ ကုန်ချောတင်သွင်းမှုအပေါ်မှာ အခွန်တူညီစွာ ပေးဆောင်ရတာလို့မြင်မှာ ဖြစ်ပါတယ်။ ကုန်ကြမ်းတင်သွင်းပြီး ထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဈေးကွက်မှာ မယှဉ်နိုင်သယောင် ဖြစ်နေမှာဖြစ်ပါတယ်။ တူညီနေတဲ့ ကုန်ကြမ်း၊ ကုန်ချောအနေအထား ကို ပြန်ကြည့်တဲ့အခါမှာ ခုန ကိုယ်စားလှယ်တော်ကြီးများ တင်ပြသွားတဲ့ ချည်လုံချည်နဲ့ ချည်ခင်မှာ ၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အိမ်မိုးသွပ်ပြားနဲ့ သန့်စင်သတ္တုပါ ၁၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ပလပ်စတစ် အိမ်သုံးနဲ့ လူသုံးပစ္စည်းနဲ့ ပလပ်စတစ်ကုန်ကြမ်းများက ၁၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဖိနပ်အမျိုးမျိုးနဲ့ ရာဘာက ၁၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ သကြားလုံးနဲ့သကြားက ၁၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒါပေမယ့် အခွန်နှုန်းတူတိုင်း ကျသင့်ငွေပမာဏမတူနိုင်တာကို ရှင်းလင်းတင်ပြလိုပါတယ်။ သွင်းလာတဲ့ပစ္စည်းဟာ ကုန်ချောဆိုရင် ကုန်ချောတန်ဖိုးဖြစ်ပြီး ကုန်ကြမ်းဆိုရင် ကုန်ကြမ်းတန်ဖိုးရှိမှာဖြစ်တဲ့အတွက် တန်ဖိုးပေါ်မှာ အခြေခံ တွက်တဲ့ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်တဲ့ ပမာဏချင်းတူနိုင်မှာ မဟုတ်ပါဘူး။ ဥပမာ ဆက်လက် တင်ပြလိုပါတယ်။ ဥပမာအားဖြင့် US$ ၇၀၀၀ ခန့် ရှိတဲ့ ကုန်တင်မော်တော်ယာဥ်ငယ်တစ်စီးကို ပြည်ပကတင်သွင်းလာရင် အကောက်ခွန် ၃ ရာခိုင်နှုန်းနဲ့ ကုန်သွယ်လုပ်ငန်းခွန် ၂၀ ရာခိုင်နှုန်း ပေးဆောင်ရမှာ ဖြစ်တဲ့အတွက် အကောက်ခွန်နဲ့ကုန်သွယ်လုပ်ငန်းခွန် စုစုပေါင်း ၁၄ သိန်း ကျော် ပေးဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ ပုံစံတူတဲ့ Light Truck တစ်စီး ပြည်တွင်းမှာ ထုတ်လုပ်

နိုင်ဖို့အတွက် လေ့လာတဲ့အခါမှာ ခုနပြောတဲ့ ကုန်ကြမ်းပစ္စည်း စက်အပိုပစ္စည်းများဟာ US$ ၇၅၀ ခန့် ပဲ ပြည်ပမှ တင်သွင်းဖို့လိုမှာဖြစ်တဲ့အတွက် ပြည်ပမှ တင်သွင်းတဲ့ စက်ပစ္စည်းအစိတ်အပိုင်းအတွက် အကောက်ခွန်ကုန်ကြမ်း ၁ ရာခိုင်နှုန်းနဲ့ ကုန်သွယ်လုပ်ငန်းခွန် ၂၀ ရာခိုင်နှုန်း ကျသင့်မှာဖြစ်လို့ ၉၀၀၀၀ ကျပ်ခန့်သာ အခွန်ပေးဆောင်ရတာ တွေ့ရပါတယ်။ ပြည်တွင်းထုတ် Light Truck ကို ပြည်ပ/ပြည်တွင်း ဈေးကွက်ပေါက်ဈေး ကျပ်သိန်း ၁၂၀ ဖြင့် ပြန်လည်ရောင်းချပါက ထုတ်လုပ်ရောင်းချမှုအပေါ် သက်သာခွင့်ပြုတဲ့အတွက် ကုန်သွယ်လုပ်ငန်းခွန် ၄ ရာခိုင်နှုန်းပေးဆောင်ရတာ ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် ပေးဆောင်ရမယ့် ကုန်သွယ်လုပ်ငန်းခွန် ၄ ရာခိုင်နှုန်းအတွက် ၄၈၀၀၀၀ ပဲ ကျခံထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုန်ကြမ်းတင်သွင်းစဉ်က ပေးဆောင်ခဲ့ရတဲ့ ကုန်သွယ်လုပ်ငန်းခွန် ၉၀၀၀၀ ကို ခုနှိမ်တဲ့အတွက် စုစုပေါင်း ၃၉၀၀၀၀ သာ အခွန်ထပ်မံပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကုန်ကြမ်းနှင့် ကုန်ချောအခွန်နှုန်းတူပေမယ့်လို့ အခုတင်ပြချက်မှာ ကုန်ချောတင်သွင်းသူက အခွန်ကျပ် ၁၄ သိန်းကျော် အခွန်ထမ်းဆောင်ရပြီး ပြည်ပမှ ကုန်ကြမ်းတင်သွင်းသူက ပြည်တွင်းမှာ ထုတ်လုပ်ရောင်းချသူအနေနဲ့ အခွန် ငါးသိန်းသာ ထမ်းဆောင်ရတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို အခွန်ကြောင့်မယှဉ်ပြိုင်နိုင်တာမဟုတ်ဘဲနဲ့ မိမိရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်ကို နည်းပညာအသုံးချပြီး သက်သာအောင်ဆောင်ရွက်ခြင်း၊ သွင်းကုန်ပစ္စည်းနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်အောင် ထုတ်လုပ်ခြင်းဖြင့်သာ ဈေးကွက်မှာယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ ကုန်ကြမ်းတင်သွင်းမှုအပေါ် ကျသင့်တဲ့ ကုန်သွယ်လုပ်ငန်းခွန်က ကုန်ချောတင်သွင်းမှုအတွက် ကျသင့်တဲ့ ကုန်သွယ်လုပ်ငန်းခွန်ထက် ပိုမိုနေသည့် ကုန်စည်အချို့ ရှိနေပါတယ်။ ကုန်စည်များရဲ့အသုံးဝင်မှု၊ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲနေမှုဖြစ်ခြင်း၊ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ Value Added Tax(VAT), Good and Services Tax (GST) အစရှိတဲ့ ထိရောက်ထက်မြက်လွယ်ကူသော အခွန်စနစ်သို့ ပြောင်းလဲကျင့်သုံးရန်လိုအပ်ခြင်းကြောင်း လက်ရှိကုန်သွယ်လုပ်ငန်းခွန်နှုန်းထားများအစား ပြင်ဆင်ထားပြီးဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ဖို့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တင်ပြလိုတာကတော့ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပေးထားတဲ့ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပြင်ဆင်ပြီးဖြစ်တဲ့အတွက် အစိုးရအဖွဲ့အနေနဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ကြော်ငြာစာများကို ဆက်လက်ပြင်ဆင် ဆောင်ရွက်ဖို့ရှိပါတယ်။ ဒါကြောင့် မို့လို

ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတကာအခွန်စနစ်များနည်းတူ ရှင်းလင်းလွယ်ကူပြီး ကိုယ်စားလှယ်တော်ကြီးများတင်ပြတဲ့ အခွန်ဝန်ထုပ်ဝန်ပိုးများမဖြစ်အောင် ကြိုးပမ်းထမ်းဆောင်သွားနိုင်မှာ ဖြစ်ပါကြောင်း သတင်းကောင်းပါးရင်း ရှင်းလင်းတင်ပြမှုကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းတဲ့ ဦးအောင်သိန်းလင်း သဘောထားသိလိုပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်ကို သဘောတူပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သဘောတူတယ်ဆိုတာက အဆိုနဲ့ပတ်သက်လို့ မဲခွဲစရာမလိုဘဲနဲ့ ပြည်ထောင်စုဝန်ကြီးက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲနေတယ်။ ဒါကြောင့်မို့လို အဲဒီလိုရေးဆွဲနေမှုကို လက်ခံတယ်၊ သဘောတူတယ်ဆိုတဲ့ဟာကို ပြောတာလား။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ မှန်ပါတယ်ခင်ဗျား။ ပြည်ထောင်စုဝန်ကြီးက ခုနရှင်းပြသွားတဲ့အထဲမှာ အသစ်ပြန်လည်ရေးဆွဲနေတယ်လို့သိရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အဆိုကို မှတ်တမ်းတင်ထားပေးပါလို့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒီလိုဆိုရင် ပြည်ထောင်စုဝန်ကြီးက ဒီလိုရေးဆွဲနေတဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဘယ်တော့ ဘယ်ကာလမှာတင်ပြမှာလဲ။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခုန ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ဥပဒေကတော့ ပြည်ထောင်စုလွှတ်တော်ကနေအားလုံးပြင်ပေးပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလို့ ဆက်လက်လုပ်ဆောင်ရမှာကတော့ ကုန်သွယ်လုပ်ငန်းခွန်နည်းဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများဖြစ်ပါတယ်။ အဲဒီတော့ နည်းဥပဒေရော၊ စည်းမျဉ်းရော ကျွန်တော်တို့ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တင်ထားပြီးဖြစ်ပါတယ်။ မကြာခင်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက အတည်ပြုပြီးတာနဲ့ ဆက်လက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ဒီတင်ပြချက်အပေါ်မှာကျန်တဲ့ Notification များဟာ အသေးစိတ်လိုက်ပါပြီးတော့မှ အစိုးရအဖွဲ့ကနေ ထုတ်ပြန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဝန်ကြီးက ရှင်းလင်းတင်ပြတဲ့နေရာမှာ ဥပဒေအပိုင်းမပါဘူး။ ဥပဒေအပိုင်းမပါဘဲနဲ့ လုပ်ထုံးလုပ်နည်းများအပိုင်းကိုပဲတင်ပြမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။

ဒါကြောင့်မို့လို ဥပဒေကရှိပြီးသားလား သို့မဟုတ်လို့ရှိရင် ဥပဒေထပ်ပြီးတော့ ပြင်ဆင်ရေးဆွဲတင်ပြမှာလား။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ ဥပဒေက ပြင်ပြီးပါပြီခင်ဗျား။ ပြီးခဲ့တုန်းက အတည်ပြုပေးပြီးသားဖြစ်ပါတယ်။ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခွန်၊ ရုံးခွန်များ ဥပဒေတွေကို အားလုံးပြင်ဆင်ပေးပြီးဖြစ်ပါတယ်။ ဥပဒေပြင်ပြီးတဲ့အတွက်ကြောင့်မို့လို့ နည်းဥပဒေနှင့်စည်းမျဉ်းကို ပြည်ထောင်စုလွှတ်တော်ကို ဆက်တင်ရမှာ ဖြစ်ပါတယ်။ ဒါတွေလည်း ကျွန်တော်တင်ပြပြီးလို့ အားလုံးပြီးပါပြီခင်ဗျား။ ကျန်တဲ့အမိန့်ညွှန်ကြားချက်ကတော့ အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီနေရာမှာ ဥပဒေအကြောင်းပြောလို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ မှာ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းများထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။ ဒီအဓိပ္ပာယ်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးတဲ့အခါ နည်းဥပဒေအပါအဝင်ကျန်တဲ့ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်ဖို့အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုကို အပ်နှင်းနိုင်သည်ဆိုတဲ့အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို အပ်နှင်းလိုက်တယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ အပိုဒ် ၂ ကျတဲ့အခါကျတော့ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။ အောက်တစ်ဆင့်အဖွဲ့အစည်းကို ဆိုလိုပါတယ်။ အဲဒီလိုပဲ ဆက်ကာဆက်ကာ ထုတ်သွားနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇(က) အပိုဒ်ခွဲငယ် ၁၊ ၂ နှင့် အပိုဒ်ခွဲ (ခ) (ဂ) (ဃ) (င) တို့မှာ ဒီလိုဖော်ပြထားပါတယ်။ အဲဒါပြီးတဲ့အခါကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၃၇ မှာ (က) အနေနဲ့ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေပြုသည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဥပဒေကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံးကျင်းပသော ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်လို့ ဒီလိုပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ အခုနားလည်ရမှာကတော့ မိမိနားလည်တာကတော့ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီးပြီ။ ဒါကြောင့်မို့လို့

သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက သက်ဆိုင်တဲ့ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဥပဒေများ ထုတ်ပြန်ဖို့ကျန်နေတယ်။ ဒါကို ဆောင်ရွက်ထားပြီး၊ ဆောင်ရွက်တဲ့နေရာမှာ ရှေ့နေချုပ်ရုံးကို တင်ပြထားတယ်။ ရှေ့နေချုပ်ရုံးက အတည်ဖြစ်တဲ့အခါမှာ စိစစ်ပြီးတဲ့အခါမှာ ဒါထုတ်ပြန်မယ်။

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)** ။ ။ အဲ့ဒီတော့ ကျွန်တော်တို့ကလွှတ်တော်ကာလနှင့် တိုက်ဆိုင်နေတဲ့အတွက်ကြောင့် တစ်ခါတည်းလွှတ်တော်ကို တင်ပါ့မယ်။ တင်ပြီးတာနဲ့တစ်ခါတည်း ဆက်ပြီးတော့ဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းပိုပြီးတော့ ချောမွေ့မယ့်သဘောရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါထက် အနောက်မှာလည်းဥပဒေများလေ့လာသုံးသပ်ရေး ကော်မရှင်အဖွဲ့များလည်းထိုင်ပြီးတော့ အထူးဖိတ်ကြားထားသောဧည့်သည်များအဖြစ် နောက်ပိုင်း မှာထိုင်ပြီးတော့တက်ရောက်တဲ့အတွက် ဒီဥစ္စာလေးကိုလည်း ဥပဒေကော်မရှင်ကမှတ်သားပြီးတဲ့ အခါမှာ လိုအပ်တဲ့သုံးသပ်ချက်၊ အကြံပြုချက်များပေးဖို့ဖြစ်ပါတယ်။ ဒီကိစ္စက တကယ်တမ်းကျတော့ ပြည်ထောင်စုအစိုးရမှာကော၊ ပြည်သူလူထုမှာကော အင်မတန်အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်တယ်လို့ ပြောလို့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ဦးစားပေးအရေးကြီး အနေနဲ့ဆောင်ရွက်သွားသင့်တယ်လို့လည်း မိမိအနေနဲ့အကြံပြုတိုက်တွန်းလိုပါတယ်။ တစ်ဆက် တည်းပဲ ဒီနေ့ဆွေးနွေးသွားတဲ့နေရာမှာ မှန်တာ၊ မှားတာတော့မသိဘူးပေါ့လေ။ သက်ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်တဲ့ ဦးကိုကြီးကဆွေးနွေးတဲ့နေရာမှာ တစ်ခုသတိပြုမိပါတယ်။ ဒါကတော့ မြေပဲတို့၊ နှမ်းတို့ ပြည်ပကိုရောင်းလိုက်တဲ့အတွက် ပြည်တွင်းမှာစက်မှုလုပ်ငန်းဖြစ်တဲ့ ဆီစက်တို့အပါအဝင် ဆီကြိတ်တဲ့စက်တွေဟာ အလုပ်အကိုင်အခွင့်အလမ်း နည်းသွားတယ်။ အဲ့ဒီနည်းတူပဲ အရင်ဒီမှာ တာဝန် ရှိခဲ့တဲ့ ပြည်ထောင်စုဝန်ကြီးများဖြစ်ခဲ့တဲ့ သူများလက်ထက်ကလည်း ဆွေးနွေးတာရှိပါတယ်။ တကယ်လို့သာ မြေပဲတို့၊ နှမ်းတို့ကိုမိမိနိုင်ငံအတွင်းမှာကြိတ်ခွဲမယ်ဆိုလို့ရှိရင် ထွက်ပေါ်လာတဲ့ ပဲဖတ်၊ နှမ်းဖတ်များဟာ တိရစ္ဆာန်အစားအစာအတွက်များစွာအသုံးပြုနိုင်တဲ့ကိစ္စရှိတယ်။ နိုင်ငံအတွက်ကော၊ မွေးမြူရေးသမားများအတွက်လည်း အဆင်ပြေနိုင်တယ်လို့ ဒီလိုပြောတာရှိပါတယ်။ ဒါကြောင့်မို့လို့ မြေပဲတို့၊ နှမ်းတို့ ပြည်တွင်းမှာကြိတ်ခွဲနိုင်ခြင်းမရှိဘဲနဲ့ အခြားနိုင်ငံကို ရောင်းချနေရတဲ့ကိစ္စလည်း သက်ဆိုင်ရာကော်မတီများအနေနဲ့ ဆွေးနွေးပြီးတဲ့အခါမှာ အဖြေကောင်း ရအောင်ရှာဖို့သင့်တယ်လို့ ဦးကိုကြီးကတစ်ဆင့် သက်ဆိုင်ရာကော်မတီများကို ကျွန်တော် တိုက်တွန်းချင်ပါတယ်။ ဒီနည်းတူပဲ

ဦးကြည်သာ၊ ဝွမဲဆန္ဒနယ်ဆွေးနွေးတဲ့နေရာမှာ ခုနကသွင်းကုန်ပေါ်မှာအခွန် ငါးခါလောက် ထမ်းရတယ်ဆိုတဲ့ ကိစ္စကကော ဒါအမှန်တကယ်ပဲလား။ သို့မဟုတ်လို့ရှိရင် ဘယ်လိုများ ဖြစ်နေလဲ။ ဒါလည်း ကျွန်တော်တို့ ပြန်ပြီးသုံးသပ်လေ့လာဖို့ လိုပါတယ်။ ကျွန်တော်တို့နားလည်တာက အခွန်နဲ့ ပတ်သက်လို့ ဘယ်နှစ်ကြိမ်ပဲထမ်းဆောင်ရမယ်၊ အခွန်ကို အထပ်ထပ်အခါခါမထမ်းဆောင်ရဘူးစသဖြင့် ဒီလိုလည်း နားလည်ထားပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့လည်း လွှတ်တော်မှာတော့ အခုလိုဆွေးနွေး တင်ပြတာပေါ့။ သို့ရာတွင်လက်တွေ့ကျကျ သက်ဆိုင်ရာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် ကော်မတီများဆွေးနွေးပြီးတဲ့အခါမှာ အမှန်အတိုင်းဖော်ပြနိုင်အောင်တင်ပြ သွားဖို့လိုပါမယ်။ ဒီနေ့မှာတော့ အချိန်ကြောင့်သော်လည်းကောင်း၊ သက်ဆိုင်ရာခေါင်းစဥ်ကြောင့်သော်လည်းကောင်း ဒီမှာတော့ ဒါဆွေးနွေးတာကိုပဲ မှတ်သားလိုက်ပြီးတဲ့အခါမှာ ဒါနဲ့ပတ်သက်လို့ လွှတ်တော်ရဲ့အဆုံးအဖြတ်လည်း ကျွန်တော်တို့ ခံစရာမလိုပါဘူး။ ဒါကြောင့်မို့လို့ ဦးကြည်သာကတစ်ဆင့် ကျွန်တော် တိုက်တွန်းချင်တာက ဒီချည်နဲ့ပတ်သက်လို့ဆောင်ရွက်နေရတဲ့ စက်မှုလုပ်ငန်းရှင်များ တွေ့ကြုံနေရတဲ့ အခွန်ကို အခါခါပေးဆောင်နေရခြင်းကြောင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်မှုအတွက် အခက်အခဲဖြစ်နေခြင်းကို အဖြေရှာနိုင်ဖို့အတွက် ဦးကြည်သာနှင့် သက်ဆိုင်ရာကော်မတီများက ညှိနှိုင်းဆောင်ရွက်ပြီးပြန်တင်ပြဖို့လိုတယ်လို့ ကျွန်တော်ဒီမှာတိုက်တွန်းချင်ပါတယ်။ ဒါကြောင့် ဒီနေ့ ဦးအောင်သိန်းလင်း တင်သွင်းတဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ကုန်ကြမ်းသွင်းကုန်နှင့်ကုန်ချောသွင်းကုန်တို့ကို ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား တစ်ပြေးညီနေခြင်းကိုပြင်ဆင်ပြီး ကုန်ကြမ်းသွင်းကုန်အား အခွန်သက်သာခွင့်ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်း အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၅း၂၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို မွန်းလွဲ ၁၅း၃၅ နာရီမှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါသည်။ ]

အချိန်၊ ၁၅ း ၃၅ ။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်၏ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ချင်းပြည်နယ်၏ ရတနာဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့် မေထုန်မဲ့စနစ် A.I(Artificial Insemination)နည်းဖြင့်နွားနောက်တစ်အုပ်တစ်မ အထူးမွေးမြူရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ဒုတိယနေ့မှာတင်သွင်းထားတဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုး တက်ရေးအတွက် ချင်းပြည်နယ်၏ရတနာဖြစ်သောနွားနောက်မျိုးကောင်းမျိုးသန့်များကိုမေထုန်မဲ့စနစ် နည်းဖြင့် ချင်းပြည်နယ်ကို နွားနောက်အထူးမွေးမြူရေးဒေသအဖြစ် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကလည်း ဒီအဆိုနှင့် ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးမယ့် အစီအစဉ်များရှိကြောင်းလည်း ကြိုတင် သိထားရပါတယ်။ ဒါကြောင့်မို့လို့ အမည်စာရင်းတင်သွင်းထားတဲ့ ငါးဦးအနက် သုံးဦးကပဲ ထိုက်သင့် သလောက် ဆွေးနွေးပြီးတော့ ကျန်တဲ့နှစ်ဦးက ထောက်ခံဆွေးနွေးရုံလောက်နဲ့သာ ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကြောင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းအား ဆွေးနွေးရန်ဖိတ်ခေါ် ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း ဖြစ်ပါတယ်။ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော် ကိုယ်စားလှယ် ဦးတင်လှိုင် အဆိုတင်သွင်းခဲ့တဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်၏ ရတနာဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့်များ ကို မေထုန်မဲ့စနစ် (Artificial Insemination)နည်းဖြင့် ချင်းပြည်နယ်ကို နွားနောက်အထူးမွေးမြူရေး ဒေသအဖြစ် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေး အဆိုအပေါ် ထောက်ခံ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဦးတင်လှိုင်ဟာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ တိရစ္ဆာန်မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနမှ အရာထမ်းတစ်ဦးဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူ့အနေနဲ့ ချင်းပြည်နယ်မှာ နှစ်နှစ်လောက်တာဝန်ထမ်းဆောင်တဲ့ အခါကျတော့ နွားနောက်မွေးမြူရေးနဲ့ ပတ်သက်လို့ တော်တော်လေးအတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါတယ်။ နောက် ချင်းပြည်နယ်မှာ Artificial နည်းနဲ့ နွားနောက်နဲ့ friesian မျိုးစပ်ဖို့အတွက် စမ်းသပ်ဆောင်ရွက် ခဲ့စဉ်တုန်းကလည်း ကိုယ်တွေ့ဆောင်ရွက်ခဲ့ဖူးတဲ့အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်ရဲ့ နွားနောက် မွေးမြူရေး တိုးတက်အောင်မြင်ရေးအတွက် စေတနာနဲ့ အဆိုတင်သွင်းခဲ့တဲ့ ဦးတင်လှိုင်ကို အထူးကျေးဇူးတင်ပါကြောင်းနှင့် အလေးအနက်ထောက်ခံပါ ကြောင်း ဦးစွာပထမ ကျွန်တော်တင်ပြအပ်ပါတယ်။

နွားနောက်ဟာ ချင်းပြည်နယ်မှာသာ အများဆုံးတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာထားခဲ့ပြီးဖြစ်ပါတယ်။ နွားနောက်မွေးမြူရေးအတွက် ချေးငွေများကိုလည်း ထုတ်ချေးပေးခဲ့ပါတယ်။ နွားနောက်မွေးမြူရေး ပိုမိုအောင်မြင်နိုင်ရေးအတွက် သမားရိုးကျ သားစပ်မွေးမြူရေးမှသည် ခေတ်မီသော မေထုန်မဲ့သားစပ် စနစ်ဖြင့် တိုးမြှင့်အစားထိုးသင့်ကြောင်း ဦးတင်လှိုင် ကလေးမဲဆန္ဒနယ် ကိုယ်စားလှယ်ရဲ့ အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးလိုပါတယ်။ A.I နည်းကိုအသုံးပြုမယ်ဆိုရင် နွားနောက်ထက် နှစ်ဆ၊ သုံးဆခန့် ကိုယ်အလေးချိန်ရှိပြီးတော့ တစ်နေ့ နို့ထွက် ၁၀ ပိဿာခန့်ရှိတဲ့ Friesian နွားကဲ့သို့သော စီးပွားဖြစ် နိုင်ငံခြားနွားများနှင့်သာ မေထုန်မဲ့နည်းသုံးပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ Friesian နွားများဟာ နွားနောက်နှင့် မျိုးရိုးဆင်တူနီးစပ်ပြီး အအေးပိုင်းဒေသမှာ မွေးမြူတဲ့နို့စားနွားမျိုး ဖြစ်တဲ့အတွက်ကြောင့် မေထုန်မဲ့နည်းအတွက် ရွေးချယ်သင့်ပါတယ်။ A.I နည်းဖြင့်သားစပ်ခြင်းအားဖြင့် ချင်းပြည်နယ်ရဲ့ ရာသီဥတုခံနိုင်တဲ့ Friesian နွားနောက် ကပြားများ ရရှိနိုင်ပါတယ်။ အထီးမွေးရင်

အသားအတွက်လည်းကောင်း၊ အမမွေးရင် နို့စားအတွက်လည်းကောင်း အသုံးပြုနိုင်ပါတယ်။ ချင်းပြည်နယ်ရဲ့ အချက်အချာကျတဲ့ နေရာတွေမှာ တိရစ္ဆာန်ဖြည့်စွက်စာ၊ ဆေးဝါး၊ မွေးမြူရေးကိရိယာ အသုံးအဆောင်၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ပညာပေးရေး၊ ရောဂါရှာဖွေရေး၊ ကာကွယ်ရေး ဆိုင်ရာသုတေသနဓာတ်ခွဲခန်းများ ထူထောင်ရေး၊ မေထုန်မဲ့သားစပ်စခန်းများ ထူထောင်ရေး၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရေးတို့ကို အလေးထားအကောင်အထည်ဖော်ပေးရန်နှင့် အတတ်ပညာရှင် ဝန်ထမ်းများအင်အားဖြင့် တာဝန်ပေးခန့်ထားခြင်း၊ လေ့ကျင့်ပညာပေးပြီးသော ဒေသခံ မွေးမြူရေးဆိုင်ရာလုပ်သားများကို အလုပ်အကိုင်ရရှိရေးနှင့် လုပ်ငန်းအောင်မြင်ရေးအတွက် စနစ်တကျနေရာချထားပေးရေးစတဲ့ အဆိုတင်ပြချက်များဟာ အထူးလိုအပ်ချက်များဖြစ်ကြောင်း ထောက်ခံ ဆွေးနွေးလိုပါတယ်။ နွားနောက်သားကို ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေပြီးတော့ တင်ပို့ခြင်းအားဖြင့် တစ်ဦးချင်းဝင်ငွေမှသည် ချင်းပြည်နယ်နှင့် နိုင်ငံတော်အတွက် ပို့ကုန်ဝင်ငွေတိုးတက်ကောင်းမွန် လာစေရန်အတွက် ပြည်တွင်းပြည်ပအရင်းအနှီးများဖိတ်ခေါ်ပြီး ခေတ်မီ နည်းစနစ်များဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ကျယ်ပြန့်များပြားစွာ ထုတ်လုပ်တင်ပို့ရေးမှာလည်း နွားနောက်မွေးမြူရေး လုပ်ငန်း အောင်မြင်ရေးအတွက် အဓိကသော့ချက်ဖြစ်ကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

နွားနောက်ဟာ မွေးမြူရေးတိရစ္ဆာန်ဖြစ်သော်လည်းပဲ မြက်နှင့်သစ်ရွက်များကိုသာ စားသုံးတဲ့ အတွက် တောတိရစ္ဆာန်ရဲ့အသားကဲ့သို့ နူးညံ့တဲ့သတ္တဝါဖြစ်ပါတယ်။ နွားနောက်သားကို တန်ဖိုးမြှင့် ထုတ်ကုန်အဆင့်ထုတ်လုပ်နိုင်ပါက ပြည်တွင်း၊ ပြည်ပဈေးကွက်မှာ စိတ်ဝင်စားဖွယ်ကောင်းသည့် စားသုံးကုန်အဖြစ် ထိုးဖောက်လာနိုင်တဲ့အပြင် ချင်းတောင်ဒေသကိုလည်း ထူးခြားချိုမြိန်တဲ့ နွားနောက် သားဟင်းလျာစားသုံးရန် ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်နိုင်မှာဖြစ်လို့ ချင်းပြည်နယ်မှာ နွားနောက်မွေးမြူရေး ထွန်းကားအောင်မြင်ဖို့ နွားနောက်မွေးမြူရေးအထူးဒေသအဖြစ် ရေတို၊ ရေရှည် စီမံချက်များ ချမှတ်ဆောင်ရွက်ရေးဟာ အထူးလိုအပ်လှပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့အတွက် နွားနောက် အထူးမွေးမြူရေးဒေသ သတ်မှတ် အကောင်အထည်ဖော်မယ်ဆိုရင် ချင်းပြည်နယ်မြောက်ပိုင်းမှာ တစ်နေရာ၊ ချင်းပြည်နယ်တောင်ပိုင်းမှာ တစ်နေရာ ရွေးချယ်သတ်မှတ်ပေးသင့်ပါတယ်။ ကျွန်တော့်အမြင်နဲ့ ဆွေးနွေးတင်ပြရရင်တော့ ချင်းပြည်နယ် မြောက်ပိုင်းအတွက် ဟားခါးမြို့နှင့် ထန်တလန်မြို့ အကြားမှာရှိတဲ့ Timit, Valley တီးမစ်စခန်းနှင့် တောင်ပိုင်းအတွက် မင်းတပ်မြို့နှင့် မတူပီ အကြားမှာရှိတဲ့ ၂၁ မိုင်စခန်းတို့ဟာ အသင့်လျော်ဆုံးနေရာများ ဖြစ်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ရာသီဥတု၊ စားကျက်နှင့်သောက်ရေ

အဆင်ပြေစွာ ရရှိနိုင်မယ့်နေရာများဖြစ်ပါတယ်။ အဲဒီနေရာများကို စံပြနွားနောက်မွေးမြူရေးစခန်း အဖြစ် သတ်မှတ်ပြီး ပြည်တွင်းပြည်ပမှ လေ့လာနိုင်သည်အထိ ဆောင်ရွက်သင့်ပါတယ်။

နွားနောက်ကို တိုးချဲ့မွေးမြူမယ်ဆိုပါက ချင်းပြည်နယ်မှာရှိတဲ့ မြို့နယ်များမှာ မွေးမြူရေးကို စိတ်ပါဝင်စားကြတဲ့ စိတ်တူကိုယ်တူအစုအဖွဲ့များဖွဲ့ပြီး မျိုးကောင်းနွားနောက်များ မွေးမြူနိုင်ရေး အတွက် သမဝါယမပုံစံဖြင့် မွေးမြူဆောင်ရွက်ရန် စည်းရုံးအကောင်အထည်ဖော်သင့် ပါတယ်။ ချင်းတိုင်းရင်းသားများမှာ မွေးမြူရေးစနစ်နည်းပညာ၊ အတွေ့အကြုံများ အလွန်နည်းပါးသေးတဲ့ အတွက် အိမ်ထောင်စုအလိုက် နွားနောက်မွေးမြူရေးနဲ့ ရင်းနှီးမတည်ငွေအတွက် ချေးငွေထုတ် ပေးရေးမှာ ထိရောက်အောင်မြင်နိုင်အုံးမည်မဟုတ်ပါကြောင်း ရိုးသားစွာဖြင့် ဆွေးနွေးတင်ပြ လိုပါတယ်။ မွေးမြူရေးအတွက် ရင်းနှီးမတည်ငွေ အသင့်အတင့်ရှိသူများ အပေါင်ခံပစ္စည်း အသင့်အတင့်ရှိသူများ စုစည်းပြီး လက်တွေ့ကျကျစံပြလုပ်ကိုင်ဆောင်ရွက်စေတဲ့ နည်းလမ်းဖြင့်သာ အောင်မြင်အောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွားနောက်မျိုးကောင်းမျိုးသန့်များ မေထုန်မဲ့စနစ် A.I နည်းဖြင့် နွားနောက်အထူးပြုမွေးမြူရေးဒေသအဖြစ် သတ်မှတ်အကောင်အထည် ဖော်နိုင်ရန်အတွက် လုံလောက်တဲ့ရင်းနှီးမတည်ငွေ ခေတ်မီနည်းပညာနှင့် အတတ်ပညာရှင်၊ အသိပညာရှင်များ လက်တွေ့ကျတဲ့စီမံခန့်ခွဲကြပ်မတ်ဆောင်ရွက်နိုင်မှုများ လိုအပ်မှာဖြစ်ပါတယ်။ မေထုန်မဲ့နည်း အသုံးပြုခြင်းအားဖြင့် ထွက်ပေါ်လာတဲ့ နွားနောက်မျိုးကောင်းမျိုးသန့်များနှင့် အရည်အသွေးကောင်းမွန်တဲ့ ကပြားနွားနောက်များကို နိုင်ငံတကာက လေ့လာစိတ်ဝင်စားတဲ့ အဆင့်အထိ ဆောင်ရွက်သင့်ပါကြောင်း တင်ပြဆွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်တဲ့ နွားနောက်မွေးမြူရေး လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက် နိုင်ရန် နွားနောက်မွေးမြူရေးချေးငွေများကို နိုင်ငံတော်အစိုးရက တစ်နှစ်ထက်တစ်နှစ် တိုးမြှင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ နွားနောက်မွေးမြူရေးလုပ်ငန်း ထိရောက်အောင်မြင်မှုအပေါ် မူတည်ပြီး လုံလောက်တဲ့ချေးငွေများ ဆက်လက်ထုတ်ချေးပေးနိုင် လိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။ ချင်းပြည်နယ်တွင် နွားနောက်မွေးမြူရေးလုပ်ငန်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် မွေးမြူရေးနည်းကို ရွေးချယ်ကျင့်သုံးနိုင်ရန် အထူး လိုအပ်လှတဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးတင်လှိုင်တင်သွင်းခဲ့တဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်၏ ရတနာဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့်များကို မေထုန်မဲ့စနစ်ဖြင့် (Artificial Insemination) A.I နည်းဖြင့် ချင်းပြည်နယ်ကို နွားနောက်အထူးမွေးမြူရေးဒေသအဖြစ် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေးအဆိုကို အလေးအနက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများဖိတ်ကြားထားတဲ့ဧည့်သည်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်တင်သွင်းတဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်၏ရတနာ ဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့်များကို မေထုန်မဲ့စနစ် (Artificial Insemination) A.I နည်း ဖြင့် ချင်းပြည်နယ်ကို နွားနောက်အထူးမွေးမြူရေးဇုန်အဖြစ် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ရေးအဆိုကို အလေးအနက်ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးတင်လှိုင် ရဲ့ အဆိုစာတမ်းပါ ချင်းပြည်နယ်ရဲ့ တိရစ္ဆာန်မွေးမြူရေးအခြေအနေမှာ ကျန်တဲ့တိရစ္ဆာန်တွေနဲ့ ထူးထူး ခြားခြားများပြားတာကတော့ ကျွန်တော်တို့ နွားနောက်ပဲဖြစ်ပါတယ်။ အကောင်ရေ ၆၇၈၀၀ ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးမှာ တစ်နေရာတည်းမှာ ထူးထူးခြားခြားအကောင်ရေ အများဆုံး ရှိတဲ့နေရာလို့ ပြောလို့ရပါတယ်။ ချင်းပြည်နယ်ရဲ့ထူးခြားတဲ့ တောင်ပေါ်မြေမြင့်အနေ အထား၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ တောရိပ်တောင်ရိပ်များဟာ နွားနောက်များ ဖြစ်ထွန်း အောင်မြင်စွာ မွေးမြူနိုင်ရေးအတွက် ထူးခြားစွာသဘာဝက ပေးအပ်ထားတဲ့ အခြေအနေတွေပဲ ဖြစ်ပါတယ်။ ဒီအခြေအနေပေးမှုတွေကို အမိအရအသုံးပြုပြီးတော့မှ နွားနောက်အကောင်ရေကို အထူးများပြားစွာ မွေးမြူခြင်းဖြင့် ဦးတင်လှိုင်ရဲ့အဆိုမှာပါတဲ့ ချင်းပြည်နယ်ရဲ့ သွေးချင်းများရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးကို များစွာ အထောက်အကူပြုမှာလည်း ဖြစ်တယ်လို့ သုံးသပ်ရရှိပါတယ်။ အဆိုရှင်က Semi-Domestic Animal ဖြစ်တဲ့ နွားနောက်ရဲ့ ထူးခြားတဲ့ကောင်းခြင်းအဖြာဖြာကို ချင်းပြည်နယ် ရဲ့ရတနာအဖြစ်နဲ့ခိုင်းနှိုင်း ပြီးတော့ ဖော်ပြသွားပါတယ်။ မြန်မာသာမက ကမ္ဘာ့ဈေးကွက်ကိုပါ နိုင်ငံတကာကြိုက် ပို့ကုန်ပစ္စည်း

အဖြစ် ထိုးဖောက်ပြီးတော့ စီးပွားဖြစ်လုပ်ကိုင်နိုင်မယ့် အခြေအနေတွေကိုလည်းပဲ အသေးစိတ်တင်ပြသွားပါတယ်။ ဒီလိုစီးပွားဖြစ် များပြားစွာနဲ့ အရည်အသွေးမြင့်ပြီး မွေးမယ်ဆိုလို့ရှိရင် A.I လို့ခေါ်တဲ့ Artificial Insemination Breeding Tactics တစ်ခုကိုအသုံးပြုခြင်းဖြင့် အချိန်တိုကာလအတွင်းမှာ အရည်အသွေးမြင့်အကောင်ရေများပြားစွာ မွေးမြူလာနိုင်ပြီး ချင်းပြည်နယ်တစ်ဝန်းမှာရှိတဲ့ သွေးချင်းများအတွက် အထူးအကျိုးဖြစ်ထွန်းလာမှာဖြစ်တယ်လို့ သုံးသပ်ရရှိပါတယ်။ ချင်းပြည်နယ်ကဲ့သို့ပဲ နွားနောက်မွေးမြူဖြစ်ထွန်းနေတဲ့ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနဲ့ ကချင်ပြည်နယ်ဒေသအချို့ကိုပါ တိုးချဲ့မွေးမြူဖို့လည်း ထည့်သွင်းပြီးတော့ စဥ်းစားဖို့အကြံပြုလိုပါတယ်။

A.I စနစ်ဆိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အစိမ်းသက်သက်မဟုတ်ပါဘူး။ ကျွန်တော်တို့ လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တဲ့ စနစ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနဲ့ မွေးမြူရေးကော်ပိုရေးရှင်းဟာ ၁၉၇၀ ပြည့်လွန်နှစ်များက ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ဖြစ်တဲ့ F.A.O အဖွဲ့ကြီးရဲ့အကူအညီနဲ့ကျွမ်းကျင်သူများနဲ့ A.I စီမံကိန်းတစ်ရပ်ကို စပြီးအကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ကိုယ်တိုင်လည်းပဲ ပါဝင်ပြီးတော့မှ ဒီစီမံကိန်းမှာ တစ်တပ်တစ်အား ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံတွေရှိပါတယ်။ အဲဒီ A.I စီမံကိန်းမှာ နိုင်ငံခြားမှ နို့စားနွားမျိုးကောင်းမျိုးသန့်တွေ ဥပမာ- ဩစတြေးလျကနေပြီးတော့ အဲဒီတုန်းကဆိုရင် Friesian ဆိုတဲ့ နွားကြားမကြီးတွေဟာ ဂလုတ်မာစတာဆိုတဲ့ လေယာဥ်ပျံကြီးတွေနဲ့ နေ့စဥ် ခုနစ်ရက်လောက်ဆက်တိုက်လာပြီးတော့မှ ပျဥ်းမပင်မွေးမြူရေးခြံအသစ်မှာ ရွှေ့ပြောင်းပြီးတော့မှ မြန်မာနိုင်ငံရဲ့ နို့စားနွား တစ်အုပ်တစ်မမွေးမြူရေးစနစ်ကို စတင်ပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ A.I စနစ်တစ်ပါတည်းပါပြီး A.I စနစ်က နိုင်ငံခြားနွားတွေတင်မဟုတ်ဘဲနဲ့ တောင်သူလယ်သမားတွေ အကြိုက်ဖြစ်တဲ့ နွားပြာစိမ်းခိုင်းနွားမျိုး ဒီမျိုးကောင်းမျိုးသန့်တွေကိုပါ A.I စနစ်နဲ့လုပ်ပြီးတော့မှ ကျေးရွာတောင်သူလယ်သမားတွေလက်ကို ဖြန့်ဖြူးခဲ့တဲ့အတွေ့အကြုံတွေ ရှိခဲ့ပါတယ်။ ယခုအခါမှာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ဦးဆောင်မှုနဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ပညာရှင်များဟာ KOICA လို့ခေါ်တဲ့ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပညာရှင်များရဲ့အကူအညီနဲ့ လက်တွဲပြီးတော့ ၁၉၇၀ ပြည့်လွန်နှစ်များက တိုးတက်တဲ့နည်းစနစ်တွေထက် ထပ်မံသုတေသနပြုပြီးတော့မှ လက်တွေ့အသုံးချ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့နိုင်ငံဟာ ယခုဆိုရင် ကမ္ဘာ့အဆင့်မီ A.I စနစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာလက်ရှိဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းလည်းပဲ သိရှိရပါတယ်။ ဒီ A.I စနစ်ဟာ သာမန်မျိုးပွားနည်းထက် အဆပေါင်း နှစ်သောင်း

ခန့် မျိုးပွားနိုင်တဲ့နည်းစနစ်ဖြစ်တဲ့အတွက် နွားနောက် မျိုးကောင်းမျိုးသန့် အကောင်ရေများစွာကို နှစ်အနည်းငယ်အတွင်းမှာပဲ ပွားများပြီးတော့ မွေးမြူလာနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပုံတူမျိုးပွားစနစ်ဆိုတာ ယနေ့ကမ္ဘာမှာဖြစ်ပေါ်နေပါတယ်။ သို့သော် အဲဒီလောက် ရှုပ်ထွေးတဲ့စနစ်မဟုတ်ပါဘူး။ လက်တွေ့လည်းပဲ အောင်မြင်စွာဆောင်ရွက်နိုင်တဲ့ ရိုးရှင်းတဲ့စနစ်တစ်ခု ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ သမာရိုးကျဆားကျွေးပြီးတော့ မွေးမြူတဲ့စနစ်နဲ့ ခေတ်မီမွေးမြူရေးစနစ်ကို ပေါင်းစပ်မယ်၊ ဆင်းရဲနွမ်းပါးသူ အိမ်ထောင်စုတိုင်း မွေးမြူလာနိုင်အောင် မွေးမြူရေးဖွံ့ဖြိုးရေးဘဏ်က အရင်းအနှီးမတည်ပေးမယ်၊ ခေတ်မီနည်းစနစ်နဲ့ မျိုးပွားပြီးတော့ အကောင်ရေများများ ဖြန့်ဖြူးပေးမယ်လို့ဆိုရင် ချင်းပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်ရဲ့ပုံရိပ်ဟာ နိုင်ငံတကာအလယ်မှာ အလေးထားလေးစားခံရမှု ဖြစ်ပေါ်တိုးတက်လာတာနဲ့အမျှ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံလိုမှု၊ နည်းပညာပူးပေါင်း ဆောင်ရွက်မှုတို့နဲ့အတူ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်အကောင်အထည်ဖော်မယ်ဆိုရင် ချင်းတောင်မှာ ရှိတဲ့ပြည်သူများပါ တက်ကြွပြီးတော့မှ ပူးပေါင်းအကောင်အထည်ဖော်မယ်ဆိုရင် အောင်မြင်လာစရာ အလားအလာဟာ ရာနှုန်းပြည့်နီးပါးရှိမယ်လို့ ယုံကြည်မိပါတယ်။ ထို့အတူပဲ ကချင်ပြည်နယ် တချို့ ဒေသများနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လည်းပဲ နွားနောက်များဖြစ်ထွန်းအောင်မြင်စွာ မွေးမြူနိုင်တဲ့အခြေအနေရှိတဲ့အတွက် နိုင်ငံတော်မှလည်းပဲ တိုးချဲ့မွေးမြူသွားရန် အားပေးတိုက်တွန်းလျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်ရဲ့ အဆိုစာတမ်းပါ တင်ပြချက်များဟာ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျပြီး ဖြစ်နိုင်ဖွယ်ရာ အချက်အလက်၊ အခွင့်အလမ်းများကို ပြည့်စုံစွာစေတနာအပြည့်အဝနဲ့ တင်ပြထားခြင်းဖြစ်တဲ့အတွက် နိုင်ငံတော်မှ အလေးထား အကောင်အထည်ဖော်သင့်ပါကြောင်း လေးနက်စွာ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဆားမူ၊ လဟယ်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဆားမူ(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ ဖြစ်ပါတယ်။ ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ စစ်ကိုင်းတိုင်းဒေသကြီးတွင်ပါဝင်ပြီး ချင်းပြည်နယ်နှင့် နယ်ချင်းဆက်စပ်လျက် ရှိပါတယ်။ ရာသီဥတုလည်း တူညီမှုရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်မှာ နွားနောက်များကို အသားစားအဖြစ် ကျယ်ကျယ်ပြန့်ပြန့်

မွေးမြူထားသလို နာဂဒေသများမှာလည်း ကျယ်ကျယ်ပြန့်ပြန့် မွေးမြူထားလျက်ရှိပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ လဟယ်မြို့နယ်အတွင်းမှာလည်း များစွာမွေးမြူထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းပဲ နွားနောက်အကောင်ရေ ၂၅ ကောင်ကိုမွေးမြူထားလျက်ရှိပါတယ်။ ယခင်နိုင်ငံတော်အစိုးရလက်ထက်က ချင်းပြည်နယ်နွားနောက်မွေးမြူရေးကို အားပေးခဲ့ပါတယ်။ ကျွန်တော်တို့ နာဂဒေသမှာလည်း နွားနောက်မွေးမြူရေးကို တိုးချဲ့အားပေးခဲ့ပါတယ်။ တကယ်တော့ ချင်းပြည်နယ်နဲ့ ကျွန်တော်တို့နာဂဒေသဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲ ကြမ်းတမ်း ပြီး တောင်ကုန်း၊ တောင်တန်းကြီးတွေရှိပြီး ရာသီဥတုကြမ်းတမ်းခြင်း အချက်တွေကြောင့် ဒေသအေးချမ်းသာယာမှုရှိခဲ့ပေမယ့် နယ်မြေဖွံ့ဖြိုးမှုဆောင်ရွက်ရာမှာ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီး လူနေမှုအဆင့်အတန်းနိမ့်ကျပြီး ဆင်းရဲခေါင်းပါးခဲ့ရပါတယ်။ ဒီဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဦးတည်ပြီး အဆိုပြုထားတဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွားနောက်မွေးမြူရေးအထူးဒေသအဖြစ် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ပေးမည်ဆိုရင် အောင်မြင်မှုရရှိတဲ့ အခြေခံအချက်တွေပဲ ဖြစ်ပါတယ်။ ဒါတွေကတော့ နွားနောက်မွေးမြူထားတဲ့ အလေ့အကျင့်ရှိပြီး ဒေသများဖြစ်ခြင်း၊ ရေမြေရာသီဥတုအခြေအနေနှင့်ကိုက်ညီခြင်း၊ တိရစ္ဆာန်အစားအစာရရှိရန်လွယ်ကူခြင်း၊ လူထုမှအထူးစိတ်ဝင်စားမှုရှိခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်ရှိပြီးဖြစ်ခြင်းတို့လို ဒီအချက်တွေဟာ အဆိုရှင်တင်ပြတဲ့ နွားနောက်မွေးမြူရေးအောင်မြင်နိုင်တဲ့ အခြေခံအချက်တွေပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလကဆင်းရဲနွမ်းပါးမှုရှိနေတဲ့ဒေသ တိုင်းရင်းသားတွေအတွက် ဒီလုပ်ငန်းအကောင်အထည်ဖော်နိုင်ဖို့နဲ့ ဒေသတစ်ခုလုံး ကျယ်ကျယ်ပြန့်ပြန့် မွေးမြူဖို့အတွက်ကတော့ အဓိကအရင်းအနှီးလိုအပ်ချက်ပဲ ဖြစ်ပါတယ်။ ဒီအရင်းအနှီးရရှိရေးအတွက်ကို နိုင်ငံတော်ကနည်းလမ်းရှာကြံပေးသင့်ပါတယ်။ အရင်းအနှီးတွင် ကျွန်တော်တို့ အမြင်နဲ့ပြောရရင် သမဝါယမစနစ်နဲ့ မွေးဖက်ပေးမွေးမြူစေတဲ့စနစ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ အတိုးနှုန်းသက်သာစွာနှင့် ငွေချေးငှားပေးတဲ့စနစ်၊ နွားနောက်မွေးမြူရေးကို ကုမ္ပဏီအဖွဲ့အစည်းမှ အရင်းအနှီးထုတ်ပေးပြီး အကျိုးတူမွေးမြူတဲ့စနစ်တို့နဲ့ အကောင်အထည်ဖော်ဖို့ အကြံပြုလိုပါတယ်။ လိုအပ်နေတဲ့နည်းပညာနဲ့ မျိုးစပ်တဲ့အပိုင်းကတော့ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သွားသင့်ပါတယ်။ ကုမ္ပဏီအဖွဲ့အစည်းများ ပါဝင်ပူးပေါင်း အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ဈေးကွက်ပါစိတ်ချရအောင် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းအဆိုရှင်တင်ပြချက်ကို အကြံပြုလိုတာကတော့ နွားနောက်မွေးမြူရေးဒေသအဖြစ် အကောင်အထည်

ဖော်ရန်အတွက် အခြေခံအချက်များစွာတူညီမှုရှိတဲ့ ကျွန်တော်တို့ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကိုလည်း ချင်းပြည်နယ် နွားနောက်မွေးမြူရေး အထူးဒေသစီမံချက်ဇရိယာမှာ ထည့်သွင်းသတ်မှတ်ပြီး အကောင်အထည် ဖော်သွားစေချင်ပါတယ်။ ဒါမှသာဆင်းရဲမှုလျှော့ချရေးနှင့် နာဂတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ချင်းတိုင်းရင်းသားများနှင့်အတူ ဆင်းရဲမှုလျှော့ချရေး အစီအစဥ်များမှာ တစ်ပါတည်း ဆောင်ရွက်ပေးပြီး အောင်မြင်မှုအကျိုးရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတင်ပြချက်အဆိုအတိုင်း ရေတို၊ ရေရှည် စီမံချက်ချအကောင်အထည်ဖော်မည်ဆိုရင် ချင်းပြည်နယ်နှင့် နာဂဒေသတိုင်းရင်းသားများ စီးပွားရေးနှင့် လူနေမှုမြင့်မားလာပြီး အဆင့်မီတဲ့ နွားနောက်သား တင်ပို့မှုပြုနိုင်တဲ့ မြန်မာနိုင်ငံအဖြစ် ရပ်တည်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကလေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်တင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ အတည်ပြု အကောင်အထည်ဖော်နိုင်ရေးအတွက် လေးနက်စွာထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးပုမ်ခန့်အင်၊ တီးတိန်မဲဆန္ဒနယ်မှ ထောက်ခံဖို့ဖြစ်ပါတယ်။

**ဦးပုမ်ခန့်အင်(တီးတိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တီးတိန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပုမ်ခန့်အင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်း၊ ကလေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ကျွန်တော်တို့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ချင်းတိုင်းရင်းသား များရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ချင်းပြည်နယ်ရဲ့ရတနာဖြစ်တဲ့ နွားနောက်မျိုးကောင်းမျိုးသန့်များကို ခေတ်မီမျိုးပွားစနစ်နဲ့များပြားစွာဖြန့်ဖြူးမွေးမြူစေပြီး ချင်းပြည်နယ်နွားနောက် အထူးပြုမွေးမြူရေးဒေသအဖြစ် စီမံချက်ရေးဆွဲအကောင်အထည်ဖော်သွားရေးဆိုတဲ့အဆိုကို ကျွန်တော်တို့ ချင်းပြည်နယ်တစ်ခုလုံးအတွက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် အဆိုရှင်၏အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှ ထောက်ခံဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာ

အပေါင်းနှင့်ပြည့်စုံကြပါစေ။ အရင်ဦးစွာကျွန်တော်တင်သွင်းလိုတဲ့ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် မွေးမြူရေးနှင့်ဆိုင်သောအထောက်အပံ့အကူအညီများ၊ လိုအပ်သောဥပဒေများပြဋ္ဌာန်း ပေးရန်ဆိုတဲ့အဆိုကို ကျွန်တော့်ကိုယ်စားဦးတင်လှိုင်ကတင်သွင်းသွားတဲ့အတွက် ဦးတင်လှိုင်ကိုလည်း အထူးပင်ကျေးဇူးတင်ပါတယ်။ ယခုဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးဟာ ပြီးပြည့်စုံကြပါပြီ။ တစ်ခုလေးကျွန်တော်ထပ်ဖြည့်ဆွေးနွေးချင်တာက နွားနောက်မျိုးပွားတဲ့စနစ်ကို A.I နည်းနဲ့မျိုးပွားဖို့လုပ်ထားတဲ့နေရာမှာ မူရင်းမျိုးတွေ ကျွန်တော်တို့နိုင်ငံမှာ ပျောက်ကွယ်မသွားဖို့ အတွက်နဲ့ သဘာဝနည်းနဲ့မျိုးပွားနည်းကိုလည်း ဂရုတစိုက်ဒါကို လုပ်ဆောင်သင့်တယ်လို့ တိုက်တွန်း လိုပါတယ်။ A.I နည်းနဲ့မျိုးပွားနည်းနှင့် တစ်အုပ်တစ်မ မွေးမြူရေးအပြင် သဘာဝနည်းနဲ့ မပျောက် မပျက် ချင်းပြည်နယ်မှာသာတွေ့နိုင်တဲ့ နွားနောက်ကိုသဘာဝနည်းအတိုင်းပဲ ထားစေချင်ပါသေးတယ် လို့ ဆွေးနွေးရင်း ဦးတင်လှိုင်ရဲ့အဆိုကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးအုန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ၊ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့နှုတ်ခွန်း ဆက်သရင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကလေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်တင်သွင်းတဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်ရဲ့ ရတနာဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့်များကိုလည်း မေထုန်မဲ့စနစ် A.I နည်းဖြင့် ချင်းပြည်နယ်ကို နွားနောက် တစ်အုပ်တစ်မ အထူးမွေးမြူရေးဇုန်အဖြစ် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ရေးအဆိုနဲ့ပတ်သက်ပြီး မေးမြန်းထားတာများကို ဖြေကြားရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့အချက် ၁၁ ချက်ကို

တင်ပြဆွေးနွေးထားရှိပါတယ်။ အလားတူထောက်ခံဆွေးနွေးတဲ့ ကိုယ်စားလှယ်တစ်ဦးရဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုလည်း အလားတူဆောင်ရွက်ပေးဖို့တင်ပြချက်ရှိပါတယ်။ ထိုအချက်များနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို အဆိုရှင်များသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ အချိန်ကို လေးစားသောအားဖြင့် ဖြေကြားချက်ထဲမှအကျဉ်းချုပ်၍ အနည်းငယ်တင်ပြရန်ခွင့်ပြုပါခင်ဗျား။

အဆိုနံပါတ် ၁ အနေနဲ့ ချင်းပြည်နယ်တောင်သူ အိမ်ထောင်စုတိုင်း မျိုးကောင်းနွားနောက်အထီး၊ အမ တစ်စုံစီမွေးမြူရေးအတွက် စည်းရုံးအကောင်အထည်ဖော်ရန်၊ အခက်အခဲရှိပါက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိရေး ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးရန်အဆိုနဲ့ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး လက်ရှိအခြေအနေအထိ ကျပ်သိန်းပေါင်း ၃၁၀၀ ချေးငှားပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍လည်း မွေးမြူရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျပ်သိန်း ၅၀၀၀ အထိ လျာထားပြီးဖြစ်ပါကြောင်းနှင့် ထပ်မံချေးပေးသွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ အလားတူ နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။

အဆိုနံပါတ် ၂ ဖြစ်တဲ့ မွေးမြူရေးကိုလေ့ကျင့်ပညာပေးတဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ရုံးစိုက်ရာမြို့နယ်တိုင်းမှာ စံပြနွားနောက်မွေးမြူရေးခြံများ ထူထောင်ပညာပေးရေးနှင့် ကြက်၊ ဝက်၊ ဆိတ် စံပြမွေးမြူရေးခြံများကို တွဲဖက်ထူထောင်ပေးရေးလုပ်ငန်း အဆိုနဲ့ပတ်သက်ပြီး နွားနောက်ဟာ အဆိုရှင်ဖော်ပြခဲ့တဲ့အတိုင်း ပေ ၃၀၀၀ ကျော်ရှိပြီး အေးမြတဲ့ရာသီဥတုရှိတဲ့ ချင်းပြည်နယ်ကဲ့သို့သော နေရာဒေသအသီးသီးမှာ မွေးမြူနိုင်တဲ့တိရစ္ဆာန်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနှံ့အပြားမှာရှိတဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ရုံးစိုက်ရာမြို့နယ်တိုင်းမှာ စံပြနွားနောက်မွေးမြူရေးခြံများကို ထူထောင်ပညာပေးခြင်းဆောင်ရွက်ရန် အချို့နေရာများမှာ အခက်အခဲရှိတဲ့အတွက် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီးအချို့မှာ နွားနောက် စမ်းသပ်မွေးမြူရေးတွေကို အစပျိုးဆောင်ရွက်ခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။ လိုအပ်တဲ့ အနေအထားအရ ထူထောင်ခဲ့တဲ့ ကြက်၊ ဝက်၊ ဆိတ်စံပြမွေးမြူရေးခြံများကိုတော့ နိုင်ငံအနှံ့အပြား၌ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတာနှင့်အညီ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရ အဖွဲ့များရဲ့စီမံခန့်ခွဲမှုနဲ့ဆောင်ရွက်မှာဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ပြီး လူထုပညာပေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။

အဆို ၃ တင်ပြ ဆွေးနွေးထားတာနဲ့ပတ်သက်လို့ ပြည်နယ်အတွင်းမှာစားကျက်မြေများဖော်ထုတ်ခြင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်တဲ့ အချက်အချာကျတဲ့ဒေသများမှာ နွားနောက်မွေးမြူရေးခြံများထူထောင်ခြင်းလုပ်ငန်း အဆိုပြုချက်နှင့်ပတ်သက်ပြီး ဟားခါးမြို့နယ်မှာ မြေလွတ်၊ မြေရိုင်း ၈၀၄၀ ဧကကို ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး နွားနောက်စားကျက်အဖြစ် ချင်းပြည်နယ်အစိုးရက သတ်မှတ်အသုံးပြုလျက် ရှိပါတယ်။ အလားတူအခြားမြို့နယ်များမှာလည်း စားကျက်မြေများကို ဖော်ထုတ်ခြင်းနှင့် နွားနောက်မွေးမြူရေးခြံကြီးများထူထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မယ်ဆိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တတ်စွမ်းသရွေ့ ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဆို ၄ အချက်နှင့်ပတ်သက်ပြီး ချင်းပြည်နယ်ရိုးရာဆားကျွေးပြီး လွှတ်ကျောင်းတဲ့စနစ်နှင့် ခေတ်မီမွေးမြူရေးစနစ်တို့၏ အားသာချက်၊ အားနည်းချက်များကို သုတေသနဖော်ထုတ်ပြီး ပေါင်းစပ်အကောင်အထည်ဖော်ခြင်း အဆိုနှင့်ပတ်သက်ပြီး လွှတ်ကျောင်းစနစ်ဟာ သွင်းအားစုနဲ့ကုန်ကျစရိတ်နည်းသော်လည်းပဲ ထုတ်လုပ်မှုမှာ လွန်စွာနိမ့်ကျလျက်ရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့ရာတွင် နွားနောက်ဟာ Semi-Domestic Animal ဖြစ်တဲ့အတွက် ခြံလှောင်ပြီးမွေးမြူရန်လည်း သင့်လျော်မှု မရှိဘဲနဲ့ Semi-Intense တစ်ဝက်ခြံလှောင်စနစ်ကိုသာ ပြောင်းလဲမွေးမြူသင့်ကြောင်းကိုလည်း အကြံပြုဖြေကြားအပ်ပါတယ်။

အဆိုရှင်ဆွေးနွေးထားတဲ့ အဆို ၅ ဖြစ်တဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကို ချင်းပြည်နယ်မှာ နွားနောက်နဲ့ အခြားမွေးမြူရေးခြံကြီးများ ထူထောင်ရင်းနှီးမြှုပ်နှံရေးအတွက် ညှိနှိုင်းဖိတ်ခေါ် ပေးမှုအဆိုနဲ့ပတ်သက်ပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ နွားနောက်မွေးမြူရေးအပါအဝင် အခြားသောမွေးမြူရေးလုပ်ငန်းများမှာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံလိုကြောင်း တင်ပြထားရှိထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါ တယ်။

ဆက်လက်ပြီးအဆို ၆ နှင့်ပတ်သက်၍ ချင်းပြည်နယ်ရဲ့ နွားနောက်မွေးမြူရေးနှင့် အခြားမွေးမြူရေးကဏ္ဍမှာ ထူးခြားသိသာစွာတိုးတက်လာစေဖို့အတွက် FAO, JICA, COICA,EU နှင့် ဩစတြေးလျနိုင်ငံကဲ့သို့ မွေးမြူရေးထွန်းကားတဲ့အဖွဲ့များရဲ့ နည်းပညာ၊ မျိုးကောင်းမျိုးသန့်နဲ့ အခြားထောက်ပံ့မှု အကူအညီများ ရယူနိုင်ရန်နှင့်ပတ်သက်ပြီး ကမ်းလှမ်းမှုများရှိလာသည်နှင့် တစ်ဆက်တစ်စပ်တည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

အဆို ၇ နဲ့ပတ်သက်လို့ ချင်းပြည်နယ်မှာ နို့ထွက်အဟာရဖူလုံစေရန်နှင့် Friesian ကဲ့သို့သော နို့ထွက်အထူးကောင်းမွန်တဲ့ နွားမျိုးရည်ချောင်းများကိုတင်သွင်းပြီး A.I စနစ်နဲ့ သားစပ်ဆောင်ရွက်ပေးဖို့နဲ့ပတ်သက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဟာ နွားနောက်များကို နို့စားနွား၊ ခိုင်းနွားများ မျိုးရည်နှင့် သားစပ်ပေး၍လည်းကောင်း၊ နွားမများကို နွားနောက်အထီးမျိုးရည်နှင့် သားစပ်ပေး၍လည်းကောင်း၊ ပေါက်ဖွားလာတဲ့ နွားနောက်ကပြားများရဲ့အသား၊ ခိုင်းစေမှု၊ နို့ထုတ်လုပ်မှု အရည်အသွေးကို ဖော်ထုတ်နိုင်ရန် သုတေသနပြုလေ့လာမှုတွေကို ၁၉၉၀ ပြည့်နှစ်၊ ဧပြီလမှစတင်ပြီး ထန်တလန်မြို့နယ်မှာ ဆောင်ရွက်ခဲ့ပါတယ်။ နွားနောက်အမများကို နို့စားနွားအထီးမျိုးရည်ခဲချောင်းနှင့် သားတင်စမ်းသပ်ခဲ့မှုနှင့်အလားတူပဲ နို့စားနွားအမများကို နွားနောက်အထီးဖြင့်သားတင်စမ်းသပ်နိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဟာ အရည်အသွေးပြည့်မီတဲ့ နွားနောက်မျိုးရည်ခဲချောင်းကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလမှာ အောင်မြင်စွာ စတင်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလအထိ နွားနောက်မျိုးရည်ခဲချောင်းပေါင်း ၆၃၆ ချောင်းထုတ်လုပ်နိုင်ခဲ့ပြီး စမ်းသပ်မှုများကိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ Mithan (Boss Frontalis) And Myanmar , Cytoganetic, Analysis Of Mithan And Myanmar စတဲ့သုတေသနစာတမ်းများကို မွေးမြူရေးနှင့် ကုသရေး ပညာရှင်များဟာ Japan Society For The Promotion Of Science ပူးပေါင်းကူညီမှုသုတေသန ဂျာနယ်မှာ The Report Of The Society For Researches On Native Livestock, No. 21 : 19-22(2004)နှင့် 123-127(2004) တို့မှာ ပုံနှိပ်ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ချင်းပြည်နယ်ရဲ့ ထူးခြားသောနွားနောက်မွေးမြူရေးနှင့်ပတ်သက်ပြီး ဆောင်းပါးတင်ပြချက်များကိုလည်း မြန်မာ ဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့်ရေးသားပြုစုပြီး ပြည်တွင်း၊ ပြည်ပစာနယ်ဇင်းများမှာထည့်သွင်း ဖော်ပြခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ လေ့လာမှုများအရ နွားနှင့်နွားနောက်မှာ ခရိုမိုဇုန်း မတူညီတဲ့ရလဒ်ကြောင့် မွေးဖွားလာတဲ့ ကပြားအထီးတွေဟာ သားမအောင်ခြင်း အားနည်းချက်ရှိပါတယ်။ အသားတိုးနှုန်းမှာလည်း နွားနောက်ကပြားငယ်တွေဟာ အသားတိုးနှုန်း အသက်ကိုးလအထိသာ နို့စားနွားငယ်များ ထက်ပိုသာတာရှိကြောင်းကိုတွေ့ရှိရပြီး နွားနောက် အထီးနဲ့ နွားမတို့ သားစပ်ရရှိတဲ့ ကပြားအထီးကို လယ်ထွန်ယက်ရာမှာ အသုံးပြုနိုင်ပါတယ်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံမှာ ဘာလီနွားမျိုးကို မျိုးရိုးထိန်းသိမ်းမွေးမြူလျက်ရှိသည့်နည်းတူ နွားနောက်ဟာလည်း ချင်းပြည်နယ်ရဲ့ဝိသေသထူးခြားပြီး အရည်အသွေးကောင်းမွန်တဲ့ တိရစ္ဆာန် တစ်မျိုးဖြစ်တဲ့အတွက် မျိုးရိုးဗီဇထိန်းသိမ်းခြင်းပြုလုပ်ပြီးတော့ ပိုမိုဆောင်ရွက်နိုင်ဖို့ စီစဥ်လျက် ရှိပါကြောင်းနှင့် နွားနောက်များ

မျိုးနီးသားစပ်ခြင်းမဖြစ်ပေါ်စေရေး၊ အသားတိုးနှုန်းမကျဆင်းစေရေး တို့အတွက် နွားနောက်မျိုးကောင်းအထီးများကို မြို့နယ်အလိုက် လဲလှယ်ဆောင်ရွက်ခြင်းကို နွားနောက်မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုနှင့်အတူ ပညာပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နို့ထုတ်လုပ်မှုအတွက် ဒေသမှာရှိတဲ့ နို့စားနွားမျိုးရည်ခဲချောင်းများနှင့် မျိုးမြှင့်တင်မှုဆောင်ရွက်သင့်ကြောင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် နွားနောက်မျိုးရည်ခဲချောင်း ၁၇၉ ချောင်းကိုလည်း မျိုးဗီဇထိန်းသိမ်းရေးနှင့် သုတေသနလုပ်ငန်းများအတွက် ထုတ်လုပ်ထိန်းသိမ်းထားရှိပါကြောင်းနှင့် လိုအပ်ပါက လိုအပ်သလိုဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

အဆို ၈ ဆွေးနွေးချက်နှင့်ပတ်သက်လို့ ချင်းပြည်နယ်ရဲ့ အချက်အချာကျတဲ့နေရာတွေမှာ တိရစ္ဆာန်မွေးမြူရေး၊ လေ့ကျင့်ပညာပေးရေးဌာနများ၊ မေထုန်မဲ့သားစပ်စခန်းများ ထူထောင်၍ မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးရေး၊ ရောဂါရှာဖွေပေးရေး၊ ကာကွယ်ရေးဆိုင်ရာသုတေသနဓာတ်ခွဲခန်းများ ထူထောင်ရေးအဆိုနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးခွင့်ပြုချက်အပေါ်မူတည်ကာ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

အဆို ၉ ကျွမ်းကျင်ဝန်ထမ်းများ အင်အားဖြည့် တာဝန်ခန့်ထားရေးနှင့်ပတ်သက်ပြီး လစ်လပ်နေရာဖြစ်သော ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး (တိရစ္ဆာန်ဆေးကု) ရာထူး ၇ နေရာအတွက်ကိုလည်း အမြန်ဆုံးဖြည့်တင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

အဆို ၁၀ မေးမြန်းထားတာနဲ့ပတ်သက်လို့ နွားနောက်သားကို ပြည်တွင်းပြည်ပဈေးကွက်ဆီသို့ တင်ပို့ခြင်းအားဖြင့် ချင်းပြည်နယ်ရဲ့ တစ်ဦးချင်းဝင်ငွေမှသည် နိုင်ငံတော်အတွက် ပို့ကုန်ဝင်ငွေ တိုးတက်စေခြင်း၊ ပြည်တွင်းပြည်ပအရင်းအနှီးများဖိတ်ခေါ်၍ ခေတ်မီနည်းစနစ်များဖြင့် တန်ဖိုးမြှင့်ကုန်ထုတ်ခြင်းများအဖြစ် ကျယ်ပြန့်စွာ ထုတ်လုပ်တင်ပို့ရေးအဆိုနှင့်ပတ်သက်ပြီး ဒီလုပ်ငန်းရပ်များနှင့် ပတ်သက်၍ အခြေခံလုပ်ငန်းအဆင့်ဖြစ်တဲ့ အစုအဖွဲ့ဖြင့် နွားနောက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ချင်းပြည်နယ်အစိုးရနှင့်ပေါင်းစပ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

အဆို ၁၁ နဲ့ပတ်သက်ပြီး ဒီလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တစ်ချိန်တည်းတစ်ပြိုင်တည်း ချင်းပြည်နယ်အတွင်းမှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့အောင် ဆောင်ရွက်ပေးဖို့ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလူမှုအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး

ဆောင်ရွက်ပေးခြင်းများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ချင်းပြည်နယ် အစိုးရတို့နဲ့ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်တဲ့ လုပ်ငန်းများအပြင် သမဝါယမဝန်ကြီး ဌာနနှင့်ဆက်စပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကချင်ပြည်နယ်အပါအဝင်အခြား သော တိုင်းနှင့်ပြည်နယ်ဒေသအသီးသီးမှာပါ အရှိန်အဟုန်နဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိတဲ့အတွက် တစ်ဦးတစ်ဖွဲ့ချင်းရဲ့လိုအပ်ချက်များကို သက်ဆိုင်ရာပြည်နယ်အစိုးရများ၊ တိုင်းဒေသ အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကူအညီပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုတင်ပြတဲ့ အဆိုနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးတင်လှိုင်တင်ပြတာ အဆိုတစ်ခုဖြစ်သော်လည်း ဝန်ကြီးကအသေးစိတ်ခွဲ လိုက်တဲ့အခါမှာ အားလုံး ၁၁ ခုရှိကြောင်းနှင့် ဒီ ၁၁ ခုကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးမယ်လို့ဖြေ ကြားသွားတဲ့အတွက် အင်မတန်မှဝမ်းသာပါတယ်။ ဒါကြောင့် ဒီနေ့အဆိုရှင်ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်ကတင်သွင်းတဲ့ မူလတင်သွင်းတဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဒါပေမယ့် ထပ်မံပြီးတော့ ဖြည့်စွက်တင်ပြချက်များကြောင့် ဒီအဆိုမှာတော့ ချင်းပြည်နယ်နှင့် နာဂဒေသ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်နှင့် ကချင်နာဂဒေသများ၏ ရတနာ ဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့် မေထုန်မဲ့စနစ်နည်းဖြင့် နွားနောက်တစ်အုပ်တစ်မ အထူးမွေးမြူရေး အဆိုကို လွှတ်တော်ကမှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး(ခေါ်)ဦးအောင်ငွေ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထူးအစီအစဉ်အနေနဲ့ စစ်ကိုင်းတိုင်း ဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး(ခေါ်)

ဦးအောင်ဌေ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘိုကြီး(ခေါ်) ဦးအောင်ဌေသည် ၂၈-၁-၂၀၁၂ ရက်နေ့ (စနေနေ့) တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် ဤလွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ တတိယနေ့အစီအစဉ်ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုထပ်မံကြေညာပါမယ်။

**အချိန်၊ ၁၆ း ၁၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၆း၁၅ နာရီတွင် ရပ်နားပါသည်။]